www.burmeseclassi.com

THOE SAUNG

QuizLove Story

BURMESE CLASSIC .com

# သိုးဆောင်း

သစ္စာမဖောက်ရကြေးအချစ်

SHWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

www.burmeseclassi.com

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သားသား စိစဉ်သည်။


စာမူခွင့်ပြုချက်အမှတ်

၅၀၁၆၆၉၁၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၁၅၄၉၁၁၀၉

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)

ရွှေနံ့သာကျေးရွာ(ပုလဲ-၃)

မင်္ဂလာဒုံ၊ ရန်ကုန်

ပုံနှိပ်သူ

ဦးကျော်စိန်၊ ကျောက်စိမ်းပုံနှိပ်တိုက်

၁၇၁၊ ၃၃လမ်း၊ ကျောက်တံတား၊

ရန်ကုန်။

ပုံနှိပ်ခြင်း

၂၀၁၀ ခုနှစ် ၊မတ်လ၊ ၁၅ရက်

အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၃၀၀ ကျပ်

သိုးဆောင်း

သစ္စာမဖောက်ကြေးစာချုပ်/သိုးဆောင်း။ ရန်ကုန်၊

ချိုတေးသံစာပေ၊ ၂၀၀၉

၁၈၀-စာ၊ ၁၂.၅ ၊ ၁၉.၅ စင်တီ။

(၁) သစ္စာမဖောက်ကြေးစာချုပ်


www.burmeseclassic.com

www.burmeseclassi.com

BURMESE CLASSIC .com

# I

နှင်းရောင်ဖွေးဖွေးတို့က ရှိုင်းစိုင်းစွာ အလိုက်ကန်းဆိုးမသိ ဘဖြုတ်ဖြုတ်ကြွေကျနေသည်။ လေကလည်း မပြောမဆို ဖလမ်းဖလမ်း သနေပါ၏။ နေမင်းက အချိုးမပြေစွာအိပ်ရာမထသေး။

အနွေးထည်မပါ၊ ခေါင်းစွပ်မပါနှင့် လွယ်အိတ်ကိုချိုင်းကြားညှပ်ရင်း 'သော်သော်'တစ်ယောက် နှာရည်တို့လို့တွဲလောင်းဖြစ်နေသည်။

“ရွှီး . . .”

ပထမအကြိမ် ရှူသွင်းလိုက်သည်။ ခဏသာခံပါသည်။ မကြာမီ သေဘာကာလတစ်ခုမှာပင် အဝပြူလာပါ၏။

“ရွှီး . . .”



www.burmeseclassic.com

www.burmeseclassi.com

ဒုတိယအကြိမ် ကြိုးစားလိုက်ပြန်ပါသည်။ သို့သော်မရ။ ဒီတော့ အားနာပါးနာနှင့်ပဲ လက်ကိုနှာခေါင်းဝတေ့လိုက်ရင်း တင်ပါးကြောကို တစ်ချက်ရှုံ့ကာ . . .

"အင်းဟာ . . . ဗျစ်"

ပွင့်ထွက်သွားသည်။ ပြီးတော့ . . .

"ဖပ်"

နို့စိမ်းရောင်ဖျော့ဖျော့ ပျစ်တစ်တစ်အရည်နှစ်တွေက နံဘေးရှိ ပုလက်ဖောင်းပေါ် ပြေးကပ်သွားသည်။ အခုမှပဲ နေသာထိုင်သာရှိသွားပါ၏။

ဒီနေ့ ကျောင်းစတက်ရမည့်နေ့ဆိုပြီး မနက်အစောကြီးရေထချိုးမိတာ သူ့အမှားပင်။ အခုတော့ အိမ်ကထွက်ရုံရှိသေးသည် သော်သော် တစ်ယောက် နှာပြဿနာနှင့် ရင်ဆိုင်နေရပါ၏။ ရန်ကုန်ဆောင်းက မန္တလေးဆောင်းထက် နှာတစ်ဖျားသာတာလား၊ ဒါမှမဟုတ် ဒေသအပြောင်းအလဲကြောင့်ပဲလားမသိ၊ သော်သော်ရန်ကုန်ဆောင်းနှင့် သိပ်အထာမကျသေး။

မန္တလေးရှိမိဘနှစ်ပါးမှာ နယ်စပ်မြို့တစ်မြို့သို့ တာဝန်အရ ပြောင်းရွှေ့ရမှာဖြစ်သည့်အတွက် အခုလို သူ့အားရန်ကုန်သို့ပို့လိုက်ခြင်းဖြစ်သည်။ ရန်ကုန်၌ အဒေါ်အပျိုကြီးတစ်ယောက်၊ အစ်ကိုဝမ်းကွဲတစ်ယောက်နှင့်အတူနေပါ၏။ အဒေါ်အပျိုကြီးမှာ ဗိုလ်ချုပ်ဈေးတွင် အထည်ဆိုင်ဖွင့်ထား၍ အစ်ကိုဝမ်းကွဲကတော့ ဂစ်တာတစ်လက်နှင့် အမျိုးသမီးဆောင်များရှေ့တွင် လက်စွမ်းပြ၍သာ တစ်ညပြီးတစ်ညကုန်လွန်စေသည်။

သော်သော် ကားမှတ်တိုင်ရောက်တော့ အမိုးအောက်ဝင်၍ ကားစောင့်နေလိုက်သည်။ ဟိုတစ်နေ့ ကျောင်းလိုက်အပ်ပေးတုန်းကတော့ အစ်ကိုကပြောဖူးသည်။ 'ကျောင်းထဲကိုလို့အော်ရင် တက်သာစီးလိုက်၊ ဘာကားဖြစ်ဖြစ်'လို့ ပြောထားသည်။ ထို့ကြောင့် သော်သော် လက်လေး



ပိုက်ကာ 'ကျောင်းထဲကို'လို့အော်မည့်ကားကိုစောင့်နေလိုက်သည်။ ခဏသာ စောင့်ရပါသည်။ သူမျှော်နေသောကားမှာ ရောက်လာပါ၏။

"ကျောင်းထဲကို . . . ကျောင်းထဲကို . . . ကျောင်းထဲကိုသွားမှာ ဟိုညီလေးလိုက်မှာလား။ အင်းမလှုပ် အဲမလှုပ်နဲ့ မလိုက်ရင်လည်းနေ မောင်းဆရာ"

"အဲ"

သော်သော် ပါးစပ်ဟောင်းလောင်းပွင့်သွားသည်။ သူကလည်း ဟုတ်တော့ဟုတ်သည်။ အစဆိုတော့ ကြောင်အအဖြင့် ကားကိုသာဟုတ်မဟုတ်ကြည့်နေမိသည်ကိုး။ ထိုစဉ်မှာပင် . . .

"တစ်ယောက်ချိတ်မယ်ဆရာ . . . ဟိုးထား . . . လာ ညီမလေးလာ . . . ညီမလေးအတွက် အစ်ကိုကြီးစထွက်ကတည်းက နေရာချန်ထားတာ . . . လာလာ . . . ဘယ်သူမှ မထိုင်ခိုင်းထားဘူး လာ"

သော်သော်ပြုံးမိသည်။ 'ဩော် . . . စပယ်ယာဆိုတာကတော့ ဘယ်နေရာရောက်ရောက် အတူတူချည်းပါပဲလား'ဟုလည်း မှတ်ချက်ပေးမိသည်။

ဒီလိုနှင့်မှတ်တိုင်မှာ သော်သော်တစ်ယောက် ကျောက်ချရပြန်ပါသည်။ ဒါပေမယ့် ခုနလိုခြောက်ကပ်မနေတော့။ သူ့လိုကားစောင့်သူတွေနှင့် စည်ကားနေပြီဖြစ်သည်။ ဒီလိုနှင့်ပဲ သော်သော်နောက်တစ်ကားဖြင့် ကျောင်းကြီးဆီသို့ ချီတက်ခဲ့ပါ၏။

ကားပေါ်မှဆင်းသည်နှင့် တွေ့ရသည်ကား . . .

" . . . . တက္ကသိုလ် . . . "

ဟူသော စာလုံးပြူးပြူးကြီးတွေနှင့် ခရီးဦးကြိုပြုထားသည့် ပညာဘဏ်တိုက်ကြီး။

"ဟပ်ချိုး"

နှာခေါင်းထဲ အယားပြေသလိုလိုတော့ ရှိသွားသည်။ ဒါပေမယ့် စိတ်မချရ။ နောက်တစ်ခါဆိုလျှင် သိပ်အဆင်မပြေချင်။ အကြောင်းကား



www.burmeseclassic.com

www.burmeseclassi.com

ကျောင်းထဲ၌ ရောင်စုံလိပ်ပြာတွေ အတော်များများအသက်ဝင်ကုန်ကြပြီ ဖြစ်သည်။

သော်သော်လည်းသူများနည်းတူ ကျောင်းထဲသို့ လိုက်ဝင်ခဲ့သည်။ ဒါပေမယ့် သူ့မှာဘယ်သွားလို့ ဘယ်လာရမှန်းမသိ။ ကျောင်းထဲသို့လည်း ကျောင်းအပ်တုန်းက တစ်ခါသာရောက်ဖူးသည်။ အစ်ကိုကလည်း သူ့ကို ဘယ်မှလိုက်မပြ။ သူသိတာဆိုလို့ မေဂျာ၊ အတန်း အဲဒီနှစ်ခုသာသိသည်။ ဘယ်အဆောင်မှန်းလဲမသိ။ ဘယ်အခန်းမှန်းလဲမသိ။

ဒါပေမယ့် သိပ်တော့ခက်မည်မထင်ပါ။ 'ပါးစပ်ပါ ရွာရောက်'ဆိုသောစကားရှိသည်ပဲ။

ယခု သူလည်း ပါးစပ်ပါ အခန်းရောက်မှာပေါ့။ ဒီတော့ အခုလို လျှောက်သွားနေတာထက်စာရင် တစ်စုံတစ်ယောက်ကို မေးပြီးသွားတာ မကောင်းပေဘူးလား။

အတွေးနှင့်အတူ သော်သော်ခြေလှမ်းတို့ကို ရပ်ပစ်လိုက်သည်။ ထို့နောက် ဝဲယာသို့ ဝေ့ကြည့်ရင်း သဘောကောင်းပုံရသောသူကို ရှာလိုက်ပါသည်။ ဒီလိုနေရာမျိုးမှာ ယောကျ်ားလေးကို မေးတာထက်စာရင် မိန်းကလေးကိုမေးတာက ပိုကောင်းမှန်း သော်သော်သဘောပေါက်သည်။

ထို့အတွက်ကြောင့် သော်သော့်မျက်လုံးတို့က မိန်းကလေးအများစုဆီမှာသာ ယောင်လည်လည်ဖြစ်နေသည်။ ထိုသို့ကြည့်နေရင်းမှ တစ်နေရာအရောက်အတွက် သူ့မျက်လုံးတို့ ရပ်တန့်သွားပါသည်။

မြန်မာဆန်သောနပျိုမှုတွေနှင့် မျက်မှန်ပါးလေးအောက်က ကောင်မလေးတစ်ယောက်။ သော်သော် ယုံကြည်လိုက်သည်။ ဒီလို မိန်းကလေးမျိုးက သူတစ်ပါးကိုကူညီတတ်မည့်ရုပ်ရည်ရှိသည်။ နောက်တစ်ခုက ခေတ်ဆန်သောမျက်မှန်ကိုင်းကလေးတို့ ထိန်းကွပ်ထားသည့် မှန်ဝိုင်းလေးနှစ်ချပ်။

သော်သော် စာအုပ်တစ်အုပ်ထဲတွင် ဖတ်ဖူးသည်။ မျက်မှန်တပ်သောသူနှင့် မျက်မှန်မတပ်သောသူယှဉ်လျှင် မျက်မှန်တပ်သောသူက



အမှန်တရားတွေကို ပိုမြင်နိုင်ပါသည်တဲ့။ အကြောင်းကား မျက်လုံးတစ်စုံ အပိုပါသောကြောင့်ဖြစ်သည်တဲ့။

ဒီတော့ သော်သော် တွေဝေမနေတော့ပါ။ ချက်ချင်းပဲ ထိုကောင်မလေးနား တိုးကပ်သွားလိုက်သည်။ အနားရောက်တော့ နှစ်ယောက်ကြားယုံလောက်သာဖြင့် . . .

"အစ်မ . . . သချာၤဆောင်က ဘယ်နားမှာလဲ မသိဘူး"

သူ၏အမေးကြောင့် ကောင်မလေး ခြေလှမ်းကိုရပ်လိုက်ရင်း သူ့ကိုမော့ကြည့်သည်။

"အလို . . . ဘုရား . . . ဘုရား"

သော်သော် တံတွေးတို့ပင် အဝဆို့သွားရပါ၏။ ရက်ရက်စက်စက်လှသည်။ ကောင်မလေးက မပွင့်တပွင့်ပြုံးလိုက်ရင်း . . .

"သချာၤဆောင်က ရှုံ့ကြယ်ရှိတဲ့အရပ်မှာ ရှိပါတယ်"

ထိုသို့ တစ်ခွန်းသာပြောရင်း သူ့ရှေ့မှ ထွက်ခွာသွားပါတော့သည်။

သော်သော် ကောင်းကင်သို့မော့ကြည့်လိုက်သည်၊ နေကမထွက်သေး။ ခုနစ်စင်ကြယ်လည်း ဘယ်ချောင်ကပ်နေသည်မသိ။ မြောက်အရပ်ကို မည်သို့ရှာရမည်နည်း။

မြောက်အရပ်က ဘယ်ဘက်လဲထပ်မေးရမည်လား။ အဲလိုသာ သွားမေးလို့ကော့ သူ့ကိုအရူးဟုထင်ကြရုံသာရှိသည်။

"ဟာ . . . ကွန်ပက် . . . "

သော်သော်အတွေးတို့ လင်းသွားသည်။ ချက်ချင်းပင် လက်မှ နာရီကိုပင့်မြှောက်လိုက်ပါ၏။ နာရီ၏ဒုတိယဒိုင်ခွက်က လည်သွားသည်။ ထို့နောက် . . .

သော်သော်ခြေလှမ်းတို့ကို အဆောင်တစ်ဆောင်ဆီသို့ ဦးတည်လိုက်သည်။ ထိုအဆောင်က ခုနကောင်မလေးပြောသွားသည့် ရှုံ့ကြယ်အရပ်မှအဆောင် . . .



www.burmeseclassic.com

www.burmeseclassi.com

အဆောင်ရှေ့သို့တော့ ရောက်ပေပြီ။ ဘယ်အခန်းကို သွားရမည်နည်း။ အဆောင်က သုံးထပ်ဆောင်။

ဒီတစ်ခါလည်း ပထမနည်းအတိုင်းပင် အဆောင်ထဲမှထွက်လာသည့် ကျောင်းသူတစ်ယောက်ကို ကပ်မေးလိုက်သည်။

"ဟို . . . ဒုတိယနှစ်သချ်ာအခန်းက ဘယ်အခန်းလဲမသိဘူး"

ကောင်မလေးက သူ့အားခြေဆုံးခေါင်းဆုံး ကြည့်ပါ၏။ သော်သော် သဘောပေါက်လိုက်သည်။ ထို့ကြောင့် ပြာပြာသလဲပင် . . .

"ကျွန် . . . ကျွန်တော် တကယ်မသိလို့ပါခင်ဗျာ။ ကျွန်တော် ဒီနေ့မှ ကျောင်းစတက်ရမှာပါ။ တခြားရည်ရွယ်ချက်မပါပါဘူး။ တကယ်ပါ"

သူ၏အပြောကြောင့် ကောင်မလေးက ရယ်သည်။ သော်သော်လည်း ကြောင်သွားသည်။ ကောင်မလေးကတော့ ရယ်သံတစ်ဝက်နှင့်ပင် . . .

"ရှင့်ကိုလည်း ကျွန်မဘာမှ မပြောမိပါလား . . . ခစ် . . . ဟုတ်ပါပြီ၊ ထားပါတော့။ ရှင်ရှာနေတဲ့အခန်းကို ကျွန်မပြောလိုက်ပါ့မယ်။ ရှင်ရှာနေတဲ့အခန်းက သရဲခြောက်တဲ့အခန်းရှင့်။ ကျွန်မသွားစရာရှိလို့ ခွင့်ပြုပါဦး"

"ဟင်"

ထိုသို့ပြောပြီး ကောင်မလေးမှာထွက်သွားပါ၏။ သော်သော်ဘာလုပ်ရမှန်းမသိ။ အချိုးကျနစွာ လျှောက်လှမ်းသွားသည့် ကောင်မလေး၏ပွင့်လင်းသော အလှတစ်ခုကိုသာ . . .

သူရိုးသားမိပါတော့သည်။

ᄌ ᄌ ᄌ



# I (a)

ဒီကျောင်းက ဘယ်လိုနည်း၊ မိတ်ဆက်ပုံလေးက နည်းနည်းတော့လှသည်။ ပညာစမ်းတာလား၊ ပဟေဠိဝှက်တာလား သူမသိ။ ဒါပေမယ့် သူပျော်နေသည်။

"သချ်ာဆောင် ဘယ်နားမှာလဲ ?"

"ဟိုနားက ဒီဘက်ကအဆောင်၊ ဘယ်လို . . . ဘယ်လိုသွား ဘယ်နားရောက်ရင်ကွေ့"

ဒုတိယနှစ် သချ်ာခန်းကရော ?

"ထပ် . . . အခန်းနံပါတ် ဘယ်လောက် . . . ဘယ်လောက်"

ဆိုတာထက် ယခုလိုနည်းလေးက ပိုစိတ်ဝင်စားဖို့ကောင်းသည် မဟုတ်ပါလား။

ယခုလည်း သရဲခြောက်သည့်အခန်းကို အခြားသူအကူအညီမပါဘဲ သူရှာတွေ့ခဲ့ပါပြီ။

ပြီးနောက် အခန်း၏နောက်ပေါက်မှ အထဲသို့ဝင်၍ နောက်ဆုံးတန်းမှာပဲ ထိုင်နေလိုက်သည်။

ᄌ ᄌ ᄌ



www.burmeseclassic.com

www.burmeseclassi.com

## II

"ဒီနေ့မှ ကျောင်းစတက်မှာတဲ့ဟဲ့ . . . ချောလိုက်တာဟယ်။ ငါတောင်ငေးသွားတယ်"

"ဘယ်သူလဲမြင့်မိုရ်"

"မသိဘူး . . . အဆောင်ဝမှာ ငါ့ကိုလာမေးတာ။ ဒုတိယနှစ်သချင်္ချာအခန်းက ဘယ်နားမှာလဲတဲ့။ ငါလည်း နောက်ချင်ချင်ရှိတာနဲ့ သရဲခြောက်တဲ့အခန်းလို့ ပြောပစ်ခဲ့တယ်"

မြင့်မိုရ်စကားကြောင့် ယမင်းစဉ်းစားသွားသည်။ ဒါပေမယ့် ချက်ချင်းပင် . . .

"ဟယ် . . . နင့်ဟာကလည်း သူ့ရှာလို့တွေ့မှတွေ့ပါမလား မသိဘူး"



"သူ့ပုံစံကြည့်ရကာတော့ တွေ့နိုင်ပါတယ်ဟ . . . နင်ကလည်း၊ ချောလိုက်တာ၊ မျက်စိထဲကကိုမထွက်ဘူး။ ယောလုံချည်လေးနဲ့ အင်္ကျီအဖြူလက်ရှည်လေးကို တံတောင်ဆစ်လောက်ခေါက်တင်ပြီးတော့ လွယ်အိတ် . . . "

"ကချင်လွယ်အိတ် အပြာလေးနဲ့မဟုတ်လား"

"ဟင် . . . နင်ဘယ်တုန်းက တွေ့လိုက်တာလဲ"

မြင့်မိုရ်၏ ကအံ့တသြအမေးကြောင့် ယမင်းပြုံးလိုက်ပါသည်။

"နင်ပုံစံပြောမှ ငါမှတ်မိတာ။ မနက်က ငါနဲ့လည်းတွေ့လိုက်တယ်။ ငါ့ကိုတောင် သင်္ချာဆောင်ဘယ်နားမှာလဲမေးလို့ ငါနည်းနည်းစားလိုက်သေးတယ်"

"ဟင် . . . ဘယ်လိုစားလိုက်တာလဲ"

"မှဝ်ကြယ်အရပ်မှာရှိတဲ့အဆောင်လို့ ပြောလိုက်တယ်။ မဆိုးပါဘူး၊ ရှာလို့တွေ့သွားပဲ"

"ချောတယ်မဟုတ်လား"

"သေချာတောင် မကြည့်လိုက်မိပါဘူးဟယ်။ 'သားသား' နဲ့ ချိန်းထားလို့ ငါတက်သုတ်ရိုက်နေတုန်း တွေ့လိုက်တာ။ ဒါပေမယ့် လွယ်အိတ်အပြာလေးကိုတော့ ငါမှတ်မိလိုက်တယ်။ သိတယ်မဟုတ်လား . . ငါက နှစ်လုံးပိုပါတယ်လေ"

မျက်မှန်လေးကိုပင့်ရင်း ပြောလိုက်သောကြောင့် မြင့်မိုရ်က ရယ်သည်။ သူမလည်း လိုက်ရယ်မိပါ၏။

"သားသားနဲ့တွေ့ခဲ့လား"

"မတွေ့ဘူး . . . ကျောင်းမရောက်သေးဘူးနဲ့တူတယ်"

"ဟွန်း . . . နင့်သားသားကလည်း ချိန်းတုန်းကချိန်းပြီး . . . မလေးစားဘူး"

"ကိစ္စရှိလို့ နောက်ကျတာနေမှာပါဟယ်"

ယမင်းစကားကြောင့် မြင့်မိုရ်က နှာခေါင်းကိုရှုံ့သည်။



www.burmeseclassic.com

www.burmeseclassi.com

“ဘာကိစ္စလဲ . . . အလုပြင်နေရတဲ့ ကိစ္စလား၊ မပြောလိုက်ချင်ဘူး။ ကျောင်းလာတာနဲ့ ရှုတင်လာတာနဲ့ မှားနေတာ”

“သြော် . . . သူက ‘ကင်း’ကိုးဟဲ့”

မြင့်မိုရ် မျက်နှာကိုမဲ့သည်။

“ဘာ ‘ကင်း’လဲ။ ငါ့အမြင်တော့ မနက်ကတွေ့လိုက်တဲ့ ကျောင်းသားအသစ်လေးကမှ နင့်သားသားထက်ချောသေးတယ်”

မြင့်မိုရ်၏စကားကို ယမင်းက ချက်ချင်းတုံ့ပြန်သည်။

“သားသားလောက်တော့ ချောမယ်မထင်ပါဘူးဟယ်”

“ချောတယ် . . . နင့်သားသားထက်သာတယ်။ မယုံရင် နောက်တစ်ခါတွေ့ရင် သေချာကြည့်”

ယမင်းအသံတိတ်သွားသည်။ သို့သော် . . .

“ဒါပေမယ့် အရာရာတော့ သာမယ်မထင်ပါဘူး”

ယမင်း၏စကားကြောင့် မြင့်မိုရ်ကယမင်းကိုသေချာကြည့်သည်။

“အေးပေါ့ဟယ် . . . နင့်ရည်းစားသားသားလောက်တော့ ချမ်းသာချင်မှ ချမ်းသာမှာပေါ့”

“ငါပြောတာ အဲဒါမဟုတ်ဘူး။ သားသားကို မယှဉ်နိုင်ဘူးဆိုတာက . . . ”

“ဘာလဲ”

“ဦးနှောက်”



# III

အခန်းထဲသို့ဝင်လာသော လူရိပ်သုံးခုကြောင့် သော်သော် အမှတ်မထင် မော့ကြည့်လိုက်သည်။

“ဟင်”

သော်သော့် အသက်ရှူမှုသည် ခပ်ရေးရေးလေး လှုပ်သွားပါ၏။

ကျောင်းသားတစ်ယောက်နှင့် ကျောင်းသူနှစ်ယောက်၊ ကျောင်းသားကတော့ တော်တော်ဆိုက်ပြည့်သည်။ ခေတ်မီအဆောင်အယောင်တို့ဖြင့် နဖူးမှခြေဖျားထိ ဆင်ယင်ထားသည်။ ပြီး ထိုကျောင်းသားကို အခန်းထဲရှိ မိန်းကလေးတော်တော်များများက အရေးပေးကြပုံရပါ၏။

“အဲဒါ ကင်းလေကွာ”



www.burmeseclassic.com

www.burmeseclassi.com

သူ့ဘေးမှကျောင်းသားတစ်ယောက်က မေးငေါ့ရင်းဆိုသည်။ ထို 'ကင်း'ဆိုသောကျောင်းသားနောက်မှ ကျောင်းသူနှစ်ဦးကတော့ ရုပ်ကြယ်နှင့် သရဲခြောက်ဟု သူ့ကိုအုံးစားပေးခဲ့သည့်မိန်းကလေးနှစ်ယောက်။

"ရှေ့က မျက်မှန်လေးနဲ့ကျောင်းသူက 'ကင်း' ရဲ့ရည်းစားပေါ့။ နာမည်က ယမင်းဆုတဲ့၊ နောက်ကတစ်ယောက်က သီဂီမြင့်မိုရ်တဲ့။ သူတို့နှစ်ယောက်က သူငယ်ချင်း"

ခုနကျောင်းသားကပင် သူ့ကိုပြောပြသည်။

ယမင်းဆု၊ နာမည်လေးက သူ့အသိထဲသို့လှုပ်ခတ်ကာကျသွားသည်။ သို့သော် ဘာကိုမှန်းမသိသောတစ်ခုခုကို သူနှမြောသွားမိ သည်။

"တအောင့်နေ ဆရာဝင်တော့မှာ။ အဲဒီဆရာက စည်းစနစ်ကြီးတယ်။ နားလည်ရလည်းခက်တယ်။ သူဝင်လာရင် စကားမပြောမိစေနဲ့။ စကားပြောတာမိသွားလို့ကတော့ တိုင်ပတ်ပြီသာမှတ် . . . "

ထိုကျောင်းသားစကားကို အလုံးစုံ သူနားမလည်။ ဒါပေမယ့် သူသိထားသင့်သည်ဆိုတာတော့ သဘောပေါက်ထားပါ၏။

မကြာပါ ဆရာဝင်လာပါသည်။

ဥပမိရုပ်ကောင်းကောင်း၊ ဗိုက်ရွှဲရွှဲနှင့် ကြည်ညိုဖွယ်ရှိပါ၏။ နောက်ပြီး ဆရာ၏မျက်လုံးနှင့်မေးရိုးတို့က သမာသမတ်ကျသည့် စိတ်ထားရှိကြောင်း ဖော်ပြနေသည်။

အားလုံးမတ်တပ်ရပ်နှုတ်ဆက်ပြီးသည်နှင့် ဆရာက သူသင်ရမည့်အကြောင်းအရာတွေကို ဆက်တိုက်သင်သွားသည်။ အသင်ပြတော်တော်ကောင်းပါ၏။ တစ်ခန်းလုံးကလည်း အသံတိတ်၍ ဆရာ၏အာဘော်တွင် မျောပါနေကြသည်။

ထိုအချိန်မှာပင် . . .

"ခစ် ခစ် . . . ခစ် ခစ်"

တော်တော်ကြီးကိုတိုးသည်။



သော်သော်တို့တစ်ခုံကျော်ရှိ စုံတွဲတစ်တွဲဆီမှထွက်လာသော အသံဖြစ်သည်။ ဆရာစာသင်နေရာမှ ခဏရပ်သွားပါ၏။ အကုန်းလုံး ခေါင်းတွေငုံ့သွားကြသည်။ ထိုစုံတွဲမှာ အသံမထွက်တော့ . . .

သော်သော် ခေါင်းငုံ့ထားရာမှ ကြက်သီးတွေထသွားသည်။ ဆရာသူ့ကိုကြည့်နေပြီထင်သည်။ ဘာရယ်မဟုတ်၊ ဘေးမှကျောင်းသားကိုကြည့်မိတော့လည်း သူနှင့်သိပ်မကွာ။ မတုန်ရုံတမယ်သာကျန်တော့၏။ ဒါပေမယ့် သိပ်မကြာလိုက်ပါ။ ဆရာစာဆက်သင်သည်။ ထိုအခါမှ တစ်ခန်းလုံး သက်ပြင်းကိုယ်စီချမိကြသည်။

ဆရာက ပါးစပ်ကပြောလိုက်၊ ဘောမှာရေးပြလိုက်ဖြင့် ဈာန်ဝင်နေပါ၏။ သော်သော်သည်လည်း ထိုအတိုင်းသာ။ သော်သော်ပင်မဟုတ်။ အားလုံး . . . အားလုံး . . . ထိုစဉ်၌ . . .

"ဟီး . . . ဟီး . . . ဟီး . . . ဟား"

အသံအနည်းငယ်ကျယ်သွားသည်။ ခုနစုံတွဲပင် ယောကျာ်း၏အသံ။ ဒီတစ်ခါတော့ ဆရာသေချာမိသွားပါပြီ။

"ဟိုး . . . နောက်ဆုံးတန်းရဲ့တစ်ခုံကျော်က ကျောင်းသားမတ်တပ်ရပ်ပါဦး"

"သေပြီ"

သော်သော့်ဘေးမှကျောင်းသားက သူ့ကိုယ်သူပြောတာလား (သို့) သော်သော့်ကိုပဲ ပြောတာလားမသိ။ နှစ်ကိုယ်ကြားရုံလောက်အသံဖြင့်ပြောသည်။ ထိုကျောင်းသားမှာ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် မတ်တပ်ထရပ်ပါ၏။ ဆရာကတော့ စစ်တုရင်သမားများပြုံးလေ့ရှိသော အပြုံးမျိုးဖြင့်ပြုံးရင်း . . .

"ကဲ . . . ငါ့တပည့်က ဆရာစာသင်တဲ့အချိန်မှာ ရယ်တယ်ဆိုတော့ ဆရာသင်တဲ့စာတွေက ရယ်စရာကောင်းနေလို့နဲ့တူတယ် . . . ဟုတ်လား . . . ဒါမှမဟုတ် ငါ့တပည့်သိပြီးသားစာတွေ ဖြစ်နေတယ်နဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassi.com

ထိုကျောင်းသားမှာ အသံမထွက်တော့၊ သူ့ဘေးမှမဒီကတော့ မျက်နှာအတော်ကိုပျက်နေသည်။

"ဒီတော့ ဆရာလည်း သင်ပြီးသားဖြစ်အောင် ဒီကမင်းသူငယ်ချင်းတွေလည်း ဗဟုသုတရအောင် ဆရာ့ကို သင်္ချာတစ်ပုဒ်လောက် သီအိုရီ ထုတ်ပေးစမ်းပါကွာ"

ထိုကျောင်းသားမှာ ဒူးပင်ညွှတ်ကျသွားမတတ် ဣန္ဒြေပျက်သွားသည်။ အားလုံး၏အကြည့်တွေကလည်း ထိုကျောင်းသားထံ ရောက်ကုန်ကြပါ၏။ ဘေးမှမဒီကတော့ အခန်းထဲမှ အခုချက်ချင်း ထပြေးချင်စိတ်ကို အသည်းအသန်ထိန်းထားရသည်ထင်၏။ မျက်လုံးတို့က အပေါက်ဝဘက်သို့သာ ချောင်းနေသည်။

"ကဲ . . . ဆရာပုစ္ဆာပေးမယ် နားထောင် . . .

ငါတို့ကျောင်းကြီးရဲ့ ကျောင်းသားကျောင်းသူဦးရေဟာ ပထမ (၃)နှစ်မှာ ၂၀% တိုးတယ်ဆိုပါစို့ကွာ။ အဲဒီအတိုင်း တစ်နှစ်ကိုနှစ်ဆစီ တိုးသွားမယ်။ ဒါပေမယ့် နှစ်တိုင်းမှာလည်း လက်ရှိထက် (၃)ယောက်စီ ပိုပိုနေတယ်တဲ့။ အဲ . . . နောင် (၁၀)နှစ်ကြာရင် ငါတို့ကျောင်းကြီးရဲ့ ကျောင်းသားဦးရေရာခိုင်နှုန်း ဘယ်လောက်တက်လာမလဲ။

အဲဒါမေးခွန်း . . . ဒါပေမယ့် ဆရာသိချင်တာက အဲဒီပုစ္ဆာရဲ့အဖြေမဟုတ်ဘူး။ အဲဒီပုစ္ဆာကိုတွက်လို့ရမယ့် သီအိုရီ။ ကဲ . . . ငါ့တပည့်ပြောပြလိုက်ပါ။ မင်းသူငယ်ချင်းတွေက မင်းအဖြေကို စောင့်နေတယ်"

ရပ်နေသော ကျောင်းသားမှာ ချွေးသီးတွေ ကျဲကောသီးလောက်ကျလာပါသည်။ နှုတ်ခမ်းတွေလည်း တဆတ်ဆတ်တုန်နေပါ၏။ ထိုအချိန်မှာပင် ဘေးမှကောင်းမလေးမှာ လုစ်ခနဲနေအောင်ပင် အခန်းပြင်ပြေးထွက်သွားတော့သည်။ မည်သူမှတားချိန်မရလိုက်။ ရပ်နေသောကျောင်းသားကတော့ ထွက်ပြေးသူကို ဂရုမစိုက်အား။ ခေါင်းကြီးငုံ့လျက်ပင် ငူငူကြီးရပ်နေပါသည်။



"ခင်ဗျား . . . ဖြေတတ်လား"

ဘေးမှကျောင်းသားက သူ့အားမေးသည်၊ သော်သော်ပြန်မဆိုမိ။

"ခင်ဗျားလည်းရမှာ မဟုတ်ပါဘူး။ ကြည့်နေ သားသားဖြေပြလိမ့်မယ်။ ဒါမျိုးဆို သူဖြေနေကျ"

သော်သော် ထိုကျောင်းသားပြောသည့် 'သားသား'ဆိုသော လူကိုမသိသော်လည်း စိတ်ဝင်စားသွားမိသည်။

"ကဲ . . . ငါ့တပည့် မဖြေနိုင်ဘူးလား"

ဆရာ၏အမေးသာရှိသည်။ ပြန်ဖြေသံမကြား။

"ဒီလိုဆို ဒီအခန်းထဲကတစ်ယောက်ယောက်ကများ ဆရာ့မေးခွန်းကိုဖြေနိုင်ခဲ့ရင် မင်းဆရာ့အချိန်တစ်ချိန်လုံး မတ်တပ်ရပ်နေရမှာနော်"

ထိုကျောင်းသား ခေါင်းညိတ်လိုက်သည်လားမသိ။ ဆရာ့မျက်နှာ ပြုံးသွားသည်။

"ကဲ . . . ဒါဆို ဒီအခန်းထဲက ဆရာ့မေးခွန်းကို သီအိုရီဘယ်သူထုတ်နိုင်လဲ။ ထုတ်နိုင်တဲ့လူရှိရင် မတ်တပ်ရပ်"

အားလုံး၏အကြည့်တွေ တစ်နေရာသို့စုပုံသွားသည်။ ထိုနေရာက 'ကင်း'ဟုဆိုသော . . .

"ကျွန်တော် ထုတ်နိုင်ပါတယ် ဆရာ"

"ကဲ . . . ဟုတ်ပြီ မောင်သားသား . . . ရှေ့လာခဲ့ . . . အားလုံးမြင်သာအောင် မင်းသီအိုရီကို ဘောမှာရေးပြလိုက်"

သားသားဆိုတာသူကိုးဟု သော်သော်စိတ်ထဲမှ ဆိုမိသည်။ သားသားကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ဖြင့် ရှေ့ထွက်သွားလိုက်သည်။ ပြီး ခြင်းထဲမှမြေဖြူကိုနှိုက်ခါ သီအိုရီတစ်ခုကို ဘောတွင်ရေးပြလိုက်သည်။ အားလုံး၏အထင်ကြီးသောအကြည့်တွေက သားသားဆီမှာ . . .



www.burmeseclassic.com

www.burmeseclassi.com

$$S_n = \frac{n}{2}\{2a + (n-1)d\}$$

အားလုံး၏အကြည့်တွေက ထိုသီအိုရီပေါ်မှာသာ ရှိနေကြသည်။ ဆရာကြီးက ဘောကိုကြည့်၍ . . .

"ဒါ . . . ဘာသီအိုရီလဲကွဲ့."

"AP . . . သီအိုရီပါဆရာ"

ဆရာမျက်မှောင်ကြုတ်သွားသည်။ ပြီး သားသားကို သေချာပြန်ကြည့်၍ . . .

"မောင်သားသား . . . မင်းသီအိုရီက နည်းနည်းလွဲနေတယ်။ မေးခွန်းနားမလည်လိုက်တာလား"

တစ်ခန်းလုံး အံ့သြသွားသည်။ သားသားအဖြေမမှန်ဘူးဆို၍ ဖြစ်နိုင်ပါ၏။ ထိုအချိန်မှာပင် . . .

"ကျွန်တော်ရပါတယ်ဆရာ"

"ဟင်"

"ဟာ"

အားလုံး၏မျက်လုံးတွေက အသံလာရာဆီသို့ . . .

"ဟောတော့"

မြင့်မိုရ်၏အသံဖြစ်သည်။

"ဟယ် . . . ဟိုလူ . . . "

ယမင်း၏ တအံ့တသြအသံ။

သော်သော် ရှေ့ထွက်သွားလိုက်သည်။ သူ့ဘေးမှ ကျောင်းသားကတော့ မမြင်ဖူးသလို မျက်လုံးအပြူးသားဖြင့် သူ့ကိုကြည့်နေပါ၏။

သော်သော် အတန်းရှေ့၌ရပ်ကာ . . .

"ဆရာမေးတဲ့မေးခွန်းက သီအိုရီသီးသန့်ထုတ်လို့ မရနိုင်ပါဘူး ဆရာ။ ဆရာပေးတဲ့မေးခွန်းပေါ်မှာပဲ အဆင့်ဆင့်သီအိုရီထုတ်ပြီးတွက်မှ



ရမယ်"

ဆရာ့မျက်လုံးနှင့် သူ့မျက်လုံးတို့သွားဆုံသည်။ ဆရာ့မျက်လုံး အဓိပ္ပာယ်ကို သူမဖော်တတ်။

"ကဲ . . . အဲဒါဆို လုပ်စမ်းပါဦး . . . ကြည့်ရအောင်"

ဆရာ့စကားဆုံးသည်နှင့် သော်သော် မြေဖြူကိုယူလိုက်ခါ ပါးစပ်မှလည်းပြော၊ လက်ကလည်း ဘောတွင်တခေါက်ခေါက်နှင့် တွက်ပြလိုက်သည်။

"အရင်ဆုံး မူလ ကျောင်းမှာရှိတဲ့ကျောင်းသားဦးရေကို ($\chi$)ထားလိုက်မယ်။ ပထမသုံးနှစ်မှာ ၂၀% တိုးတယ်ဆိုတော့ ပထမသုံးနှစ်ကို ၂၀၀၀ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်လို့ ဥပမာထားပြီး အချိုးယူလိုက်ရင် . .

$$\frac{120}{100} \times \chi = \frac{6\chi}{5}$$

အဲဒါကတစ်ပိုင်း။

အဲဒီအတိုင်း တစ်နှစ်ကိုနှစ်ဆစီ တိုးသွားမယ်။ ဒါပေမယ့် နှစ်တိုင်းမှာလည်း လက်ရှိထက် သုံးယောက်စီ ပိုပိုနေတယ်ဆိုတာကို ညီမျှခြင်းချရင် . . .

$$2 \times \frac{6\chi}{5} - \frac{6\chi}{5} = 3$$

$$\frac{12\chi}{5} - \frac{6\chi}{5} = 3$$

$$\frac{6\chi}{5} = 3$$

$$\chi = \frac{15}{6}$$



www.burmeseclassic.com

www.burmeseclassi.com

အဲဒါကိုအချိုးခေါ်ရင် . . .

$$\chi = \frac{15}{6}$$

$$\frac{6\chi}{5} = ?$$

$$= 6 \times \frac{15}{6} \times \frac{1}{5}$$

$$\chi = 3$$

χ တန်ဖိုး (၃)ရတယ် . . .

ဆိုလိုတာက ၂၀၀၀ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်မှာ (၃)ယောက်၊ ပြီးတော့ ၂၀၀၄ ခုနှစ်ကနေစပြီး နှစ်ဆစီတိုးသွားမယ်ဆိုတဲ့ မေးခွန်းအတိုင်း လိုက်တွက်လိုက်ရင် အဖြေပါထွက်ပြီ။

သော်သော် စကားကို ခဏရပ်လိုက်သည်။ သူ့လက်မှ မြေဖြူနှင့် ကျောက်သင်ပုန်းထိခတ်မှုသည်လည်း ရပ်သွားပါ၏။

တစ်ခန်းလုံးမှာ အပ်ကျသံပင်မကြားရတော့လောက်အောင် တိတ်ဆိတ်လျက်။

"ဒီတော့ ခုနစကားအတိုင်းပြန်ပြောရရင် ဆရာ့မေးခွန်းက သီအိုရီသီးသန့်ထုတ်ပြီး တွက်လို့မရဘူး"

အကြည့်တွေအကုန်လုံး ခုနသားသား၏သီအိုရီကိုကြည့်သလို ဘောမှမခွာ။ နောက် ဆရာကြီးကိုကြည့်သည်။ ပြီး သော်သော့်ကိုကြည့်သည်။ နောက်ဘောကိုပြန်ကြည့်ကြသည်။

သားသား ဘောမှ သော်သော်တွက်ထားသည်များကိုကြည့်၍ မျက်နှာပျက်သွားသည်။ ဆရာကြီးကတော့ ပြုံးသွားပါ၏။

"ဒါကို ဘာနည်းလို့ခေါ်ရင် ရနိုင်မလဲကွ"

"Function နည်းလို့ပြောလို့ရပါတယ် . . . ဘာဖြစ်လို့လဲဆို



တော့ အီကွေးရှင်းတစ်ခုဖြစ်ရင် Function လို့ သတ်မှတ်လို့ရလို့ပါ"

မကြာပါ တစ်ခန်းလုံး တိတ်ဆိတ်သွားပါသည်။ အားလုံးက ဆရာကြီး၏အဖြေကို ငံ့လင့်လျက် . . .

ထိုအချိန်မှာပင် ဆရာကြီး၏ လက်ဝါးနှစ်ဖက်မြောက်တက်သွားပြီးနောက်၊ တစ်ချက်ချင်းထွက်ပေါ်လာသော . . .

"ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

ဆရာကြီး၏လက်ခုပ်သံ မရှေးမနှောင်းမှာပင် တစ်ခန်းလုံးမှ လက်ခုပ်သံများ သောသောညံကုန်ကြပါသည်။

မြင့်မိုရ် လက်ခုပ်တီးနေရာမှရပ်၍ ယမင်းကိုကြည့်သည်။ ယမင်းကတော့မတီး၊ ထိုအချိန်မှာပင် ပျက်ယွင်းနေသောမျက်နှာနှင့် သားသားရောက်လာပြီး ယမင်းဘေးမှာဝင်ထိုင်သည်။

ထိုစဉ်မှာပင် ဆရာကြီး၏စကားသံကို ကြားရသည်။

"ကဲ . . . ငါ့တပည့် ဒီကမင်းသူငယ်ချင်းတွေကို မင်းကိုယ်မင်း မိတ်ဆက်ပေးလိုက်ပါဦး"

ဆရာကြီး၏စကားသံကြောင့် လက်ခုပ်သံတွေတိတ်သွားသည်။ သော်သော် အဖော်ရွေဆုံးအပြုံးကို အချိုသာဆုံးပြုံးပြလိုက်ရင်း အတန်းဘက်ကိုမျက်နှာမူ၍ . . .

"ကျွန်တော့်နာမည် သော်သော်လို့ခေါ်ပါတယ် ခင်ဗျာ။ ကျွန်တော်ကျောင်းတက်ရက်က ဒီနေ့ပထမဆုံးပါ။ ကျွန်တော့်မေဂျာနဲ့အတန်းကတော့ အားလုံးသိကြတဲ့အတိုင်းပဲ Second Year သင်္ချာဖြစ်ပါတယ်"

"ဟေ"

"ဟာ"

တစ်ခန်းလုံး အာမေဋိတ်သံတွေ ထွက်သွားသည်။ မြင့်မိုရ်နှင့် ယမင်းကတော့ အလိုလိုခေါင်းငုံ့သွားကြပါ၏။

"မောင်သော်သော် . . . တစ်ခုခုလွဲနေသလားလို့။ မင်းရဲ့မေဂျာကို ပြန်ပြောပြစမ်း"



www.burmeseclassic.com

www.burmeseclassi.com

"သချာ်ပါဆရာ"

ဆရာကြီးက သူ့ကိုတည့်တည့်ကြည့်၍ ခေါင်းရမ်းသည်။

"မင်းကတော့ ခံလိုက်ရပြီနဲ့တူတယ်။ ဒါ သချာ်မေဂျာအခန်း မဟုတ်ဘူးကွဲ့။ ဒုတိယနှစ် ရူပဗေဒအခန်း"

"ဗျာ"

ခိုင်းခနဲပင် သူ့မျက်လုံးကို ရှေ့ဆုံးတန်းမှကျောင်းသူနှစ်ယောက် ဆီရောက်သွားသည်။

"မင်းကို ဘယ်သူလမ်းညွှန်လိုက်တာလဲ . . . ပြောစမ်း . . ."

သော်သော့်မျက်လုံးတို့ ရှေ့ဆုံးတန်းသို့ ထပ်မံရောက်သွားပြန် ပါသည်။ ဘယ်ဘက်အစွန်မှ ကျောင်းသူ၏ဦးခေါင်းမှာ ထပ်မံငုံ့သွား သည်။ သော်သော် ယောကျ်ားဆန်လိုက်ရပါ၏။

"ဟို . . . ဟို . . . ကျောင်းသူတစ်ယောက်ပါဆရာ။ ကျွန် တော် သေချာမမှတ်မိတော့ဘူး"

"ဘယ်လို လမ်းညွှန်လိုက်တာလဲ"

"ကျွန်တော်ရှာနေတဲ့အခန်းက သရဲခြောက်တဲ့အခန်းလို့ ပြော ပါတယ်။ အဲဒါကြောင့် ကျွန်တော်ဒီအခန်းကို ပြောတယ်ထင်ပြီး ဝင်ထိုင် နေတာပါ"

"ဟဲ့ . . . ပလုပ်တုတ်"

"အမယ်လေး"

အခန်းထဲမှ ကျောင်းသူတွေ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။ ဆရာကြီးက ကျောင်းသူတွေဘက်ကို လက်ကာပြရင်း မျက်မှောင်ကြုတ် သွားသည်။

"မောင်သော်သော်က ဘာကြောင့်ဒီအခန်းကို သရဲခြောက်တဲ့ အခန်းလို့ယူဆလိုက်တာလဲ"

"အခန်းနံပါတ် (၁၃)မို့လို့ပါ"

အခန်းထဲမှ သက်ပြင်းချသံတွေကို ကြားလိုက်ရသည်။ သော်



သော်၏အဖြေကြောင့် ဆရာကြီးက မပီမသပြုံးရင်း ခေါင်းကိုညိတ်သည်။

"အခန်းနံပါတ် (၁၃)ဆိုတာတော့ ဟုတ်တယ်ကွဲ့။ ဒါပေမယ့် ဒီအခန်းက သရဲခြောက်တဲ့အခန်းမဟုတ်ဘူး။ သရဲခြောက်တဲ့အခန်းက တတိယထပ် ညာဘက်ခြမ်းမှာရှိတယ်။ အဲဒီကိုသွားလိုက်။ အဲဒါ မင်း ရှာနေတဲ့အခန်းပဲ"

"ဗျာ . . . ဟုတ် . . . ဟုတ်ကဲ့"

သော်သော် ခေါင်းကိုငုံ့ရင်း ဆရာကြီးရှေ့မှ ထွက်လာခဲ့သည်။ ဇက်ကျိုးလုနီးပါးဖြစ်နေသော ကျောင်းသူနှစ်ဦး၏မျက်နှာကိုတော့ မမြင် ရ။

ဒါပေမယ့် သော်သော့်ရင်ထဲမှာတော့ မှတ်မှတ်ထင်ထင် ဖြစ်ခဲ့ပါ သည်။ သော်သော် လွယ်အိတ်ကိုယူ၍ အခန်းပြင်ထွက်ခဲ့တော့သည်။

"ဩော် . . . မောင်သော်သော်"

"ဗျာ"

"အားရင် ဆရာ့ဆီလာခဲ့ပါဦး"

"ဟုတ်ကဲ့ပါ ဆရာ"

သော်သော် အခန်းပြင်ရောက်သွားလေပြီ။ အခန်းထဲမှာကား..



www.burmeseclassic.com

www.burmeseclassi.com

## III (a)

"ဒါ သက်သက်လာကြောတာကွ"

"ဟုတ်တယ် . . . တို့မေဂျာကို တမင်နှိပ်ကွပ်သွားတာ"

ယောကျ်ားလေးအချို့ဆီမှ ထိုသို့သောစကားသံတွေ ထွက်လာသည်။

"တော်လိုက်တာဟယ် . . . သားသားတောင်မရတာကို သူက ရအောင် ဖြေသွားတယ်ဆိုတော့ . . . "

"အေးဟာ . . . သားသားတော့ တော်တော်ခံပြင်းသွားမှာပဲ"

"အေးပေါ့ဟ . . . ဒါမျိုးဆို အရင်ကသူပဲဖြေနိုင်တဲ့ဥစ္စာ"

"တော်တော်ဖြောင့်တယ်နော်"

"ငါတို့ကတော့ အတန်းပြီးရင် သချာ်ခန်းတွေဘက် လမ်းလျှောက်ရမယ့်တာဝန်တစ်ခု တိုးလာပြန်ပြီ"



ကျောင်းသူတော်တော်များများဆီမှ ထိုသို့သောစကားသံတွေ ထွက်လာပါသည်။ ဒါပေမယ့် မကြာခင်မှာပဲ ထိုအသံတွေအားလုံးမှာ တိတ်ဆိတ်သွားပါ၏။

ဆရာကြီးက စာဆက်သင်လို့နေပါသည်။

ကျောင်းသားတစ်ယောက်မှာမူ ငူငူကြီးမတ်တပ်ရပ်လျက်အတိုင်း ရှိနေပါ၏။

တစ်ခန်းလုံးလည်း စာဆက်သင်လျက်ရှိနေကြပါသည်။

• • •

သ - ၇၆

"ဟုတ်တယ် . . . ဒီအခန်းပဲဖြစ်ရမယ်"

သော်သော် ဝင်ထိုင်နေလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassi.com

# IV

"တစ်ခါတလေပဲကွာ စိတ်ထဲထားမနေစမ်းပါနဲ့ သားရယ်။ ပင်ပန်းပါတယ်။ ပြီးတော့ ကိုယ့်မေဂျာကလူလည်း မဟုတ်ဘူး"

"ကိုယ့်မေဂျာကမဟုတ်လို့ ပိုခံပြင်းတာပေါ့။ ဒါသက်သက်လာကြောသွားတာ . . . တောက်"

သားသား၏ 'တောက်'ခတ်သံကျယ်သွားမှုကြောင့် အခြားဝိုင်းမှလူတွေ လှည့်ကြည့်ကုန်သည်။

"သား . . . အခုထိုင်နေတာ ကန်တင်းထဲမှာဆိုတာလည်း သတိထားဦး"

သားသားပတ်ဝန်းကျင်ကိုဝေ့ကြည့်၍ သက်ပြင်းကိုချသည်။ ပြီး ကန်တင်းအပြင်ဘက်လမ်းမပေါ်ကိုကြည့်၍ သားသားမျက်လုံးတွေ အနည်းငယ်အရောင်ကျသွားပါသည်။ ထိုအခါမှ ယမင်းကလေသံအေးအေးဖြင့် . . .

"ဘယ်ကိစ္စမဆို အဖြေထုတ်တဲ့အခါမှာ စိတ်ကအတည်ငြိမ်ဆုံးအနေအထားမှာရှိရမယ်လို့ သားသားပဲ ယမင်းကိုပြောခဲ့ဖူးတယ်လေ။ မနက်ကအခြေအနေကိုလည်း ပြန်ကြည့်ဦး . . . သားသားစိတ် အတည်ငြိမ်ဆုံးအနေအထားမှာ ရှိရဲ့လားလို့"



သားသား စဉ်းစားသွားသည်။ ဟုတ်တော့လည်း ဟုတ်သည်။ သူ့စိတ်တွေ မနက်ကတစ်မနက်လုံး ယောက်ယက်ခတ်နေတာ သူ့ကိုယ်သူပဲသိသည်။ ဖေဖေ့ကုမ္ပဏီမှကားတစ်စီး အက်ဆီးဒင့်ဖြစ်လို့ဟူသော သတင်းနှင့်အတူ ဒရိုင်ဘာ အခြေအနေမကောင်းဘူးဟူသောသတင်းပါ တွဲထွက်လာသည့်အတွက် မနက်က သူရောဖေဖေရော ဆေးရုံသို့တန်းပြေးရသည်။

ဆေးရုံရောက်လို့မှမကြာသေး ဖုန်းဝင်လာသည်။ အိမ်မှာ လက်တိုလက်တောင်း ခေါ်ထားသည့်ကောင်မလေး၏ ပြာတာတာအသံလေးနောက်မှာ . . .

'မေမေ ရေချိုးခန်းကအထွက် ချော်လဲလို့မထနိုင်ဘူး' ဆိုသောစကားက သူ့စိတ်ကို ဝုန်းဒိုင်းကျဲသွားစေခဲ့သည်။ ချက်ချင်းပင် အိမ်တန်းပြေးရသည်။ မေမေ့ကိုဆေးခန်းပို့ရ၊ ဆေးရုံဖုန်းဆက်ပြီး အခြေအနေမေးရနှင့် သားသားပတ်ချာလည်နေရသည်လေ။

ထို့ကြောင့် ကျောင်းသို့ နောက်ကျမှရောက်သည်။ ရောက်ရောက်ချင်းပင် ပြဿနာက ဆီးကြိုနေပါ၏။

"ယမင်းပြောတာ ဟုတ်တယ်မဟုတ်လား။ စိတ်ကည်ငြိမ်မှုမှ မရှာဘဲနဲ့လို့"

သူစကားဆက်မဆိုမိတော့ပါ။ ဖြစ်နိုင်လျှင် ဒီနေ့မနက်ကို အစမှပြန်စချင်နေသည်။ ဒါပေမယ့် အားလုံးဟာ လွန်သွားခဲ့ပြီ။

ထိုစဉ်မှာပင် ယမင်းကစကားလမ်းကြောင်း ပြောင်းလိုက်ပါ၏။

"သား . . . မနက်ဖြန် Fresher Welcome ရှိတယ်နော်။ မနက်ဖြန်ကျရင် ဒီလို ရှုပုပ်ပုပ်ကြီးလုပ်မနေနဲ့။ တော်ကြာ King ထပ်မချိတ်ပဲနေဦးမယ်"

"အင်းပါ . . . ယမင်းသာ Queen ချိတ်အောင် အလှတွေပြင်လာခဲ့"

သားသားစကားကြောင့် ယမင်းကမဲ့သည်။



www.burmeseclassic.com

www.burmeseclassi.com

"ယမင်းဘယ်လောက်ပြင်ပြင် Queen ဖြစ်မှာ မဟုတ်ပါဘူး။ Queenဖြစ်မယ့်သူက အရင်ကတည်းကရှိပြီးသား"

ပြောနေရင်းဖြင့် ယမင်းက သားသားကို အကဲစမ်းသလိုကြည့်သည်။ ပြီး . . .

"သားသားဆီကို ခြူးချစ်ချော ဖုန်းဆက်သေးလား"

ယမင်းစကားကြောင့် ညက ခြူးချစ်ချောဖုန်းဝင်လာသည်ကို အမှတ်ရမိသည်။ သို့သော် . . .

"မဆက်ပါဘူး။ သူ့ဖုန်းမှန်းသိရင် သားသားမကိုင်တာများပါတယ်။ ဘာဖြစ်လို့လဲ"

"မဖြစ်ပါဘူး။ အရင်လိုပဲ သားသားကိုကပ်နေတုန်းပဲလားလို့ မေးကြည့်တာ။ ဒါပဲနော် သားသားသစ္စာမရှိလို့ကတော့ ယမင်းကပြောထားတဲ့အတိုင်းလုပ်မှာ။ အဲဒီတော့မှ ယမင်းကို ရက်စက်တယ်မလုပ်နဲ့"

ပြောနေရင်းနှင့် ယမင်း၏မျက်နှာမှာ ညှိုးရော်သွားမှုကြောင့် သားသား ကမန်းကတန်းချော့လိုက်ရသည်။

"စိတ်ချပါယမင်းရယ်။ ယမင်းကလွဲပြီး သားသားဘယ်သူ့ကိုမှ ရင်ခုန်လို့မရဘူး။ ယမင်းကလွဲပြီး သားသားဘယ်သူ့ကိုမှ မချစ်ဘူး"

"အင်းပါ . . . စောင့်ကြည့်ရဦးမှာပေါ့"

ထိုအချိန်မှာပင် ဆိုင်ထဲသို့ မြင့်မိုရ်ဝင်လာပါ၏။ မြင့်မိုရ်လက်ထဲတွင် ဆိုလိုတိပ်(စ်)ကပ်ထားသော စာတစ်စောင်ပါလာသည်။


"ရော့ . . . သားသား နင့်ကားမှန်ရှေ့မှာ ကပ်ထားတာတွေ့လို့ ခွာလာတာ။ ဘာစာလဲမသိဘူး"

မြင့်မိုရ်က သားသားရှေ့သို့ စာကိုထိုးပေးသည်။ သားသား စာရွက်ကိုယူ၍ ကြည့်လိုက်တော့ . . .

ထိုစာက စာဟုလည်း ပြောရခက်သည်၊ သချာတွက်ထားတာဟုလည်း ပြောရခက်သည်။ ရှင်းရှင်းပြောရလျှင် စာနှင့်ဂဏန်းကိုပေါင်းရေးထားခြင်းဖြစ်သည်။



ထိုစာက အောက်ပါအတိုင်းသာ . . .



သားသားစာကိုကြည့်၍ ပြုံးသွားသည်။ ဒါ ဘယ်သူ့လက်ချက်လဲဆိုတာ သားသားသိလိုက်သည်။

ဒါ 'ခြူးချစ်ချော' တစ်ဦးတည်းသာလုပ်တတ်သော . . .

သားသားမျက်နှာကို အရိပ်တကြည့်ကြည့်ကြည့်နေသော ယမင်းမှာ သားသားမျက်နှာပြုံးသွားမှုကြောင့် စာကိုဆွဲယူလိုက်သည်။ ပြီးနောက်

"ဟင် . . . သားသား . . . ဒါဘာတွေလဲ"

သားသား ခေါင်းရမ်းပြလိုက်ကာ . . .

"မဟုတ်ပါဘူး၊ သူငယ်ချင်းတစ်ယောက် နောက်လိုက်တာပါ။ ဘာမှမဟုတ်ဘူး"

သားသားစကားက သိပ်တော့အဓိပ္ပာယ်မရှိ။ ဒါပေမယ့် ယမင်းမှာထပ်မမေးတော့ပါ။ ဒါသူမအတွက် ရိုးအီနေသော မသိချင်ယောင်ဆောင်မှုတစ်ခုပင် မဟုတ်ပါလား။

သိပ်မကြာမီမှာပင် သားသားမှာ အတန်းတက်ရမည်ကို အကြောင်းပြုပြီး သူမတို့ဝိုင်းမှ ထွက်သွားပါတော့သည်။

သားသားထွက်သွားပြီးတော့ စားပွဲပေါ်တွင် စာရွက်တစ်ရွက်ကျန်ခဲ့ပါ၏။ ဘာရယ်မဟုတ် ယမင်းထိုစာရွက်ကို စာအုပ်ကြားထဲ ခေါက်ထည့်ထားလိုက်သည်။

ထိုစာရွက်ကား . . .



www.burmeseclassic.com

www.burmeseclassi.com

## IV (a)

"အဓိပ္ပာယ် တစ်ခုခုတော့ရှိမှာပဲ။ အကြောင်းမဲ့တော့ ကားမှန်မှာ လာကပ်ထားမှာမဟုတ်ဘူး"

"သူငယ်ချင်းတစ်ယောက် နောက်လိုက်တာလို့ ပြောတာပဲလေ"

ယမင်းစကားကြောင့် မြင့်မိုရ်က သူမကိုကြည့်ရင်း ခေါင်းရမ်းကာ . . .

"နင်က သူပြောတာကိုယုံတယ်လား"

"မယုံလို့ မေးလည်း ဖြေမှာမှမဟုတ်တာ"

"မဖြေလည်း ရအောင်မေးရမှာပေါ့ဟာ။ နင်နဲ့ သူက တရားဝင်ချစ်သူတွေပဲဥစ္စာ။ သူပြောတိုင်း ခေါင်းညိတ်နေလို့ ပြီးမလား"



မြင့်မိုရ်စကားကို ယမင်းကပြန်မပြော။

"နောက်ပြီး . . . သားသားမျက်လုံးတွေက သိပ်မရိုးသားချင်ဘူးနော်။ နင့်နောက်ကွယ်မှာ တစ်ခုခုရှိနေသလိုပဲ"

မြင့်မိုရ်စကားကြောင့် ယမင်းက အဝေးတစ်နေရာသို့ ငေးကြည့်ရင်း . . .

"အဲလောက်ထိတော့ သားသားဆိုးမယ်မထင်ပါဘူးဟာ။ ဒီကိစ္စကို ငါလုံးဝလက်မခံဘူးဆိုတာ သူသိတာပဲ။ အဲဒါကိုတော့ ငါယုံတယ်"

"အေး . . . ယုံနေ . . . ယုံနေ . . . မိန်းမ။ ပြီးမှ မျက်ရည်နဲ့မျက်ခွက်လာမလုပ်နဲ့"

မြင့်မိုရ်စကားကြောင့် ယမင်းမှာ မထင်မရှားမဲ့ပြုံးလေးတစ်ခုကို ပါးပေါ်တင်လိုက်ရင်း . . .

"အဟွန်း . . . အဲဒါတော့ စိတ်ချသူငယ်ချင်း။ ဒီလိုကိစ္စမျိုးနဲ့ကတော့ ဝမ်းလည်းမနည်းဘူး၊ ငိုလည်းမငိုဘူး။ ကံမပါဘူးလို့ပဲ သဘောထားလိုက်မယ်"

မြင့်မိုရ်ကမဲ့သည်။ ပြီး ခေါင်းကို ဟဆတ်ဆတ်ညိတ်ရင်း . . .

"အေးပါ . . . အေးပါ . . . ကြည့်ရသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassi.com

# V

"နှစ်နှစ်ဆက်တိုက် 'ကင်း'ချိတ်သော မောင်သားသားအတွက် ဂုဏ်ယူပါတယ်ခင်ဗျား"

စကားသံအဆုံးမှာပင် လက်ခုပ်သံတွေ ဒလဟောထွက်လာတော့သည်။

"ဖြောင်း ဖြောင်း ဖြောင်း . . . ဖြောင်း ဖြောင်း"

ယမင်း အားရပါးရ လက်ခုပ်တီးနေသည်။ သူမမျက်နှာတွင် အပြုံးဝတ်ရည်တို့ စိုစွတ်နေပါ၏။ စင်ပေါ်၌ သားသားမှာ ဆရာဆရာမများနှင့်တွဲကာ ဓာတ်ပုံရိုက်နေသည်။ မီးရောင်တွေ တဖျတ်ဖျတ်ဝင်းလက်နေသောလူအုပ်ကြားမှာ သားသားက ရှင်းသန့်ပေါ်လွင်လို့နေပါ၏။

"ယမင်း . . . ငါတို့နှစ်ယောက် သားသားနဲ့ဓာတ်ပုံတွဲရိုက်ရအောင်"

မြင့်မိုရ်က စကားစသည်။



"အာ . . . မရိုက်ချင်ပါဘူးဟာ . . . လူတွေနဲ့ရှက်စရာကြီး"

"ဘာဖြစ်လဲဟ . . . သူများတွေလည်း ရိုက်နေတာပဲဥစ္စာ"

ယမင်းခေါင်းရမ်းသည်။ ထိုအချိန်မှာပင် မြင့်မိုရ်က စင်ပေါ်သို့ လှမ်းကြည့်ပြောသည်။

"အေး . . . နင်ကသာမရိုက်ချင်နေ . . . ဟိုမှာကြည့်စမ်း နင့်သားသားကို . . . "

မြင့်မိုရ်၏ ခနဲ့တဲ့တဲ့ပြောဟန်ကြောင့် စင်ပေါ်သို့ လှမ်းကြည့်လိုက်တော့ ရင်တစ်ခုလုံးအောင့်တက်သွားသည်။ စင်ပေါ်၌ ဓာတ်ပုံတွဲရိုက်နေသည်က Physics ၏ King သားသားနှင့် Queen ခြူးချစ်ချော။ နှစ်ဦးစလုံး၏ မျက်နှာတွေက တစ်ခန်းတည်းနေသူငယ်ချင်းဆိုသည်ထက် ရင်းနှီးနေသည့်အပြင် . . .

ထိကပ်လွန်းနေသော ခန္ဓာကိုယ်နှစ်ခုကို့ကြောင့် . . .

ယမင်းမျက်နှာ လွဲမိသွားလေသည်။ ထို့နောက် ချက်ချင်းပင် အခန်းထဲမှ ထွက်ခဲ့လိုက်ပါတော့၏။ နောက်မှ မြင့်မိုရ်လည်း အတူလိုက်ထွက်လာသည်။ အခန်းအပြင် ကော်ရစ်တာ၌ရပ်နေစဉ်မှာပင် . . .

သူမလိုရပ်နေသော ကျောင်းသူတချို့၏ စကားသံကိုကြားရသည်။

"ဒီနှစ်လည်း သူပဲကင်းချိတ်တာပဲ"

"သူတို့နှစ်ယောက် လိုက်တယ်နော်"

"အေး"

"ချစ်သူတွေလားမသိဘူး"

ထိုစကားကြောင့် ထိုအုပ်စုထဲမှကျောင်းသူတစ်ယောက်က ယမင်းကိုမြင်သွားပြီး သူမအုပ်စုဘက်လှည့်ကာ တိုးတိုးပြောသည်။ ယမင်း ဆက်မနေချင်တော့။ လှည့်ထွက်ခဲ့ပါတော့သည်။

သူမ ဘယ်ကိုသွားနေသလဲ။

သူမမသိ။ ရှက်သလိုလို၊ ခံပြင်းသလိုလိုစိတ်တွေကြောင့် ခြေ



www.burmeseclassic.com

www.burmeseclassi.com

လှမ်းတို့ခေါ်ဆောင်ရာနောက်ကို လိုက်နေတာတော့ သူမသိသည်။

သူမလျှောက်လာနေရင်းမှာပင် လူတွေရုံးစုရုံးစုဖြစ်နေကြသည်ကို သတိပြုမိသည်။ အထူးသဖြင့် မိန်းကလေးတွေဖြစ်ပါ၏။ ထိုအခန်းထဲမှာလည်း လူတွေတော်တော်စည်နေပါ၏။

မြင့်မိုရ်ကပြောသည်။

"ဒီနေ့လည်း သင်္ချာရဲ့ Fresher Welcome ရှိတာကိုး"

မြင့်မိုရ်စကားကြောင့် ယမင်း အခန်းဝထိပ်ပိုင်းကို ကြည့်မိသည်။ ဟုတ်သည်။ စာတန်းထိုးထားပါ၏။

ယမင်းတို့နှစ်ယောက် ကျောင်းသူအုပ်စုနားဆီအရောက်မှာပင်

"ကင်းအသစ်ကမိုက်တယ်ဟ"

"အေး . . . ကျောင်းပြောင်းလာတာလို့ပြောတာပဲ"

ထိုစကားတွေကြောင့် ယမင်းနှင့်မြင့်မိုရ် စိတ်ဝင်စားသွားသည်။ ထို့ကြောင့် မိန်းမတို့၏သဘာဝအတိုင်း . . .

စားပွဲဝိုင်းတစ်ခုဆီမှ အကြည့်တစ်ချက်နှင့် သွားဆုံသည်။ ယမင်းလှုပ်ရှားသွားသည်။ ထိုစဉ်မှာပင် ဘေးမှမြင့်မိုရ်က . . .

"ဟင် . . . ဟိုလူ . . . က . . . ကင်း . . . "

မြင့်မိုရ်စကားပင် ဆုံးအောင်မပြောနိုင်တော့ပါ။ သူမတို့နှစ်ယောက်စလုံး နောက်လှည့်ပြေးတော့သည်။ အကြောင်းကား . . .

"ဟဲ့ . . . ဟိုမှာ လာနေပြီတော့"

ရပ်နေသော ကျောင်းသူအုပ်စုဆီမှ ထွက်လာသောစကားသံ ဖြစ်လေသည်။



# VI

"ငါ သူ့ကိုကြိုက်တယ်ကွာ"

"ဟာ . . . မင်းဟာက ပေါ်တင်ကြီးပါလား"

"အေး . . . ငါက အဲဒီအတိုင်းပဲ"

သော်သော်၊ စိုင်းထက်နှင့်ရဲထွဋ် ကန်တင်းထဲတွင်ထိုင်ကာ စကားပြောနေကြခြင်းဖြစ်သည်။ သူတို့သုံးဦးစလုံးမှာ တစ်နေ့ကမှ ခင်မင်သွားကြခြင်းဖြစ်ပါသည်။

"အဲဒါဆို မင်းဒီလိုလုပ်ကြည့်ပါလား။ ငါတို့ကျောင်းမှာ အရမ်းနာမည်ကြီးတဲ့ကျောင်းသားတစ်ယောက်ရှိတယ်။ သူ့နာမည်က 'လက်ရုံး' တဲ့။ အဲဒီလိုအချစ်ကိစ္စတွေကို ဆောင်ရွက်ပေးတာ။ ရေလည်ဆန်းတယ်ကွာ။ သူလုပ်ပေးလို့ ချစ်သူဖြစ်သွားကြတာတွေ တစ်ပုံကြီး။ ချစ်သူဖြစ်ပြီးသွားပြီဆိုရင်လည်း သူ့ရဲ့ No.2 စာချုပ်လို့ခေါ်တဲ့ စာချုပ်မှာ လက်မှတ်ထိုးရတယ်။ အဲဒါဆိုရင်တော့ အဲဒီချစ်သူနှစ်ဦးကို ဘယ်သူမှနှောင့်ယှက်လို့မရတော့ဘူး . . . သူ့ရဲ့ No.2 စာချုပ်က လက်ထပ်စာချုပ်နီးနီး ဒီကျောင်းမှာသက်ရောက်မှုရှိတယ်"



www.burmeseclassic.com

www.burmeseclassi.com

သော်သော် စိတ်ဝင်စားသွားသည်။

"ဘယ်လိုမျိုးလဲ . . . ငါ့ကိုရှင်းပြစမ်းပါဦး"

"ဒီလိုကွာ . . . အခု ယောကျ်ားလေးနဲ့မိန်းကလေး လက်ထပ်မယ်ဆိုရင် လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးရတယ်မဟုတ်လား။ အဲဒါဆိုရင် သူတို့နှစ်ဦးဟာ တရားဝင်လင်မယားတွေ ဖြစ်သွားပြီ။ အခုလည်း လက်ရုံးရဲ့ No.2 စာချုပ်က တရားဝင်ချစ်သူတွေဖြစ်သွားပြီဆိုတဲ့သဘောမျိုး။ စာချုပ်မှာ လက်မှတ်ထိုးပြီးသွားပြီဆိုရင် ကောင်မလေးကို ဘယ်ကောင်လေးမှ မလိုက်တော့ဘူး။ အရင်လိုက်နေတဲ့လူတွေရှိရင်လည်း လက်မှတ်ထိုးပြီးသွားပြီဆိုတာနဲ့ ရပ်သွားတယ်။ ကောင်လေးဘက်ကလည်း ဒီအတိုင်းပဲကွ"

"စိတ်ဝင်စားစရာပဲ"

သော်သော်က ပြောသည်။

"သူတို့နှစ်ဦးစလုံးကလည်း သစ္စာရှိရတယ်ကွ။ အဲဒီတော့ ဒီကျောင်းမှာ လက်ရုံးရဲ့ No-2 စာချုပ်မှာ လက်မှတ်မထိုးရသေးတဲ့ စုံတွဲဆိုရင် ခေတ်မမီသလိုကိုဖြစ်နေတာ။ သူတို့နှစ်ဦးလည်း လက်မှတ်မထိုးမချင်း တစ်ယောက်နဲ့တစ်ယောက် စိတ်မချကြသေးဘူး။ လက်မှတ်ထိုးပြီးသွားမှသာ စိတ်အေးသွားကြတာ။ ငါ့အထင်ဒီကျောင်းကစုံတွဲ အတော်များများ လက်မှတ်ထိုးပြီးသွားကြပြီကွ"

စိုင်းထက်စကားကြောင့် သော်သော် ထိတ်ခနဲ ဖြစ်သွားသည်။

"ဟာ . . . ဒါ . . . ဒါဆို ယမင်းတို့ရော . . . "

သော်သော်၏ အထိတ်တလန့်ပုံစံကိုကြည့်၍ စိုင်းထက်က ..

"သူတို့အတွဲကတော့ လက်မှတ်ထိုးထားမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သားသားဆိုတဲ့ကောင်က ဒါမျိုးတွေ လက်ခံတာမဟုတ်ဘူးလေ"

စိုင်းထက်စကားကြောင့် သော်သော် စိတ်အေးသွားသည်။

"မင်းလည်း လက်ရုံးကိုအကူအညီတောင်းကြည့်ပါလား။ ပို



စိတ်ချရတာပေါ့"

"ဟာ . . . မဖြစ်သေးဘူးလေကွာ"

တစ်ချိန်လုံးငြိမ်နေသော ရဲထွဋ်က အထိတ်တလန့်ထပြောသည်။ ရဲထွဋ်ပုံစံကြောင့် သော်သော်ကြောင်သွားပါ၏။

"ယမင်းဆီမှာ ချစ်သူရှိနေတာကို လက်ရုံးကအကူအညီပေးမလားကွ"

ရဲထွဋ်စကားကြောင့် စိုင်းထက်မှာ ကိုယ့်နဖူးကိုယ်ရိုက်သည်။

"ဟာ . . . ဟုတ်သားပဲ။ ငါလက်ရုံးရဲ့ No.1 စည်းကမ်းကို မေ့သွားတယ်"

သော်သော်မှာ သူတို့ပြောနေသောစကားတွေကြောင့် အူလည်လည်။ သော်သော့်ပုံစံကိုကြည့်၍ စိုင်းထက်က ရှင်းပြသည်။

"ဒီလိုကွ . . . လက်ရုံးကို အကူအညီတောင်းရင် ကိုယ်ကြိုက်တဲ့မိန်းကလေးက ရည်းစားမရှိမှရတာ။ ရည်းစားရှိရင် အကူအညီမပေးဘူး။ ငါမေ့သွားတယ်"

"ဒါဆို ဒီလိုလုပ်ပါလားကွ . . . "

ရဲထွဋ်က ရေနွေးတစ်ခွက်ငှဲ့ရင်းပြောသည်။

"မင်းနည်းမင်းဟန်နဲ့ ကောင်မလေးကို ရအောင်ကြိုးစားလိုက်။ ပြီးမှ လက်ရုံးရဲ့ No.2 စာချုပ်ကိုတောင်းချုပ်။ အဲဒီလိုလုပ်လည်း ဖြစ်တာပဲ"

ရဲထွဋ်စကားကြောင့် သော်သော် ခေါင်းကိုတဆတ်ဆတ်ညိတ်ရင်း . . .

"အေး . . . ငါလည်း အဲဒါကို စိတ်ဝင်စားတယ်"

"ဒါပေမယ့် လွယ်မှာတော့ မဟုတ်ဘူးနော်"

စိုင်းထက်က ပြောခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ"

"အခုလိုအချိန်မှာ ယမင်းကိုဝင်လုံးဖို့က လွယ်မှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassi.com

ရည်းစားလည်းရှိတယ်။ သူတို့နှစ်ယောက်ကြိုက်နေကြတာလည်း ကြာပြီ။ ပြီးတော့ သားသားက ယမင်းရဲ့ ပထမဆုံးလူ"

စိုင်းထက်စကားကြောင့် သော်သော် ခြောက်ကပ်ကပ်တစ်ချက်ရယ်လိုက်သည်။ ပြီး နှုတ်ခမ်းကိုမထိတထိမဲ့လိုက်ရင်း . . .

"အဟွန်း . . . ပထမဆိုတာ သူ့ထက်သာတဲ့လူနဲ့တွေ့ရင် အလိုလို ဒုတိယနေရာ ရောက်သွားတတ်ပါတယ်ကွာ။ အဲဒါ ကမ္ဘာဦး အစကတည်းကပေါ်လာတဲ့ သီအိုရီပဲ"

သော်သော့်စကားကြောင့် နှစ်ယောက်စလုံး သူ့ကိုကြည့်သည်။ ပြီး . . .

"ဒါဆို မင်းဘက်ကဝင်တိုးဖို့ သေချာပြီပေါ့"

သော်သော်ပြန်မဖြေ။ ခေါင်းညိတ်ပြလိုက်သည်။

"ဘယ်တော့လောက် စမလဲ"

"အခု"

"ဟင်"

"လာ . . . ငါတို့ကျောင်းသားရေးရာဘက် သွားရအောင်"

"ဟင် . . . ဘာလုပ်ဖို့လဲ"

"ယမင်းရဲ့လိပ်စာကို သိချင်လို့"

• • •

ယမင်းဒန်းပေါ်ထိုင်ရင်း စာအုပ်ဖတ်နေသည်။ သူမရဲ့ အမွှေးပွ ခွေးလေးကတော့ ခြေထောက်အားပွတ်သပ်ကာ ကစားနေပါ၏။ ယမင်း ဒီနေ့တစ်နေ့လုံး ကျောင်း၌အဆင်မပြေ။ ပိုဆိုးသည်ကား ယနေ့ညနေ သားသားနှင့် ခြူးချစ်ချော်ကို အတူတွဲတွေ့လိုက်ခြင်းပင်။

ယမင်း စာအုပ်ထဲ၌လည်း စိတ်ကိုနှစ်လို့မရ။ သူမခွေးလေးနှင့်လည်း ကစားချင်စိတ်မရှိ။ စိတ်တစ်ခုလုံး လေးလံထိုင်းမှိုင်းကာနေသည်။



"ဝုတ် . . . ဝုတ် . . . ဝုတ်"

ခွေးဟောင်သံကြောင့် သူမလန့်သွားကာ ခြံဝကိုလှမ်းကြည့်သည်။ လူရိပ်လူယောင်မတွေ့။ သို့သော် . . .

"ဝုတ် . . . ဝုတ် . . . ဝုတ် . . . ဝုတ်"

ခွေးမှာ အဆက်မပြတ်ထိုးဟောင်နေသည်။ သူမ၏မျက်လုံးအကြည့်တွေ တစ်ခြံလုံးဝဲသွားသည်။ ဒါပေမယ့် သံသယဖြစ်စရာ ဘာတစ်မှမရှိ။

"ဝုတ် ဝုတ် . . . ဝုတ် ဝုတ်"

ခွေးကတော့ ဟောင်မြဲဟောင်လျက်။ ဒီတစ်ခါတော့ သူမခွေးကို သေချာကြည့်သည်။ ခွေးက ခေါင်းကိုအပေါ်မော့ကာ ဟောင်နေခြင်းဖြစ်သည်။ ထို့ကြောင့် ခွေး၏မျက်လုံးမှ မျဉ်းတစ်ကြောင်းတည်းဆွဲ၍ကြည့်မိတော့ . . .

တွေ့ပါပြီ။

ခြံထောင့်မှ တလွင့်လွင့်တက်နေသော မိုးပျံပူဖောင်းလေးတစ်လုံး။ ယမင်းကြောင်သွားသည်။ အံ့အားလည်း အတော်သင့်သွားပါ၏။ ဒီမိုး ပျံပူဖောင်းကို မည်သူလွှတ်တင်လိုက်သနည်း။ ထိုပူဖောင်းလေး အောက်မှာကား ကြိုးနှင့်ဆွဲထားသော စာလိုလို၊ ဘာလိုလိုတစ်ခုပါသေးသည်။

ယမင်းကြည့်နေရင်းမှပင် ထိုပူဖောင်းလေးမှာ တရွေ့ရွေ့တက်လာပါ၏။ ပြီးနောက် တဖြည်းဖြည်း၊ တဖြည်းဖြည်းဖြင့် . . .

အံ့အားတသင့်ကြည့်နေရင်းမှပင် ထိုပူဖောင်းလေးမှာ ယမင်း အပေါ်တည့်တည့်သို့အရောက် . . .

"ဖောင်း"

"အမေ့"

'ဖောင်း'ခနဲမြည်သော ပေါက်သွားသံနှင့်အတူ ပူဖောင်းအပိုင်းအစတွေနှင့်တွဲလျက်ဖြစ်သော စာတစ်စောင်မှာ ယမင်းရှေ့တည့်တည့်သို့-



www.burmeseclassic.com

www.burmeseclassi.com

ယမင်း ကြက်သေသေသွားသည်။ လန့်လည်း တော်တော်လန့်သွားပါ၏။ သူမ ကြောင်ငေးကြည့်နေစဉ်မှာပင် . . .

"ဝုတ် ဝုတ် . . . ဝုတ် ဝုတ်"

ခွေးမှာ ထိုအရာကိုကြည့်၍ ကြောင်နေသည်ကြောင့် ယမင်း သတိဝင်လာကာ ပူဖောင်းနှင့်စာကို ကောက်ယူလိုက်သည်။

စာအိတ်ပေါ်မှာက ထူးခြားမှုတစ်စုံတစ်ရာမရှိ။

ပြီး စာကိုဖြုတ်ကာ ဖွင့်ဖောက်ကြည့်လိုက်တော့မှ . . .

"ဟင်"



စာရွက်ကိုကြည့်၍ သူမကြောင်သွားသည်လား၊ အံ့ဩသွားသည်လား၊ ရင်ခုန်သွားသည်လားမပြောတတ်။ ဒါပေမယ့် စိတ်တော့တော်တော်လှုပ်ရှားသွားသည်။

ဒီစာကို မည်သူပေးသနည်း။ ဘယ်လိုရည်ရွယ်ချက်နဲ့ ပေးသနည်း။ စာထဲမှာ ဘာတွေပါသနည်း။ ထိုသို့သောမေးခွန်းတွေနှင့် ပြည့်နေစဉ်မှာပင် သူမရင်တစ်ချက်လှုပ်ရှားသွားသည်။

အကြောင်းကား စာအောက်ဆုံးမှနာမည်။

ကျန်တာတွေကိုတော့ သူမနားမလည်။ ဒါပေမယ့် (သသ) ဆိုသော ဗျည်းနှစ်လုံးနှင့် သားသားဆီမှတွေ့ရတတ်သော စာရွက်တွေထဲမှ ယခု လိုစကားလုံးများ . . .

ယမင်းအပျော်လှိုင်းတွေ လိုက်ခနဲစီးသွားသည်။ ဒါ သားသားပေးတာလား။ သူမ စဉ်းစားသွားပါ၏။ ဖြစ်နိုင်သည်။

နောက် ရင်ခုန်စရာကောင်းသော မိုးပျံပူဖောင်းလေးနှင့် စာပေးနည်းက . . .

"ငါစိတ်ဆိုးနေမှန်းသိလို့ လာချော့တာဖြစ်မယ်။ ဟုတ်တယ် သားသားပဲဖြစ်ရမယ်"

သူမ အဆင်မပြေမှုတွေအားလုံး လွင့်ပျောက်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassi.com

## VII

"သားသားလား . . . ချူးပါ"

"သြော် . . . ချူးပြောလေ"

"သားသား အချိန်ရလား"

"အင်း . . . ရပါတယ်။ ဘာဖြစ်လို့လဲ"

"ချူးစကားနည်းနည်းပြောချင်လို့"

"သြော်"

စကားသံတို့ ခဏတိတ်သွားသည်။

"သားသား . . . ချူးတော့ တော်တော်ပျင်းလာပြီကွာ"

"ဘာဖြစ်လို့လဲ"

"ချူးတို့နှစ်ယောက်ကြားက အခြေအနေကြီးက တဖြည်းဖြည်း ပျင်းစရာကောင်းလာလားလို့"



သားသားပြန်မဖြေမိ။

"ရှေ့တိုးလို့လည်းမရ၊ နောက်ဆုတ်လို့လည်းမရနဲ့ ဇာတ်လမ်းကြီးက တော်တော်အီနေပြီ"

" . . . . . . "

" သားသား"

"ပြောပါ . . . နားထောင်နေတယ်"

"ချူးတို့ ပုံစံနည်းနည်းပြောင်းလိုက်ရအောင်"

"ဘယ်လိုပြောင်းချင်လို့လဲ"

"ချူး စကားပွဲတစ်ပွဲလောက် ကစားချင်တယ်"

"ကစားပွဲ"

ကစားပွဲဆို၍ သားသား နည်းနည်းစိတ်ဝင်စားသွားသည်။

"ပြောပါဦး၊ ဘယ်လိုကစားပွဲလဲ"

"သားသား နှင်းဆီဝိုင်ဇာတ်ကားကို ကြည့်ဖူးလား"

သားသားဘက်မှ အသံတိတ်သွားသည်။ စဉ်းစားသွားသည်ထင်၏။

"သြော် . . . ဒါရိုက်တာမောင်မျိုးမင်း ငယ်ငယ်တုန်းကရိုက်ခဲ့တဲ့ဇာတ်ကားကို ပြောတာလား"

"အင်း . . . ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒီဇာတ်ကားထဲက အတိုင်း ကစားပွဲလေးတစ်ခုလောက် ကစားရင်ကောင်းမလားလို့။ သားသားစိတ်ဝင်စားလား"

"အင်း . . . ကစားပွဲဆိုရင်တော့ စိတ်ဝင်စားပါတယ်။ ပြောပါ ဘယ်လိုကစားရမှာလဲ"

"ဒီလို . . . အဲဒီဇာတ်ကားထဲမှာ မင်းသားကမင်းသမီးကို နှင်းဆီပန်းတွေ တစ်နေ့တစ်ပွင့်ပေးကယ်မဟုတ်လား"

"အင်း"

"အဲဒီအတိုင်းပဲ သားသားကိုလည်း ချူးသုံးရက်တစ်ခါ တစ်နေ့



www.burmeseclassic.com

www.burmeseclassi.com

ကို စီးကရက်တစ်ဘူး သားသားမသိအောင်ပေးမယ်။ သားသားလက်ထဲကို တိုက်ရိုက်ရောက်ချင်လည်းရောက်မယ်။ သဲလွန်စတွေကတဆင့် သားသားလိုက်ရှာရင်လည်း ရှာရမယ်။ ဒါလောက်တော့ သားသားကျွမ်းပါတယ်"

သားသား တော်တော်စိတ်ဝင်စားသွားပါသည်။

"သားသား ကစားရမယ့်အပိုင်းက သားသားဆီကို စီးကရက်ဘူးမရောက်အောင်ကာကွယ်ဖို့ သားသားခန္ဓာကိုယ်ပေါ်ကို သဲလွန်စတွေမရောက်အောင်သတိထားဖို့ပဲ။ ခြူးကစားရမယ့်အပိုင်းကတော့ သားသားလက်ထဲကို စီးကရက်သုံးဘူးစလုံးရောက်ဖို့ပေါ့"

သားသား ဒီကစားပွဲကို ရင်နည်းနည်းခုန်သွားသည်။

ဒီလိုကစားပွဲမျိုး စာအုပ်တွေထဲမှာတော့ ခပ်ဆင်ဆင်တူတာလေးတွေ ဖတ်ဖူးသည်။ အပြင်မှာတော့ လက်တွေ့မကစားဖူး။

"အနိုင်အရှုံးကိုစွကရော . . . "

"သားသားလက်ထဲကို စီးကရက်သုံးဘူးစလုံးရောက်အောင်ပို့နိုင်ရင် ခြူးနိုင်ပြီပေါ့။ မပို့နိုင်ရင်တော့ သားသားအနိုင်ပေါ့။ ဒါပေမယ့်ကြေးတော့ နည်းနည်းကြီးတယ်နော်"

"ကြေးပါသေးတယ်လား"

သားသားစကားကြောင့် တစ်ဖက်မှရယ်သံအချို့ကို ကြားရသည်။

"ပါတာပေါ့။ ဒါမှကစားရတာ intresting ဖြစ်မှာ။ မဟုတ်ရင်ပျင်းစရာကြီး"

သားသား မဆိုင်းမတွပင် မေးလိုက်ပါသည်။

"ပြောပါဦး လောင်းကြေးကို . . . "

"လောင်းကြေးက ဒီလို . . . ဒီကစားပွဲမှာခြူးနိုင်ရင် ခြူးကို သားသားချစ်ရေးဆိုရမယ်"

"ဟင်"



သားသားတစ်ကိုယ်လုံးတောင့်သွားသည်။ အသက်ရှူဖို့ပင် မေ့သွားပါ၏။

"ဘယ်လိုလဲ . . . သားသား လုပ်နိုင်ပါ့မလား"

ခြူးချစ်ချော၏အသံက ထပ်မံထွက်လာသည်။ သူမလေသံကအနိုင်ရသော တိုက်ကြက်ဖတစ်ကောင်၏တွန်သံလို ယုံကြည်မှုလှိုင်းတွေခတ်နေသည်။

သားသားမာနတို့ ရှန်းခနဲကြွသွားသည်။

"မင်းက ကိုယ့်ကိုယ်ကိုယ် အထင်စွတ်ကြီးတတ်တဲ့မျိုးရိုးကပေါက်ဖွားလာတာနဲ့တူတယ်။ အရာရာတိုင်းဟာ ထင်ထားသလိုမဖြစ်တတ်ဘူးကွ။ အကယ်၍ မင်းရှုံးသွားခဲ့ရင်ကော"

"ခြူး ရှုံးသွားရင်တော့ သားသားနဲ့ယမင်းတို့အတွက် ကိုက်တစ်လုံး၊ ကားတစ်စီးလက်ဖွဲ့မယ်"

သားသားရင်ဘတ်တို့ ဝုန်းခနဲဆောင့်ခုန်သွားပါသည်။ ခြူးချစ်ချော ရူးသွားပြီလား၊ မဖြစ်နိုင်။

ဒါပေမယ့် သူမ၏စိမ်ခေါ်မှုကြေးက ဖြစ်သင့်တာထက်များနေသည်။ သားသားကိုယ့်နားပင် ကိုယ်မယုံချင်။ ခြူးချစ်ချောမှာတော့သူမကိုယ် သူမ အပြည့်အဝယုံကြည်ထားပုံရသည်။

"ဘာလဲ . . . သားသားက ကိုယ့်ကိုယ်ကိုယ် မယုံဘူးလား"

သားသား စကားပြန်မဆိုမိ။ သူ့စိတ်က နှစ်ခွဖြစ်နေသည်။ ပထမတစ်ခုက ခြူးချစ်ချောနှင့်ယမင်းဆု။ နောက်တစ်ခုက ကစားပွဲ။ သူတွေဝေသွားစဉ်မှာပင် . . .

"သားသား ကိုယ့်ကိုယ်ကိုယ်မယုံလို့ မကစားချင်ဘူးဆိုရင်လည်းရတယ်။ ခြူးစိတ်မဆိုးဘူး။ ခြူးကစိန်ခေါ်သူပဲ။ ဒါပေမယ့် ပြိုင်ရဲသူမှမရှိတာ။ ဘယ်တတ်နိုင်ပါ့မလဲ"

သားသားမာနတို့ ဝုန်းခနဲ ကြွသွားသည်။ ဒါ သူ့မာနကို စော်ကားခြင်း . . .



www.burmeseclassic.com

www.burmeseclassi.com

"မင်းဘက်ကကြေးကို စိတ်တိုင်းကျပြီလား"

"ပြန်ပြင်ဖို့ အစီအစဉ်တော့ မရှိပါဘူး"

"ဒါဆို အချိန်မရွေးပွဲစနိုင်ပြီ"

သူ့စကားအဆုံး ခြူးချစ်ချောရယ်သံကို ကြားရသည်။

"ဘယ်လိုလဲသားသားရဲ့ စိတ်ကြီးလှချည်လား။ အဲလောက်မလို ပါဘူး။ အဟင်းဟင်း . . သားသားစိတ်ဓာတ်ကိုတော့ ကြိုက်သွားပြီ"

"နေဦး . . . အဲဒီကစားပွဲအတွက် စည်းကမ်းနည်းနည်းလောက် သတ်မှတ်ရအောင်"

သားသားစကားကြောင့် တစ်ဖက်မှရယ်သံတို့ ရပ်သွားသည်။

"သားသားက ဘယ်လိုစည်းကမ်းတွေ ချချင်လို့လဲ"

"မင်းရဲ့ သဲလွန်စတွေကို ငါ့ခန္ဓာကိုယ်ပေါ်မှာပဲရအောင် ထည့်ပေးရမယ်"

"ဖြစ်ပါတယ်။ ဒါဆို သားသားလည်း တစ်ခုလိုက်နာရမယ်"

"ဘာလဲ"

"လောင်းကြေးအတိုင်း ကတိမပျက်ဖို့"

"အဟား . . . သားသားပါကွာ"

"အိုကေ . . . ဒါဆို ခြူးတို့နှစ်ယောက် ဒီကစားပွဲလေးကို အတည်ပြုလိုက်ပြီပေါ့နော်"

သားသားပြန်မဖြေ။ နှစ်ဖက်စလုံးစကားသံတို့ ခေတ္တတိတ်သွားပြီးမှ . . .

"ဘယ်တော့လောက်စမယ်သာပြောပါ"

"မနက်ဖြန်"

"တီ . . . တီ . . . တီ"

ဖုန်းလာခြင်းမဟုတ်၊ ဖုန်းကျသွားခြင်းဖြစ်သည်။



## VIII

နောက်တစ်နေ့ကျောင်းရောက်တော့ ယမင်း မနေ့ကစာရခဲ့သည့်အကြောင်းကို မြင့်မိုရ်အားပြောပြလိုက်သည်။ ပြီး စာကိုမြင့်မိုရ်အားပြရင်း . . .

"ငါပြောသားပဲ . . . ခြူးချစ်ချောကိစ္စနဲ့ပတ်သက်ပြီး သားသားကို ငါယုံပါတယ်လို့"

ယမင်းစကားကြောင့် မြင့်မိုရ်က စာကိုကြည့်နေရာမှ . . .

"နှင့်စာကဘာလဲဟ . . . စာသာဆိုတယ်။ ဘယ်မှလည်း ရေးထားတာမတွေ့ဘူး။ ပုံနှစ်ပုံနဲ့ စာတစ်ကြောင်းပဲပါတယ်။ ပြီးတော့ (စာထဲမှာဘာပါလဲသိချင်လား)ဆိုတာကြီးက ဘာလဲ။ စာအိတ်ပိတ်ပဲ့ထားပြီး ငါတို့ကအထဲမှာ ဘာပါလဲ ဘယ်လိုလုပ်သိမှာလဲ။ အကြောင်းကြောင်းနဲ့ ဘာစိတ်ကူးတွေလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassi.com

မြင့်မိုရ်၏ ဗျစ်တောက်ဗျစ်တောက်အပြောကြောင့် ယမင်းက ရယ်သည်။

"အေး . . . အဲလိုအတွေးလေးတွေကပဲ ချစ်စရာကောင်းနေတာ"

ယမင်း၏စကားကြောင့် မြင့်မိုရ်မျက်စောင်းထိုးလိုက်ရင်း . . .

"နေစမ်းပါဦး . . . ဒီစာကို သားသားပေးတာပါလို့ နင့်ကို ဘယ်သူကပြောလဲ"

"ဘယ်သူမှမပြောဘူး။ ငါ့ဘာသာငါပြောတာ"

"အင်း . . . ရှင်းစမ်းပါဦး"

"ဟုတ်တယ်လေ . . . စာရဲ့အောက်ဆုံးမှာ နင်မတွေ့ဘူးလား။ (ဖြသ ဖြသ )ဆိုပြီးတော့ . . . နောက်ပြီး (သသ)ရဲ့ပတ်လည်က ဂဏန်းတွေကိုလည်းကြည့်ဦး။ ဒီလိုစာမျိုး နင်ဘယ်သူ့ဆီမှာမြင်ဖူးလဲ။ သားသားဆီမှာပဲမြင်ဖူးတာ။ ဟိုတစ်နေ့က နင်တောင်သားသားကားမှန်ရှေ့က နွာလာသေးတယ်မဟုတ်လား။ ဒီမှာ ငါတောင်သိမ်းထားသေးတယ်"

ဟုဆိုကာ ယမင်းကလွယ်အိတ်ထဲမှ စာတစ်စောင်ကို ထုတ်ပြသည်။ မြင့်မိုရ်လည်းစာကိုယူ၍ တိုက်ကြည့်လိုက်ကာ တစ်ယောက်တည်း ခေါင်းရမ်းပါ၏။

"ဘာလဲ . . . ဒီစာက သားသားပေးတာ မဟုတ်ဘူးပေါ့"

ယမင်းစကားကြောင့် မြင့်မိုရ်က ခေါင်းထပ်ရမ်းရင်း . . .

"မဟုတ်ပါဘူး။ ငါဒီစာနှစ်ရွက်စလုံးကို ဘာမှနားမလည်လို့ ခေါင်းရမ်းတာပါ။ သားသားလာမှ မေးကြည့်ရင်ကောင်းမယ်"

မြင့်မိုရ်စကားကြောင့် ယမင်းပျာပျာသလဲပင် စာရွက်တွေကို ဆွဲယူလိုက်ကာပြောသည်။

"ဟာ . . . ဟင့်အင်း . . . မမေးပါဘူး။ ဘာလို့မေးရမှာလဲ"

ယမင်းပုံစံကြောင့် မြင့်မိုရ်ကြောင်သွားကာ . . .

"မမေးရင်ဒါတွေက ဘာတွေရေးထားတာလဲ နင်သိလို့လား"

"မသိဘူး"



"အေး . . . မသိလို့ မေးမယ်လို့ပြောတာပေါ့"

"ဟင့်အင်း . . . မမေးဘူး"

"ဟင်"

"သူ့ဟာသူ အချိန်တန်ရင် အားလုံးပြောပြလိမ့်မယ်။ သားသားပြောပြတာကိုပဲ စောင့်မယ်ဟာ။ ကြိုပြီးမမေးချင်ဘူး။ တော်ကြာ ရင်ခုန်စရာကောင်းတာလေးတွေ ပျက်သွားမှာစိုးလို့"

"ဘယ်လို"

"ဟုတ်တယ် . . . မနေ့ကပဲကြည့်လေ မိုးပျံပူဖောင်းနဲ့စာပေးတာ တွေးကြည့်ရင် ဘယ်လောက်ရင်ခုန်ဖို့ကောင်းလဲ။ ငါ့တည့်တည့်ရောက်မှ ဖောက်ပစ်လိုက်တာကအစ အားလုံးကွက်တိ။ အဲဒါကြောင့်မို့လို့လည်း ခြုံးချောချစ်နဲ့ဓာတ်ပုံရိုက်တဲ့ကိစ္စကို ငါစိတ်ဆိုးပြေလိုက်တာ"

ယမင်းစကားကြောင့် မြင့်မိုရ်က ယမင်းကိုကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်သည်။

"အဲဒါဆို နင်ဒီကိစ္စတွေနဲ့ပတ်သက်ပြီး သားသားကိုဘာမှ မမေးတော့ဘူးပေါ့"

ယမင်းခေါင်းညိတ်ပြလိုက်သည်။

"အေးလေ . . . ပြီးတာပဲ။ နင့်ဘက်က နေနိုင်တယ်ဆိုရင်တော့ ကောင်းတာပေါ့"

ထို့နောက်တော့ သူမတို့နှစ်ယောက်စလုံး စကားမဆိုမိကြတော့။ ကန်တင်းအပြင်သို့သာ ငေးသွားကြသည်။

မကြာပါ။

"ဟော . . . ဟိုမှာ သားသားလာပြီ"

သားသားကန်တင်းထဲ ဝင်လာသည်ကို ယမင်းကအရင်မြင်၍ ပြောလိုက်ခြင်းဖြစ်သည်။ သားသားက ခပ်ဝေးဝေးမှပင် သူတို့ဝိုင်းဆီကြည့်၍ ပြုံးပြပါ၏။ အရပ်မြင့်မြင့် မျက်နှာသွယ်သွယ်နှင့် ပြုံးပြလိုက်သောပုံစံကအစ အရမ်းချစ်စရာကောင်းသည့် သားသား။



www.burmeseclassic.com

www.burmeseclassi.com

သားသား ယမင်းအားမှ ခုံတစ်လုံးကိုဆွဲ၍ ဝင်ထိုင်လိုက်သည်။ သားသားပုံစံက ဘာမှထူးခြားမှုရှိမနေပါ။ မနေ့က စာပေးထားသောကိစ္စနှင့်ပတ်သက်၍လည်း ဘာမှမသိသလိုပုံစံမျိုးနှင့် ဖြစ်လေသည်။

ပထမဆုံးစမြင်သည်ကား မြင့်မိုရ် . . .

"ဟဲ့ . . . သားသား နင့်နောက်ကျောမှာ ဘာကြီးကပ်ထားတာလဲ"

"ဟင် . . . ဘာလဲ"

မြင့်မိုရ်စကားကြောင့် သားသားက ကပျာကယာ အင်္ကျီနောက်ကျောကိုဆွဲ၍ ကြည့်သည်။ ယမင်းလည်း သားသားနောက်ကျောကို ကြည့်လိုက်တော့ စာရွက်တစ်ရွက်။ အင်္ကျီနောက်ကျောမှာ တိပ်ဖြင့်ကပ်ထားခြင်းဖြစ်သည်။

သားသား ထိုစာရွက်ကို အင်္ကျီမှ ကပျာကယာ ခွာယူလိုက်ပါ၏။ ပြီး စားပွဲပေါ်တင်ကြည့်လိုက်တော့ . . .

သားသားဆီမှာမြင်နေကျ ယမင်းတို့မသိသောစာများ . . . ထိုစာများက အောက်ပါအတိုင်းသာ . . .

ကောင်တာ ကို သွား ပြီး လက် ဖြောက် နှစ် ချက် တီး

လိုက် ပါ။

သားသားစာကိုကြည့်နေရင်းမှ မျက်မှောင်ကြုတ်သွားသည်။ ပြီး ကောင်တာဘက်သို့ လှမ်းကြည့်သည်။ ပြီးစာကို နောက်တစ်ဖန်ပြန်ကြည့်ရင်းမှ စဉ်းစားဟန်တစ်ချက်ပြုပါ၏။

ယမင်းနှင့် မြင့်မိုရ်တို့လည်း သားသားပုံစံကိုကြည့်၍ အူလည်လည်။ ထိုအချိန်မှာပင် သားသားမျက်နှာပြုံးသွားကာ ပါးစပ်မှအဆုံးအစမရှိသော စကားတစ်ခွန်းကို ပြောလိုက်သည်။



"ပထမပွဲတော့ ခံလိုက်ရပြီ"

ထိုသို့ပြောပြီး သားသားမှာ ကောင်တာဘက်သို့ ထသွားပါတော့သည်။

ကောင်တာရှေ့ရောက်တော့ သားသားလက်ဖြောက်နှစ်ချက် တီးလိုက်သည်ဆိုလျှင်ပဲ . . .

"သြော် . . . ရောက်လာပြီပဲ . . . ရော့"

ဟုဆိုကာ ကောင်တာမှဦးလေးကြီးက သူ့အား မာဘိုရိုစီးကရက်တစ်ဘူးပေးပါ၏။ ထိုဦးလေးကြီးပေးသော စီးကရက်ဘူးကို လှမ်းယူနေရင်းမှာပင် သားသားတစ်စုံတစ်ရာကို ရေရွတ်မိသည်။

"အင်း . . . ချစ်ဖို့ကောင်းသားပဲ"

သားသား ထိုသို့ပြောလိုက်သည်ကို ဦးလေးကြီးက ဘာကြားသည်မသိ။

"ဟင် . . . မီးခြစ်လား . . . ရော့ . . . "

"ဗျာ"

ဘာမှတော့မဟုတ်။ ဒါပေမယ့် သားသားဆေးလိပ်ဘူးထဲမှ တစ်လိပ်ထုတ်သောက်လိုက်ရပါတော့သည်။

သားသားပြန်ရောက်သည်ဆိုလျှင်ပဲ . . .

"ကောင်တာကို ဘာသွားလုပ်တာလဲ သားသား"

ယမင်းအမေးကြောင့် သားသားလက်ထဲမှ ဆေးလိပ်ဘူးကို ထောင်ပြလိုက်ရင်း . . .

"ဆေးလိပ်သွားဝယ်တာ"

သားသားအဖြေကြောင့် ယမင်းနှင့်မြင့်မိုရ်တို့ မျက်လုံးချင်းခုံသွားကြလေသည်။

ထိုအချိန်မှာပင် ကန်တင်းထဲသို့ ဆူညံဆူညံနှင့် လူသုံးယောက်ဝင်လာပါ၏။ ဆူညံသောအသံတွေကြောင့် ယမင်းတို့သုံးယောက်စလုံး၏ မျက်လုံးတွေလည်း ဆိုင်ပေါက်ဝဘက်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassi.com

"ဟင်"

ယမင်းနှင့်မြင့်မိုရ် နောက်တစ်ခေါက် မျက်လုံးချင်းဆုံသွားပြန်ပါ၏။ ဆိုင်ထဲသို့ဝင်လာသည်ကား . . .

သော်သော်၊ စိုင်းထက်နှင့် ရဲထွန်း။

ယမင်းနှင့်မြင့်မိုရ် ခေါင်းငုံ့ရန်ကြိုးစားမှုမတိုင်ခင်မှာပင် သော်သော်မှာ သူမတို့နှစ်ယောက်အား မြင်သွားပြီဖြစ်သည်။ မြင်လျှင်မြင်ချင်းပင် သော်သော့်ခြေလှမ်းတွေ အလိုလိုရပ်တန့်သွားရပါ၏။

သော်သော်ခြေစုံရပ်ကာ တစိုက်မတ်မတ်ကြည့်နေသည်ကား ယမင်းဆု။ ဘေးမှာ သူမချစ်သူပါမှန်းသိသည်။ ဒါပေမယ့် သူဂရုမစိုက်၊ ဂရုစိုက်ဖို့လည်းမလိုပေ။

ထိုအချိန်မှာပင် မဝံ့မရဲမော့ကြည့်လာသော ယမင်းမျက်ဝန်းနှင့် သူ့အကြည့်တို့ ဆုံမှတ်တစ်နေရာတွင် ထိခတ်မိသွားပြီးသည့်နောက်မှာတော့ . . .

သူ့ရင်တစ်ခုလုံး လှိုင်းထန်သွားရပါတော့သည်။

"ဝုန်း"ခနဲဆို ဘေးမှပုဂ္ဂိုလ်ထရပ်လိုက်တာ သူသိသည်။ ယမင်းလက်ဆွဲဟန့်တားလိုက်သည်ကိုလည်း မြင်သည်။

ဒါတွေက သူ့အတွက် အပိုကိစ္စတွေဖြစ်သွားလေပြီ။ အကြောင်းကား ဒီနေ့တစ်နေ့လုံးသည် အကြည့်တစ်ချက်နဲ့ အရာအားလုံး ပြီးပြည့်စုံသွားခဲ့ပြီမဟုတ်ပါလား။

ထို့နောက်မှာတော့ သူငယ်ချင်းတွေထိုင်ရာ ဝိုင်းဆီသို့ . . .

သူငယ်ချင်းတွေပဲ နေရာရွေးတတ်တာလား၊ သူကပဲကံကောင်းတာလားမသိ။ သူတို့ထိုင်ရာဝိုင်းက ယမင်းတို့ဝိုင်းနှင့်တစ်ဝိုင်းကျော်။ သော်သော် ယမင်းနှင့် မျက်နှာချင်းဆိုင်လောက်ကိုမှန်း၍ နေရာယူလိုက်သည်။

ထိုစဉ်မှာပင် . . .

"ဟေ့ကောင် . . . သော်သော် လုပ်ဦး"



"ဘာလဲဟ"

စိုင်းထက်၏ အရင်းအဖျားမရှိစကားကြောင့် သော်သော်ကြောင်သွားသည်။

"ငါတို့ လမ်းမှာငြင်းလာတဲ့ကိစ္စ"

"အဲဒါငါ ရှင်းပြပြီးသွားပြီလေ"

"မဟုတ်ဘူးဟေ့ကောင် . . . အဲဒါကို ငါတို့လက်မခံဘူး။ နောက်တစ်နည်းနဲ့ရှင်းပြ"

ယမင်းတို့လည်း ဘာတွေများ ရှင်းပြခိုင်းနေသနည်းဟူ၍ မိန်းမတို့သဘာဝအတိုင်း နားထောင်နေလိုက်သည်။

"အဲဒါဆို မင်းတို့နှစ်ကောင် ဒီဆိုင်ထဲမှာ စားပွဲဝိုင်းဘယ်နဝိုင်းရှိလဲ ထ,ရေလိုက်ကွာ"

သော်သော်ပြောသည့်အတိုင်းပင် ထိုနှစ်ယောက်မှာ တကယ်ထ,ရေပါ၏။ ယမင်းမှာ မျက်နှာချင်းဆိုင်ဖြစ်သည့်အတွက် အကုန်မြင်နေရသည်။

"လေးဆယ့်နှစ်ဝိုင်း . . . ဟေ့ကောင်"

"အေး . . . အဲဒါဆို တစ်ဝိုင်းကို အစုတစ်စုထားပြီး တွက်လိုက်၊ ဘယ်နစုရှိမလဲ"

"လေးဆယ့်နှစ်စုပေါ့"

ရဲထွန်းက ချက်ချင်းပင်ပြန်ဖြေသည်။

"မှားတယ် . . . လေးဆယ့်သုံးစု"

"ဟင်"

"ဘယ်လို"

ယမင်းတို့ စိတ်ဝင်စားသွားသည်။ ယမင်းပင်မဟုတ် သားသားပင် စိတ်ဝင်စားသွားပါ၏။ သော်သော်တို့အုပ်စုလုပ်ပုံတွေ သချာနည်းဆန်နေသည်။

"ဘာဖြစ်လို့လဲ . . . ရှင်းပါဦး"



www.burmeseclassic.com

www.burmeseclassi.com

စိုင်းထက်က မေးငေါ့ကာမေးသည်။

သော်သော် ရေးရေးလေးပြုံးလိုက်ပါ၏။ ထို့နောက် . . .

"မင်းတို့ ဇလာအစုဆိုတာကို မေ့နေပြီနဲ့တူတယ်"

"ဟင်"

စိုင်းထက်နှင့်ရဲထွဋ်နှစ်ယောက်စလုံး အသံတိတ်သွားသည်။ ပြီးမှ . . .

"အေး . . . ဟုတ်သားပဲ။ ငါတို့အဲဒါကို မေ့နေတယ်"

သော်သော် ခေါင်းညိတ်ပြလိုက်သည်။ မျက်မှန်ပါးအောက်မှ အကြည့်လေးတစ်စုံနှင့် ခလုတ်တိုက်မိပါ၏။ သော်သော့်ရင်ထဲ သက်တံ့နှစ်စင်းသာသွားသည်။

"နောက်ကြိုး အဲဒါနဲ့ခပ်ဆင်ဆင်တူတာ တစ်ခုရှိသေးတယ်ကွာ"

သူ့စကားကြောင့် စိုင်းထက်နှင့်ရဲထွဋ်တို့၏အကြည့်တွေ သူ့ထံ ပြန်ရောက်လာပါ၏။

"ဒါဘာလဲ"

ဟုဆို၍ သော်သော်က နီးစပ်ရာခဲတစ်လုံးကိုကောက်ကာ စားပွဲပေါ်တင်ပြသည်။

"ခဲလုံး"

"ကျောက်ခဲ"

ဖြေသံက နှစ်မျိုးထွက်လာပါ၏။ ထိုဖြေသံတို့ကြောင့် သော်သော်တစ်ချက်ပြုံးလိုက်ကာ . . .

"ဟုတ်ပြီ . . . စိုင်းထက်က ခဲလုံး၊ ရဲထွဋ်က ကျောက်ခဲ။ ကဲ စိုင်းထက် မင်းအရင်ပြော၊ ဒါဘယ်နှခုလဲ"

"တစ်ခု"

"မှန်တယ် . . . ကဲ . . . ရဲထွဋ်ကရော ဘယ်နှခုလဲ"

"တစ်ခုပဲပေါ့"

"မှားတယ်"



"ဟင်"

သူ့စကားကြောင့် ရဲထွဋ်ကြောင်ကာသွားသည်။

"ဟော့ကောင် ဘာကြောင်တာလဲ။ မင်းတင်ထားတာ တစ်ခုတည်းလေကွာ"

"ဟုတ်တယ်လေ . . အဲဒါကြောင့်မို့လို့ စိုင်းထက်မှန်တာပေါ့"

"ဒါဆို ငါက ဘာလို့မှားတာလဲ"

ရဲထွဋ် ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်သွားသည်။ ဖြစ်လည်းဖြစ်လောက်ပါ၏။

"မင်းက ကျောက်ခဲလို့ဖြေလို့"

"ဟ . . . ကျောက်ခဲလို့ဖြေတာနဲ့ တစ်ခုကနေ နှစ်ခုဖြစ်သွားရောလား"

"ဖြစ်တာပေါ့ ကျောက်ခဲဆိုတာ တစ်ခုတည်းမှမဟုတ်တာ။ နှစ်ခု"

"ဘာ"

"ဟုတ်တယ်လေ 'ကျောက်' နဲ့ 'ခဲ'ဆိုပြီး နှစ်ခု။ ကျောက်ဆိုတာ ငါတို့အားလုံးသိတဲ့ အုတ်၊ သဲ၊ ကျောက်ထဲက 'ကျောက်'။ ကျောက်ခဲဆိုတာ ခဲမဖြူ၊ ခဲ၊ သွပ်၊ ဓင့်တို့ထဲက 'ခဲ'။ အဲဒီတော့ ကျောက်ခဲဆိုတာ နှစ်ခု၊ ကျောက်နဲ့ခဲနဲ့ပေါင်းထားတာ။ ရှင်းပြီလား"

စိုင်းထက်နှင့်ရဲထွဋ်နှစ်ယောက်စလုံး သူ့စကားကြောင့် အူလည်လည်တွေ ဖြစ်ကုန်ကြသည်။

ထိုစဉ်မှာပင် ယမင်းတို့ဝိုင်းမှာ ပိုက်ဆံရှင်း၍ ထွက်သွားကြပါတော့၏။

သူတို့ဝိုင်းမှာတော့ ဆက်လက်ခုတ်မောင်းတုန်း။



www.burmeseclassic.com

www.burmeseclassi.com

# IX

သားသား ကားကိုပါကင်ထိုးကာ စာသင်ခန်းရှိရာသို့ လျှောက်လာခဲ့သည်။ သူ့စိတ်တွေ လေးလံထိုင်းမှိုင်းလို့နေပါ၏။ သူ့ခေါင်းထဲတွင် အာရုံတွေကမှုန်နှောက်နေသည်။ သူတစ်ညလုံးစဉ်းစားခဲ့သော်လည်း မှန်ကန်သောအဖြစ်တစ်ခုကို သူမရှာနိုင်သေး။

သူဘာလုပ်ရမည်နည်း။ ခြူးချစ်ချောနှင့်ကစားမိတာ မှားများမှားသွားပြီလား။ သမင်းကိုရော ဒီကိစ္စတွေဖုံးကွယ်ထားရမည်လား။ ဖွင့်ပြောရမည်လား၊ သူမဝေခွဲတတ်။

ထို့ကြောင့် သူကန်တင်းသို့ပင်မသွားဘဲ ကျောင်းခန်းဆီသို့သာ လျှောက်လာနေခြင်းဖြစ်ပါသည်။ ထိုစဉ်မှာပင် သူ့ရှေ့ခပ်လှမ်းလှမ်းမှ ဖရိုဖရဲဖြစ်နေသော ကျောင်းသားတစ်ယောက်ကို တွေ့ရသည်။



ထိုကျောင်းသားသည် နှုတ်ခမ်းမှာ ဆေးလိပ်ကိုညှပ်ထားရင်း လက်နှစ်ဖက်က ခန္ဓာကိုယ်အနှံ့ လျှောက်စမ်းနေပါ၏။ သူသဘောပေါက်လိုက်သည်။

"အစ်ကို . . . မီးခြစ်ပါရင် ခဏလောက်ငှားပါလား"

အနားရောက်ရောက်ချင်း ပြောလိုက်သောစကားကြောင့် သားသား ခပ်ဝေးဝေးကတည်းက အဆင်သင့်ထုတ်ထားသောမီးခြစ်ကိုကမ်းပေးလိုက်သည်။ သူပေးသောမီးခြစ်ကိုယူ၍ ထိုကျောင်းသားမှ ဆေးလိပ်ကို မီးညှိသည်။ ပြီး တစ်ဆက်တည်းပင် သူ့အားဆေးလိပ်ဘူးကို အဖုံးဖွင့်ကာ ထိုးပေးပါ၏။

ဒါ သူတို့ဆေးလိပ်ကြိုက်သူချင်း ယဉ်ကျေးမှုသဘော။ သားသားခေါင်းညိတ်လိုက်ကာ ဆေးလိပ်ဘူးကိုယူလိုက်သည်။ ဆေးလိပ်ဘူးက တစ်လိပ်မှပင် မထုတ်ရသေး။ ပြီး ဆေးလိပ်တစ်လိပ်ကိုယူထုတ်၍ နှုတ်ခမ်းတေ့အပြီးမှာပင် ဆေးလိပ်ဘူးကိုပြန်ပေးတော့"

"ပြန်ပေးစရာမလိုဘူးအစ်ကို။ တစ်ဘူးလုံး အစ်ကို့ကိုပေးတာ"

"ဟင်"

သားသား အံ့သြသွားသည်။ မီးခြစ်ခဏငှားရုံဖြင့် ဆေးလိပ်တစ်ဘူးရသည့်အဖြစ်က နည်းနည်းတော့ ထူးဆန်းနေပါ၏။ သားသား. မေးမည်ကြံစဉ်မှာပင် . . .

"ဘာလဲ အစ်ကိုက အံ့သြလို့လား။ မအံ့ဩနဲ့အစ်ကို တကယ်ပေးတာ။ အဲ . . . ကျွန်တော်ပေးတာတော့ မဟုတ်ဘူး"

သားသားစိတ်ဝင်စားသွားသည်။

"ဘယ်သူပေးတာလဲ"

"ကျွန်တော့်အစ်မ ပေးခိုင်းတာ"

"မင်းအစ်မက . . ."

"ခြူးချစ်ချော"

"ဟာ"



www.burmeseclassic.com

www.burmeseclassi.com

သားသား အာမေခိုတ်သံတွေပင် ထွက်သွားရလောက်အောင် အံ့သြသွားသည်။ သူဘယ်လိုမှမထင်ထား။

"ကျွန်တော့်ကိုပေးခိုင်းခါနီးတောင် ဆေးလိပ်ဘူးဖင်မှာ တစ်ခုခု ရေးလိုက်သေးတယ်။ ဘာအဓိပ္ပာယ်လဲတော့မသိဘူး"

ထိုကျောင်းသားစကားကြောင့် သားသား ကမန်းကတန်းပင် ဘူးဖင်ကိုထောင်ကြည့်လိုက်တော့ ဘောပင်ဖြင့် ရောမဂဏန်းတစ်လုံးသာ ရေးထားသည်။ ထိုဂဏန်းကား . . .

II

ထိုမျှသာ။

သားသား သဘောပေါက်လိုက်ပါပြီ။ ဒုတိယကစားပွဲကို သူ သတိလက်လွတ်စွာရှုံးသွားခြင်း။ ဒါပေမယ့် သားသားရင်ထဲတွင် တစ်ခု သေချာသွားခဲ့လေပြီ။ အဲဒါက ဒီကိစ္စကို ယမင်းအားဖွင့်ပြောရန် လုံးဝ မဖြစ်တော့။

ဒီလိုနှင့်ပဲ . . .

သားသားအိမ်သို့ ပြန်ခဲ့လိုက်ပါတော့သည်။

• • •

သော်သော်ကျောင်းထဲသို့ ခပ်သုတ်သုတ်ဝင်လာနေသည်။ လက်မှနာရီကိုလည်း တကြည့်ကြည့်ဖြင့်၊ သူ့ပုံစံက တစ်ခုခုနောက်ကျ သွားမှာစိုးရိမ်သလိုမျိုး အလျင်စလိုပုံစံဖြစ်နေသည်။

"ဆရာ့အချိန်တော့ လွတ်ပြီထင်ပါတယ်ကွာ . . . ကျွတ်"

သော်သော် တစ်ကိုယ်တည်းညည်းမိသည်။ ညကစိတ်ပါပါနှင့် သင်္ချာထိုင်တွက်နေတာ တော်တော်ကြာသွားသည်။ ထို့ကြောင့် ဒီနေ့ မနက်နိုးတော့ နေက ၄၅ ဒီဂရီလောက်မြင့်နေပြီဖြစ်ပါ၏။

ဒီနေ့မနက် ပထမဆုံးအချိန်က သင်္ချာချိန်။ သင်မည့်ဆရာက ဦးတင်မောင်။ ဦးတင်မောင်ဆိုတာ သူကျောင်းသို့ပထမဆုံး စတက်သည့် နေ့က အခန်းမှားပြီး တွေ့ဆုံခဲ့သည့်ဆရာ။

သော်သော် အလျင်စလိုပင် ကျောင်းလှေကားထစ်တွေကို ပြေး တက်လိုက်သည်။ ပြီး လှေကားဆုံးတော့ လူကို ၉၀ ဒီဂရီလှည့်ကာ အခန်းရှိရာသို့ တစ်ချိုးတည်းလိမ့်ပါ၏။

တော်သေးသည်။ ဆရာမထွက်သေး။

သော်သော် အခန်း၏ပထမတံခါးကိုကျော်၍ နောက်ပေါက်မှ လှမ်းဝင်လိုက်စဉ်မှာပင် သူ့ကိုကြည့်နေသော အကြည့်တစ်စုံနှင့်သွားဆုံ သည်။ ထိုအကြည့်ကား . . .

"သော်သော် . . . ရှေ့ကိုလာခဲ့ဦး"

သူကြက်သီးတွေပင် ထသွားသည်။ ဆရာ့အကြောင်း သူသိ သည်။ အဆူခံရမည်လား၊ ဒဏ်ပေးခံရမည်လား။ တစ်ခုခုတော့ သေချာ နေပါ၏။ အခန်းနောက်ဆုံးမှ ဟွန့်ဆုတ်စွာလျှောက်လာသောသူ့ကို တစ်ခန်းလုံးက ဝိုင်းကြည့်နေသည်။ အတန်းရှေ့ရောက်တော့ . . .

"မင်းဘာလို့ နောက်ကျနေတာလဲ"

ဆရာ့အသံက ပုံမှန်ထက် နည်းနည်းပိုကာ မာနေပါ၏။

"ကျွန် . . . ကျွန်တော် . . . အိပ်ရာထ နောက်ကျသွားလို့ပါ ဆရာ"

"ဘာကွ"

သော်သော်လန့်သွားသည်။ ပြီး အဝတ်တကယ်လန့်ဖြင့် ဆရာ့ မျက်နှာကြည့်မိတော့ သူ့အား စူးစိုက်ကြည့်နေသော မျက်လုံးနှင့်ဆုံသည်။ သော်သော် အလိုလိုခေါင်းငုံ့သွားသည်။

"မင်းအပြစ်မင်းသိလား"

"ဟုတ်ကဲ့ . . . သိပါတယ်"




www.burmeseclassic.com

www.burmeseclassi.com

သော်သော် အသံတွေပင် တုန်ချင်လာသည်။

"သိရင် ညာဘက်လှည့်"

သူကြောင်သွားသည်။ ရိုက်များရိုက်တော့မှာလား ဒီအရွယ်ကြီး ရောက်မှ ရိုက်တော့မရိုက်တန်ရာ။ ဒါပေမယ့် ပြောလို့တော့မရ။

ဦးတင်မောင်က သူများနှင့်တူတာမဟုတ်။

သော်သော် ယက်ကန်ယက်ကန်ဖြင့် ညာလက်လှည့်သွားသည်။

"ရှေ့ကိုပြန်လှည့်"

သူကြောင်တောင်တောင်ဖြင့် ရှေ့ပြန်ရောက်လာပြန်ပါ၏။ တစ်ခန်းလုံးကလည်း သူ့အားကြည့်၍ ရယ်သူကရယ်နေသည်။ ပြုံးသူက ပြုံးနေကြသည်။

"နောက်ကိုလှည့်စမ်း"

ဘုရား ... ဘုရား ခုနရိုက်ဖို့ အနေအထားမကောင်းလို့ နောက်ထပ်လှည့်ခိုင်းတာထင်တယ်။ သော်သော်စိတ်ထဲမှ တွေးမိသည်။ ဆရာခိုင်းသည့်အတိုင်း နောက်လှည့်လိုက်တော့ တစ်ခန်းလုံးနှင့်မျက်နှာချင်းဆိုင်၊ တစ်ခန်းလုံးက သူ့အားပြုံးစိပြုံးစိ လုပ်နေပါ၏။

"ရှေ့ကိုပြန်လှည့်"

သော်သော် ကိုယ်တစ်ပတ်လည်သွားသည်။ ဆရာဘာအဓိပ္ပာယ်နှင့် သူ့အားလှည့်ခိုင်းနေမှန်း နားမလည်။ သူ့ကို မော်ဒယ်လုပ်ခိုင်းမလို့ ကြည့်နေတာတော့ မဟုတ်တန်ရာ။

ထိုစဉ်မှာပင် ဆရာကသူ့အား အေးဆေးတည်ငြိမ်စွာ တစ်ခွန်းချင်းပြောလာသည်။

"အခုမင်းလှည့်တာ ဘယ်လိုပုံစံနဲ့လည်ပြီး ဘယ်လောက်ဒီဂရီ ရှိသွားလဲ"

"ဗျာ"

"ဟာ"

"ဟင်"



"အို"

အခုမှ သူသဘောပေါက်သွားလေပြီ။ ဆရာ့အမေးကြောင့် တစ်ခန်းလုံးလည်း ပါးစပ်တွေပွင့်သွားသည်။ ဒါပေမယ့် ...


သော်သော်ချက်ချင်းပင် ...

"နာရီလက်တံလည်သလိုလည်ပြီး ပထမ ညာလှည့်မှာ ၉၀ ဒီဂရီ ရှိပါတယ်။ ဒုတိယနောက်လှည့်က ၁၈၀ ဒီဂရီပါ။ တတိယရှေ့လှည့်ကလည်း ၁၈၀ ပါ။ အဲဒီနှစ်ခုပေါင်းတစ်ပတ်လည်က ၃၆၀ ဒီဂရီ ရှိပါတယ်"

သော်သော့်အဖြေကြောင့် ဆရာပြုံးသွားသည်။ ခုနသူ့အား ပြုံးစိစိလုပ်နေကြသူတွေလည်း အကုန်လုံးကြက်သေသေကုန်ကြပါ၏။

"ကဲ ... ခုနမင်းလှည့်သွားတဲ့အတိုင်း ဆရာ့ကို ဘောမှာ ပုံဆွဲပေးပါ"

သော်သော် ဆရာ့လက်ထဲမှ မြေဖြူကိုယူ၍ ဆရာခိုင်းသည့်အတိုင်း ဘောမှာပုံဆွဲပြလိုက်သည်။




သူဆွဲပြသောပုံကိုကြည့်၍ ဆရာကခေါင်းကိုညိတ်သည်။ ပြီး တစ်ဆက်တည်း ...

"အေး ... ဆရာအခုသင်နေတာလည်း အဲဒါပဲ။ သူ့ဟာတော့



www.burmeseclassic.com

www.burmeseclassi.com

ရပြီ"

ထိုစဉ်မှာပင် အတန်းပြောင်းသွားပါတော့သည်။ သူလေးငါးလှမ်းလောက်ရောက်မှ ဆရာကသူ့အား လှမ်းခေါ်ပါ၏။

"သော်သော် . . . ခဏ . . . "

"ဗျာ . . . ဆရာ"

"ဆရာမင်းကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးစရာရှိတယ်။ စနေနေ့ လည်နှစ်နာရီ ဆရာ့အိမ်ကိုလာခဲ့ပါလား"

သူလက်ပိုက်၍ ဦးခေါင်းကိုညွှတ်ကာ . . .

"ဟုတ်ကဲ့ဆရာ . . . ကျွန်တော်လာခဲ့ပါ့မယ်"

"အေး . . . အေး"

• • •

ဆရာထွက်သွားပြီးတော့ သူလည်းအတန်းပြင် လိုက်ထွက်ခဲ့သည်။

သူဒီနေ့မနက် ယမင်းအားမတွေ့ရသေး။ ပြီးတော့ စိုင်းထက်နှင့် ရဲထွဋ်တို့ကိုလည်း ရှာရဦးမည်။ ဤသို့ဖြင့် ယမင်းရှိရာအောက်ထပ်ကိုရောက်တော့ ယမင်းကို အတန်းမှာ ဆရာမ ဝင်နေသည်။

ယမင်းသူ့ကိုမတွေ့။ ဘောသို့ သာအာရုံစိုက်၍ ကြည့်နေသည်။ ဆရာမ၏ သင်ကြားမှုတွင် အာရုံစိုက်နေသော ယမင်းပုံစံလေးက အရမ်းကို ဖြူစင်နေပါ၏။ သူကြည့်နေရင်းဖြင့် တစ်စထက်တစ်စရင်ခုန်သံတို့ မြန်လာပါသည်။

ထိုစဉ်မှာပင် . . .

ဆရာမက မြေဖြူကိုကိုင်မြှောက်ရင်း တစ်စုံတစ်ယောက်ကို ခေါ်လိုက်သည်။ နာမည်ကိုတော့ သေချာမသဲကွဲလိုက်။ ဒါပေမယ့် ကျောင်းသားတစ်ယောက်ထလာသည်ကိုတော့ တွေ့လိုက်ရသည်။ ပြီး ထိုကျောင်း



သားမှာ ဆရာမလက်ထဲက မြေဖြူကိုယူရင်း ဘောမှာတစ်စုံတစ်ခုရေးခြစ်နေပါ၏။

သော်သော် စိတ်ဝင်စားသွားကာ ဘောကိုသေချာကြည့်လိုက်မိတော့ ဂျော်မက်ထရီပုစ္ဆာတစ်ပုဒ်။ သူသဘောပေါက်သွားသည်။ ဆရာမက ထိုကျောင်းသားအား ဂျော်မက်ထရီပုစ္ဆာကို ရှင်းခိုင်းခြင်း။

သချ်ာဆိုလျှင် ဝါသနာထုံသောသူ့အတွက်ကား ဘယ်လိုမှမနေနိုင်တော့။ ထိုဂျော်မနက်ထရီပုစ္ဆာတွင် မျောသွားချေပြီ။

ထိုစဉ်မှာပင် သူမျက်မှောင်တစ်ချက် ကြုတ်သွားပါ၏။ ပြီးပါးစပ်မှလည်း အမှတ်မထင်စကားမျိုး ပြောဖြစ်သည်။

"ဘာလို့ ပိုက်သာဂိုရပ်သီအိုရမ်နဲ့ စတွက်ရတာလဲ . . . ပိုက်သာဂိုရပ်နဲ့တွက်ရင်ကြာမှာပေါ့ . . . အမှန်က Apollonius အပိုလိုနီးရပ်သီအိုရမ်နဲ့ တွက်ရမှာ . . ."

ထိုကျောင်းသားတွက်သလိုပင် သူလည်းစိတ်ထဲမှ လိုက်တွက်မိသည်။ ပြီးပါးစပ်မှလည်း တိုးတိုး တိုးတိုး ရေရွတ်နေသည်။ သော်သော်အဖြေထွက်သွားပါပြီ။ ထိုအဖြေကို ပါးစပ်က လွှတ်ခနဲထွက်သွားသည်။

"အဖြေက . . .

$AB^2 + AC^2 = 2AE^2 + 2BE^2$"

ထိုကျောင်းသားမှာတော့ တွက်လို့ကောင်းနေတုန်း။ ထိုစဉ်မှာပင် . . .

"မောင်လေးက ဘယ်မေဂျာကလဲ"

အနီးကပ်ထွက်ပေါ်လာသော မိန်းကလေးသံတစ်သံကြောင့် သော်သော်လန့်သွားကာ လှည့်ကြည့်လိုက်သည်။

သူထက် အသက်ကြီးမည်ထင်ရပါ၏။ မထူမပါး ဘဲဥပုံမျက်မှန်တစ်လက်ကိုလည်း တပ်ထားသည်။

"ဟုတ်ကဲ့ . . . ကျွန်တော်သချ်ာကပါ။ ဘာဖြစ်လို့လဲမသိဘူး"



www.burmeseclassic.com

www.burmeseclassi.com

"သြော် . . . မဟုတ်ပါဘူး။ ခုန ကျော်မက်ထရီနည်းနဲ့ စဉ်းစားသွားတာလေးကို သဘောကျလို့ပါ။ အစ်မနာမည် ယဉ်ငြိမ်းအေးလို့ ခေါ်တယ်။ သင်္ချာနဲ့ပတ်သက်ပြီး နောက်တစ်ဘွဲ့ထပ်ယူမလို့ စာတမ်းစာစောင်ပြုစုနေတယ်ဆိုပါတော့"

"သြော် . . . ကျွန်တော့်နာမည် သော်သော်လို့ခေါ်ပါတယ်။ ဒုတိယနှစ် သင်္ချာကပါ"

"ဒါနဲ့ မောင်လေးသင်္ချာကို စိတ်ဝင်စားလား"

"အရမ်းစိတ်ဝင်စားပါတယ် အစ်မ"

"ဟာ . . . ဒါဆိုရင်တော့ အတော်ပဲ။ အစ်မနဲ့သင်္ချာအကြောင်း နည်းနည်းဆွေးနွေးကြည့်ရအောင်"

"ဟင် . . . အခုလား အစ်မ"

သော်သော်ပြောလည်းပြော လက်မှလည်းနာရီကို ငုံ့ကြည့်လိုက်သည်။

"အခု မဟုတ်ပါဘူးကွယ်။ မောင်လေးအားတဲ့တစ်နေ့နေ့ပေါ့။ လာမယ့်စနေနေ့လောက်ဆိုရင် အားလား"

"အင်း . . . မနက်ပိုင်းလောက်ဆိုရင်တော့ အားမယ်။ နေ့လယ်မှာချိန်းထားတာတစ်ခုရှိလို့"

"အစ်မလည်း နေ့လယ်ဘက်မအားပါဘူး။ နှစ်နာရီထိုး ဆရာဦးတင်မောင်အိမ်သွားဖို့ရှိတယ်"

"ဟင် . . . ဦးတင်မောင် . . . ဟို . . . ကျောင်းကသင်္ချာဆရာ ဦးတင်မောင်ကို ပြောတာလား"

"အေးလေ . . . သူ့အိမ်သွားရမှာ"

"ကျွန်တော်ကိုလည်း နှစ်နာရီ သူ့အိမ်လာခဲ့ဖို့ခေါ်ထားတယ်"

"ဟင်"

ယဉ်ငြိမ်းအေး မျက်လုံးပြူးသွားသည်။

"မင်းကိုလည်း ခေါ်ထားတယ်"



"ဟုတ်တယ် . . . ကျွန်တော့်ကို လာခဲ့ဖို့ခေါ်ထားတယ်။ ဘယ်လိုလုပ်ပြီး . . ."

သူစကားပင် မဆုံးလိုက်ပါ။

"မင်းနာမည်ဘယ်သူ . . . "

"သော်သော်ပါ"

ယဉ်ငြိမ်းအေး စဉ်းစားဟန်ပြုပြီးမှ ခေါင်းကို ဟဆက်ဆတ်ညိတ်သည်။

"ဆရာပြောတာ မင်းနဲ့တူတယ်"

"ဗျာ . . . ဘာ . . . ဘာပြော . . ."

"ဘာမှမဟုတ်ပါဘူး . . . ဒါဆို စနေနေ့မှပဲ တွေ့ကြတာပေါ့ ဟုတ်လား . . . အစ်မသွားပြီ"

ယဉ်ငြိမ်းအေးဆိုသူမှာ ဘက်လိုက်သော ဒိုင်လူကြီးတစ်ယောက်လို တစ်ဖက်သတ်ခရာတွတ်ကာ ပွဲသိမ်းသွားပါတော့သည်။

ကျန်နေခဲ့သော သူ့မှာတော့ စဉ်းစားစရာတွေတပုံကြီးပင်နှင့် . .



www.burmeseclassic.com

www.burmeseclassi.com

# X

သော်သော် ခြံတစ်ခြံရှေ့တွင်ရပ်ကာ ကို့ရိုးကားရားလုပ်နေသည်။ ခြံထဲကို ခြေဖျားထောက်ကြည့်လိုက်၊ ခေါင်းကုတ်လိုက်၊ လူခေါ်ဘဲလ်ကို နှိပ်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေပါ၏။

အိမ်က ဆရာဦးတင်မောင်၏အိမ်။ နေ့လည်နှစ်နာရီချိန်းထားသည့်အတွက် သူရောက်လာခြင်းဖြစ်သည်။ သို့သော် လူခေါ်ဘဲလ်ပဲပျက်နေလို့လား၊ အိမ်ထဲမှာလူပဲမရှိလို့လားမသိ၊ အခုထက်ထိ ထွက်မလာသေး။

အော်ခေါ်ရလျှင်ကောင်းမလား။ သော်သော် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သည်။ ဆိတ်ငြိမ်ရပ်ကွက်တစ်ခုဖြစ်သည့်အတွက် ပတ်ဝန်းကျင်မှာ တိတ်ဆိတ်လို့နေပါ၏။ ဒါလည်းမဖြစ်သေး။ ဒီအတိုင်းရပ်စောင့်နေလျှင်ရော . . .



ဒါက ပိုလို့တောင်မဖြစ်သေးသည်။ ထီးမပါ၊ ဘာမပါနေပူပူ ရပ်စောင့်ရသည့်အဖြစ်က အရှင်လတ်လတ်ငရဲခန်း။ ဒီလိုဆိုတော့ . . .

သော်သော် နည်းနည်းစဉ်းစားလိုက်သည်။ ပတ်ဝန်းကျင်နှင့်လည်း အဆင်ပြေ၊ အိမ်ထဲမှာ လူရှိမရှိလည်း သိရအောင် . . .

"အလှူခံပါတယ်ဗျို့ . . . အလှူခံ . . ."

အိမ်ထဲကို ရှိုးလိုက်သည်။ လှုပ်ရှားမှုတစ်စုံတစ်ရာ မရှိသေး။

"အိမ်ရှင်တို့ အလှူခံပါတယ်"

အသံကို နည်းနည်းထပ်မြှင့်လိုက်သည်။

"အိမ်ရှင်တို့ . . . အလှူခံ . . ."

ထိုအခါမှ . . .

"လာပြီ"

ဟူသော မိန်းကလေးသံတစ်သံနှင့်အတူ အိမ်ထဲမှမိန်းကလေးတစ်ယောက် ပြေးထွက်လာပါ၏။ ပြေးထွက်လာသော မိန်းကလေးကို ကြည့်၍ သော်သော်အံ့သြသွားသည်။ ထိုမိန်းကလေးလည်း သော်သော့်ကို မြင်သွားကာ . . .

"ဟင် . . . ရွှံကြယ်"

"ရှင် . . . ရှင် . . ."

နှစ်ယောက်စလုံး အံ့အားသင့်သွားသည်။ မှင်သက်သွားရာမှ ပထမဆုံး သော်သော်သတိဝင်ကာ . . .

"ဘာလုပ်နေတာလဲ . . . တံခါးလာဖွင့်လေ"

"ဘာလို့ဖွင့်ရမှာလဲ . . . အလှူခံထည့်တာ ခြံတံခါးအပေါက်ကထည့်လည်းရတာပဲ။ ဒါနဲ့အလှူခံသာဆိုတယ် ရှင်ကတစ်ယောက်တည်းပါလား . . .

ပြောနေရင်းမှ သူ့အားမသင်္ကာသလိုအကြည့်ဖြင့် ကြည့်နေသည်ကြောင့် . . .

"ဟာ . . . မင်းငါ့ကို ဘယ်လိုအကြည့်နဲ့ ကြည့်နေတာလဲ။ ငါ



www.burmeseclassic.com

www.burmeseclassi.com

အလှူခံမဟုတ်ဘူး”

“ဟင် . . . ရှင်ပဲခုန အလှူခံဆို”

“မဟုတ်ဘူး”

“ဟုတ်ပါတယ် . . . အလှူခံဆိုလို့ ကျွန်မထွက်လာတာ”

“ရော် . . . မဟုတ်ပါဘူးဆို”

ထိုအချိန်မှာပင် . . .

“ယမင်းရေ ဖွင့်ပေးလိုက် . . . သူအလှူခံမဟုတ်ဘူး။ သူ့ကို ဆရာခေါ်ထားတာ . . .”

ဆရာဦးတင်မောင်က အိမ်ပေါက်ဝမှ ထွက်ရပ်ကာ အော်ပြောပါသည်။ ထိုအခါမှ . . .

“ရှင် . . . ဟုတ်ကဲ့ဆရာ”

ယမင်းဆုမှာ ဖက်လေးပုံ၍ ခြံတံခါးကိုဖွင့်ပေးပါ၏။

“မင်းကိုငါ မပြောဘူးလား . . . ငါအလှူခံမဟုတ်ပါဘူးလို့”

သူ၏စကားကြောင့် ယမင်းဆုက နှုတ်ခမ်းကိုကိုက်ကာ မျက်စောင်းထိုးပါသည်။ သူကတော့ ဖွင့်ပေးသောတံခါးမှဝင်ကာ အိမ်ပေါက်ဝသို့ ဦးတည်လျှောက်လာခဲ့ပါတော့သည်။

“လာကွာ . . . မောင်သော်သော် . . . မင်းကိုမျှော်နေတာ။ ယဉ်ငြိမ်းအေးတို့လည်း ခုနကမှ ရောက်လာကြတာ”

ဆရာ့အား ဦးညွှတ်အရိုအသေပြုရင်း ဆရာခေါ်ရာနောက်သို့ လိုက်လာခဲ့ပါသည်။ သူတို့နှစ်ယောက်နောက်မှ ယမင်းဆုမှာပါလာ၏။

ယမင်းဆုမှာ ဆရာဦးတင်မောင် သမီးများလား . . .

သူစဉ်းစားနေသည်။ ဒါပေမယ့် မကြာခင်မှာပင် သူ့အတွေးတို့ ရှင်းလင်းသွားခဲ့ပါ၏။

“ဟာကွာ . . . သော်သော် . . . ညီမလေးနဲ့ စကားပြောနေသံကြားတည်းက မင်းလို့တော့ထင်သားပဲ။ ဒါပေမယ့် အလှူခံဆိုလို့”

ဆက်တီမှာ ထိုင်ရင်းပြောလိုက်သော ယဉ်ငြိမ်းအေးစကား



ကြောင့် သော်သော်ပြုံးလိုက်သည်။

“အဲဒါက ဒီလိုပါ။ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်နေတော့ ဒီအတိုင်းကြီးအော်ခေါ်ရင်မကောင်းလို့ အလှူခံဆိုပြီးအော်လိုက်တာ။ နောက်ပြီး လူခေါ်ဘဲလ်ကလည်း ပျက်နေတယ်ထင်လို့ . . .”

“အေးကွာ . . . လူခေါ်ဘဲလ်က ပျက်နေတာကြာပြီ”

သူ့စကားကို ဆရာဦးတင်မောင်က ဝင်ပြောသည်။

“ယဉ်ငြိမ်းအေးပြောပြလို့ မင်းနဲ့ဆုံပြီးသွားပြီဆိုတာသိတာ။ မင်းတို့ချင်း သိပြီးသားဆိုတော့ ဆရာမိတ်ဆက်ပေးစရာ မလိုတော့ဘူးပေါ့။ ကဲ . . . အဲဒါဆို မင်းတို့ချင်းစကားပြောကြဦး။ ဆရာ လုပ်စရာလေးတွေရှိသေးလို့ လုပ်လိုက်ဦးမယ်”

ဟုဆိုကာ ဆရာထသွားသည်။ ဆရာ့နောက်မှ ယမင်းဆုလိုက်သွားပါ၏။ သူနှင့် ယဉ်ငြိမ်းအေးကတော့ သင်္ချာနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်လျက် ရှိနေကြပါတော့သည်။

ဒီလိုနှင့် နှစ်နာရီလောက်ကြာသွားတော့ သူတို့ပြန်ရန် ပြင်ဆင်ကြသည်။ ထိုအခါ၌ပင် . . .

“အမေ့ . . .”

ကျယ်လောင်စွာထွက်ပေါ်လာသော ယမင်းဆုအသံကြောင့် သူရော၊ ယဉ်ငြိမ်းအေးရော ခေါင်းထောင်သွားသည်။ ဆရာ့ဇနီးအိမ်ပေါ် ပြေးတက်သွားသည်ကို မြင်လိုက်ရသည်နှင့် သူရော ယဉ်ငြိမ်းအေးရော အလိုလို ဆရာ့ဇနီးနောက်မှ ပြေးလိုက်မိသည်။

အိမ်ပေါ်ရောက်တော့ စပ်ဖြီးဖြီးမျက်နှာနှင့် ယမင်းဆုကို တွေ့ရပါ၏။

“ယမင်း . . . ဘာဖြစ်လို့လဲ”

ယဉ်ငြိမ်းအေး၏ အလျင်စလိုအမေးကို ယမင်းဆုကစပ်ဖြီးဖြီး လုပ်ရင်း

“အဟီး . . . ဘာမှမဖြစ်ဘူး . . . မီးလုံးတွေ စမ်းကြည့်တာ



www.burmeseclassic.com

www.burmeseclassi.com

ဓာတ်နည်းနည်းလိုက်သွားလို့"

သူသက်ပြင်းကို 'ဟူး'ခနဲ မှုတ်ထုတ်မိသွားသည်။

"သူကြိုးကိုင်ထားမှန်းမသိဘူး . . . ဆရာပလပ်ထိုးလိုက်တာ။ တော်သေးတာပေါ့ ဘာမှဖြစ်မသွားလို့"

ထိုသို့ ဆရာကပြောရင်း ပလပ်ကိုထိုးလိုက်သည်။ ထိုအခါ သူတို့နှင့်မျက်နှာချင်းဆိုင်မှ အခန်းတစ်ခန်း မီးလင်းသွားပါ၏။

ထိုအခန်းကား . . .

သူတို့တွေအကုန်လုံး ဆရာ့ဇနီးနောက်မှ လိုက်သွားမိသည်။ အခန်းဝရောက်တော့ အခန်းထဲ၌မြင်ရသည်ကား . . .

လူတစ်ရပ်နီးပါးရှိသော မင်္ဂလာဆောင်ဓာတ်ပုံတစ်ပုံ။ ထိုဓာတ်ပုံ၏ရှေ့မှာကား ရောင်စုံမီးသီးတွေဖြင့်ဝေသီနေသော ပန်းအိုးတစ်လုံး။ နောက်နံရံအနှံ့လိုက်ကပ်ထားသော သတို့သမီးဓာတ်ပုံတွေနှင့် ဖေဖော်ဝါရီ (၁၄)ဟူသော စာတမ်းများ။

ဓာတ်ပုံဘေးရှိခုတင်ပေါ်တွင်ကား နှင်းဆီပွင့်ဖတ်ခြောက်တွေ ကျဲပြန့်လျက်ရှိပြီး အိပ်ရာခင်းဖြူဖြူ၏အလယ်တွင် သွေးဖြင့်ရေးထားသည်ဟုထင်ရသော . . .

'နှင်းဆီ'ဆိုသည့်စာတန်း . . .

ထိုသို့ထူးဆန်းသော အပြင်အဆင်တွေကိုကြည့်၍ သော်သော် အံ့သြနေသည်။ ယမင်းတို့ညီအစ်မနှစ်ယောက်ကတော့ မြင်ဖူးနေကျပုံစံ တစ်ခုလို ဘာမှမဖြစ်သလိုမျိုး။

အထူးအဆန်းဖြစ်နေသော သော်သော့်ပုံစံကိုကြည့်၍ ဆရာက ဆိုသည်။

"မောင်သော်သော် . . . ဒီအခန်းကိုကြည့်ပြီး အံ့သြနေတယ်နဲ့ တူတယ်။ ယမင်းတို့ညီအစ်မနှစ်ယောက်ကတော့ မြင်ဖူးနေကျဆိုတော့ ဘာမှမဖြစ်ဘူး။ ဒါ ဆရာ့သားအခန်းလေ။ ဓာတ်ပုံထဲကမိန်းကလေးက သူ့ဇနီးပေါ့။ ဆရာ့သားက အိမ်ထောင်ရေးကံဆိုးလွန်းပါတယ်ကွာ"



ထိုသို့ ဆွေးမြည့်စွာပြောနေရင်းနှင့် ဆရာ့အသံ တိမ်ဝင်သွားသည်။

"ဆရာ့သားက ဖေဖော်ဝါရီလ (၁၄)ရက်နေ့မှာမွေးတာ။ အခုခေတ်အခေါ်ဆို ချစ်သူများနေ့မှာပေါ့။ သူ့ရဲ့မင်္ဂလာဆောင်ကိုလည်း သူ့မွေးနေ့ဖြစ်တဲ့ ချစ်သူများနေ့မှာပဲလုပ်ခဲ့တာ။ ဒါပေမယ့် အဲဒီချစ်သူများနေ့မှာပဲ မင်္ဂလာဆောင်ပြီးလို့အပြန် ကားအက်စီးဒင့်ဖြစ်ပြီး သူ့ဇနီးက သေသွားခဲ့တယ်"

"ဗျာ"

သော်သော် မှင်တက်သွားသည်။ ရင်ထဲတွင်လည်း နင့်သွားပါ၏။

"အဲဒီမှာ အရူးတစ်ပိုင်းဖြစ်ပြီး မစားနိုင်မသောက်နိုင်နဲ့ နောက်ဆုံး ဆေးရုံပါတင်လိုက်ရတယ်ကွာ"

ဆရာ့ဇနီး၏ငိုသံကို ကြားရသည်။ ယဉ်ငြိမ်းအေးနဲ့ ယမင်းဆုတို့လည်း မျက်ရည်ဝဲနေကြသည်။

"အခုတော့ သူဒီမှာမရှိတော့ဘူး။ ဆရာ့အစ်ကိုတွေရှိတဲ့ အမေရိကားမှာ။ ဒါပေမယ့် အခုလို ဖေဖော်ဝါရီ (၁၄)ရောက်ခါနီးတိုင်း သူ့အခန်းကိုဖွင့်ပြီး သန့်ရှင်းရေးလုပ်ပေးရတယ်။ ခုတင်ပေါ်ကပန်းခြောက်တွေ အသစ်လဲပေး၊ မွေးနေ့ကိတ်မှာ မီးထွန်းပေးရတယ်။ ပြီးရင် အဲဒါတွေ အကုန်လုံးကို ဗီဒီယိုရိုက်ပြီး သူရှိတဲ့အမေရိကားကို ပို့ပေးရတယ်"

ဆရာ၏စကားတို့ကြောင့် သူစိတ်မကောင်း တော်တော်ဖြစ်သွားရကာ ဆရာ့သားကိုလည်း ကိုယ်ချင်းစာမိသွားသည်။

"ဒီနေ့က ဖေဖော်ဝါရီ (၁၂)လေ။ အဲဒါကြောင့် သူ့အခန်းကိုဖွင့်ပြီး သန့်ရှင်းရေးလုပ်ပေးနေတာ"

ဆရာ့စကားကြောင့် သူလည်းအခုမှ သတိထားမိသွားသည်။

"သြော် . . . ချစ်သူများနေ့တောင် ရောက်တော့မှာပါလား"

ထိုသို့စိတ်ထဲမှရေရွတ်ရင်း ယမင်းဆုကို ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassi.com

ယမင်းက သူ့အားကြည့်နေသောအကြည့်နှင့် တစ်ခဏတာဆုံမိသွားလေသည့်နောက် သူ့ရင်တစ်ခုလုံး နွေးသွားရပါသည်။

ထို့နောက်တော့ ဆရာနှင့်သူ့ဇနီးအားနှုတ်ဆက်ကာ သူတို့အိမ်ပြန်ခဲ့ကြတော့သည်။

အပြန်လမ်းတစ်လျှောက်၌ သော်သော်၏စိတ်တို့ ဆွေးမြည့်ကာနေပါ၏။



# XI

"ဟော့ကောင် . . . သော်သော် ချစ်သူများနေ့မှာ ဘာလို့ချစ်သူအချင်းချင်း ချောကလက်ကျွေးတာလဲမင်းသိလား"

သူခေါင်းရမ်းပြလိုက်သည်။

"ငါသိတယ်"

ရဲထွဋ်က ဝင်ဖြေပါ၏။ ရဲထွဋ်စကားကြောင့် စိုင်းထက်မျက်နှာဝင်းသွားသည်။ သူလည်း စိတ်ဝင်စားသွားပါ၏။

"သိရင် လုပ်စမ်းပါဦး၊ ငါလည်းသိချင်လို့"

စိုင်းထက်၏အမေးကြောင့် ရဲထွဋ်တစ်ယောက် ဆရာကြီးစတိုင်ဖမ်းကာ . . .

"အဟမ်း . . . ဒီလိုရှိတယ်ကွ။ ချစ်သူများနေ့မှာ ချောကလက်ကျွေးတာက အဓိပ္ပာယ်နှစ်မျိုးရှိတယ်။ ယောကျ်ားလေးက မိန်းကလေးကိုကျွေးရင် အဓိပ္ပာယ်တစ်မျိုး၊ မိန်းကလေးက ယောကျ်ားလေးကိုကျွေးရင် အဓိပ္ပာယ်တစ်မျိုး ဆိုပြီးတော့ နှစ်မျိုးရှိတယ်"



www.burmeseclassic.com

www.burmeseclassi.com

စိုင်းထက်မှာ အမှန်တကယ်စိတ်ဝင်စားသွားပါ၏။ သော်သော်သည်လည်း တစ်ခါမှမကြားဖူးသည့်အတွက် ငြိမ်နားထောင်နေလိုက်သည်။

"အဲဒါဆို ယောကျ်ားလေးက မိန်းကလေးကိုကျွေးရင် ဘာအဓိပ္ပာယ်လဲ"

"ယောကျ်ားလေးက မိန်းကလေးကို ချောကလက်ကျွေးတာက အမှန်တကယ်ပြောရရင် ယတြာချေလိုက်တာကွ"

"ဟေ . . . "

သော်သော် အာမေဋိတ်သံပင် ထွက်သွားရပါသည်။ စကားလုံးတွေက ဆန်းလွန်းနေပါ၏။ သူပင်လိုက်မမီ။

ထိုအချိန်မှာပင် စိုင်းထက်မှာ သိချင်စိတ်ကို မချုပ်တည်းနိုင်တော့ပဲ။

"ဘာ . . . ဘာကို ယတြာချေလိုက်တာလဲကွ"

"ကိုယ်ချစ်တဲ့ကောင်မလေး ရုပ်ချောအောင်ပြင်ပြီး ကလက်တက်တက်နေမှာစိုးလို့ အဲလိုမနေအောင် ယတြာချေလိုက်တဲ့သဘော။ ချောကလက်ကျွေးတာက အဲဒီအဓိပ္ပာယ်ပဲ"

"ဟင်"

နှစ်ယောက်စလုံးကြောင်သွားသည်။

"ဟုတ်လို့လားကွာ . . . မင်းဟာက . . . "

စိုင်းထက်၏အမေးကို သကောင့်သားကပြန်မဖြေ။ ဆရာကြီးစတိုင်ဖြင့် ခေါင်းညိတ်ကာ ရေနွေးတစ်ခွက်ငှဲ့သောက်သည်။

"ဒါဆို မိန်းကလေးက ယောကျ်ားလေးကိုကျွေးတာကကော ရော"

ရဲထွဋ်က သူ့ကိုတစ်ချက်ကြည့်သည်။ ပြီးနောက် . . .

"ဒါကျတော့ မိန်းကလေးတွေက ယောကျ်ားလေးတွေကို တောင်းဆိုတာလည်း ပြောလို့ရတယ်၊ ပိတ်ပင်တယ်လို့လည်း ပြောလို့ရတယ်"

"ဘယ်လို . . . "

"ဒီလိုကွ . . . မိန်းကလေးက သူ့ချစ်သူယောကျ်ားလေးကို ချောကလက်ကျွေးရတဲ့ အဓိပ္ပာယ်က . . .

ရုပ်ချောတဲ့ကောင်မလေးတွေ များများရှိတဲ့ကလပ်ကို မတက်ပါနဲ့ဆိုတဲ့အဓိပ္ပာယ်ပဲ။ တစ်နည်းအားဖြင့် ပိတ်ပင်တာပေါ့ကွာ။ ချစ်သူစကားပြောရရင်တော့ တောင်းဆိုဟာပေါ့"

ရဲထွဋ်စကားကြောင့် သူတို့နှစ်ယောက်မှာ ယုံရခက်မယုံရခက်ဖြစ်သွားသည်။

"မင်းကိုဘယ်သူပြောလဲ"

သော်သော် မယုံသင်္ကာဖြင့် မေးလိုက်သည်။

"ဘယ်သူမှ မပြောဘူး"

"ဒါဆို ဘယ်စာအုပ်ထဲက ဖတ်ထားတာလဲ"

"ဘယ်စာအုပ်မှလည်း ဖတ်မထားဘူး"

"ဒါဖြင့် . . . "

"ငါ့ဟာငါတွေးမိတာကို ပြောပြတာ"

"ဟာကွာ . . . ချီးမှပဲ"

စိုင်းထက် ထဆဲသည်။

"အကောင်းအောက်မေ့လို့ နားထောင်နေတာ မင်းကြီးတော်ကြီး"

သူလည်း ရယ်သံတစ်ဝက်ဖြင့် ပြောမိသည်။

ရဲထွဋ်ကတော့ စပ်ဖြီးဖြီးလုပ်ကာ သူတို့နှစ်ယောက်ပုံစံကို ကြည့်၍ရယ်ပါ၏။

အတော်ကြာတော့မှ ရဲထွဋ်က အရယ်ကိုရပ်ရင်း . . .

"မင်းလည်း ယမင်းဆုကို ချောအောင်ပြင်ပြီး ကလက်တက်တက်နေအောင် ချောကလက်သွားကျွေးပါလား . . . ယတြာပေါ့ကွာ"





www.burmeseclassic.com

www.burmeseclassi.com

သူရယ်ဖြစ်သည်။

"မင်းတို့ အဲလိုပေါက်ကရပြောမှာစိုးလို့ အရင်ကတည်းက စဉ်းစားပြီးသားဟော့ကောင် . . . ချောကလက်မကျွေးဘူး"

သူ့စကားကို စိုင်းထက်က ခေါင်းညိတ်ထောက်ခံသည်။

"ဟုတ်တယ် . . . ဒီကောင့်နည်းလေးလည်း ကောင်းပါတယ်။ ငါတို့တွေ အလုပ်ရှုပ်တာကလွဲလို့ပေါ့"



# XII

သားသားဆိုင်တစ်ဆိုင်ထဲမှ ထွက်လာသည်။ သူ၏လက်ထဲတွင် ချောကလက်ထည့်ထားသောအိတ်တစ်အိတ်ကို ဆွဲထားပါ၏။ ဒီနေ့သည် ဖေဖော်ဝါရီ (၁၄) ချစ်သူများနေ့။

သူ ယမင်းကိုပေးဖို့ဝယ်လာခြင်းပင်။

စိတ်ထဲမှတွေးရင်း ကားမောင်းအထွက်မှာပင် ဖုန်းကမြည်လာပါ၏။

"ယမင်းဖုန်းလား မသိဘူး"

သူနှုတ်မှခပ်ကိုးတိုးရေရွတ်ရင်း ဖုန်းကိုကြည့်လိုက်တော့ ယမင်းဖုန်းမဟုတ်။ သူနှင့်တစ်ခါမှ မရင်းနှီးဖူးသော ဖုန်းနံပါတ်တစ်ခု။

"ဟယ်လို . . . အမိန့်ရှိပါခင်ဗျာ"

"မောင်သားသားဆိုတာလား မသိဘူး"

တစ်ဖက်မှ အသက်ခပ်ကြီးကြီးယောကျ်ားတစ်ယောက်အသံကြောင့် . . .

"ဟုတ်ပါတယ် သားသားပါ"



www.burmeseclassic.com

www.burmeseclassi.com

တစ်ဖက်မှ အသံခဏတိတ်သွားသည်။

"ဦးက ခြူးချစ်ချောရဲ့အဖေပါ။ မောင်သားသားနဲ့ ခဏလောက် စကားပြောချင်လို့။ မောင်သားသားအချိန်ရရင် ဦးနဲ့ခဏလောက်တွေ့ ရအောင်လား"

"ဗျာ . . . ခြူးချစ်ချောရဲ့အဖေ"

သားသား အံ့သြသွားသည်။ ဘာအကြောင်းကြောင့် ခြူးချစ်ချောအဖေက သူနဲ့တွေ့ချင်ရသနည်း။

"အန်ကယ် . . . ဘာကိစ္စကြောင့်များလဲ မသိဘူး"

"အဲဒါတွေကို မောင်သားသားနဲ့တွေ့မှပဲ ပြောပြပါ့မယ်။ ဦး မေတ္တာရပ်ခံပါတယ်ကွာ။ မောင်သားသားလာမှ ဖြစ်မှာမို့လို့ပါ"

ပြောနေရင်းဖြင့် ထိုအန်ကယ်လ်မှာ စိုးရိမ်တကြီးအသံမျိုး ဖြစ်လာသည့်အတွက် သားသားနားမလည်နိုင်အောင် ဖြစ်သွားသည်။

သူဘာလုပ်ရမည်နည်း။ လက်ခံရမည်လား၊ ငြင်းပယ်ရမည်လား။

"မောင်သားသား"

ထပ်မံထွက်ပေါ်လာသည်။ သူဝေခွဲ၍မရသေး။

"ဦး တကယ်ကို မေတ္တာရပ်ခံပါတယ်ကွာ။ အရေးကြီးလို့ပါ"

တစ်ဖက်မှအသံက ဝမ်းနည်းသလိုလို၊ စိတ်မကောင်းသလိုလိုဖြင့် အဖျားခတ်ကာ တုန်သွားသည်။ သူအားနာသွားရလေသည်။

"ဟုတ်ကဲ့ . . . ကျွန်တော်တို့တွေ့ကြတာပေါ့။ ဘယ်တော့လောက်အန်ကယ်လ်တွေ့ချင်လဲ"

"တွေ့ချင်တာတော့ အခုပဲ။ ဖြစ်နိုင်ရင် အခုပဲလာခဲ့ပါလား"

"ဘယ်ကိုလဲ . . ."

" . . . ဆေးရုံကို . . ."

• • •



"အဲဒါပါပဲကွာ"

ခြူးချစ်ချောအဖေမှာ ဇာတ်လမ်းရှည်ကြီးတစ်ပုဒ်ပြောပြလိုက်ရသည့်အတွက် မောသွားသည့်ထင်သည်။

ခြူးချစ်ချောကတော့ ခုတင်ပေါ်မှာ ပတ်တီးအဖွေးသားနှင့် အိပ်ပျော်နေပါ၏။

"သမီးအရင်တုန်းက အဲလိုမဟုတ်ဘူး။ ဦးပြောရင်ရတယ်။ အခုမှပဲ . . ."

ထိုအန်ကယ်လ်မှာ စကားကိုရပ်၍ ခေါင်းရမ်းသည်။

"မိတဆိုးသမီးလေးဆိုပြီး ဦးကအလိုလိုက်ထားတာလည်း ပါတာပေါ့။ ဆိုးသွားတာက ဦး နောက်အိမ်ထောင်ပြုပြီးမှဆိုးသွားတာ။ ဦးကိုတောက်လျှောက်ရှုတော့တာပဲ။ ဦးကလည်း ဒီသမီးလေးတစ်ယောက်တည်းဆိုတော့ ဒီအတိုင်းလွှတ်မထားနိုင်ဘူးလေ။ အဲဒါကြောင့် သွားလေရာမှာ ဦးတပည့်တွေကို နောက်ကလိုက်စောင့်ရှောက်ခိုင်းဟာ။ အဲဒါ သူ့ကို ချုပ်ချယ်ပါတယ်ဆိုပြီး အမြဲပြဿနာလုပ်တယ်။ အခုလည်း သူ့ နောက်ကလိုက်ရမလားဆိုပြီး ရှေ့ကကားကို ကမင်တကာဝင်ဆောင့်ပစ်လိုက်တာ . . . ဦးသိတယ်"

ကြားရသောစကားတွေကြောင့် ခြူးချစ်ချောကိုလည်း သနားသွားရကာ ဖခင်ဖြစ်သူကိုလည်း စာနာမိသွားသည်။

"သမီးက ဒီနေ့မနက်မှသတိရတာ။ ရရချင်း မောင်သားသားနာမည်ကိုပဲခေါ်ပြီး တွေ့ချင်တယ်ချည်းပဲပြောနေလို့ ဦးရအောင်ခေါ်ပေးပါ့မယ်ကတိခံပြီး ပြန်အိပ်ခိုင်းထားတာ။ တော်သေးတာပေါ့ကွယ် မောင်သားသားဖုန်းနံပါတ်ကို သူ့စာအုပ်ထဲကတွေ့လို့။ နောက်ပြီး မောင်သားသားလည်းရောက်လာလို့ . . . မဟုတ်ရင် ဦး ဘယ်လိုရှင်းရမလဲမသိဘူး"

ထိုအန်ကယ်လ်မှာ ပြောပြီး သူ့သမီးကိုကြည့်သည်။

ခေါင်းနှင့်ခြေထောက်မှာ ပတ်တီးအဖွေးသားဖြင့် ခြူးချစ်ချော အိပ်နေပုံလေးက ကလေးငယ်တစ်ယောက်လို သနားစရာ။



www.burmeseclassic.com

www.burmeseclassi.com

"နောက်ပြီး ဒီစီးကရက်ဘူးလေးကိုလည်း အမြဲတမ်းသူ့နားမှာ ထားတယ်။ တစ်ခါတစ်ခါ ဒီစီးကရက်ဘူးလေးကိုကြည့်ပြီး ငိုင်နေတတ်တာကွ"

ပြောနေရင်းမှ ထိုအန်ကယ်လ်က ခြူးချစ်ချောခေါင်းအုံးအောက်ရှိ စီးကရက်ဘူးလေးကို ထုတ်ပြသည်။ သားသားစီးကရက်ဘူးလေးကို ယူပြီးကြည့်မိတော့ . . .

မာဘိုရိုဟ်ဆိပ်နှင့် ဘူးဖင်မှာ ရောမဂဏန်း (III) လို့ရေးထားသော . . .။

သားသား လှိုက်ခနဲဝမ်းနည်းသွားရပါသည်။ ဒီစီးကရက်ဘူးလေးက သူ့ကိုပေးမည့်စီးကရက်ဘူးလေး . . .

သားသားစီးကရက်ဘူးလေးအား ကြည့်နေရင်းမှပင် ခြူးချစ်ချောမှာ မျက်တောင်တို့ခတ်လာသည်။

"သမီး . . . နိုးလာပြီထင်တယ်"

သူ့လက်ထဲမှ စီးကရက်ဘူးလေးကိုယူကာ ခေါင်းအုံးအောက်ပြန်ထည့်ရင်း ထိုအန်ကယ်လ်ကဆိုသည်။

မကြာပါ။ ခြူးချစ်ချောမျက်လုံးတို့ ပွင့်လာပါ၏။ ထို့နောက် သူ့ကိုတွေ့သွားကာ . . .

"သား . . . ခြူးဆီလာတယ်နော်"

ဟု နွမ်းလျစွာပြောသည်။ သူခေါင်းညိတ်ပြမိသည်။

"ကဲ . . . သမီးတို့စကားပြောကြဦး။ ဖေဖေအောက်ဆင်းပြီး ဆေးဝယ်လိုက်ဦးမယ်။ မောင်သားသားခဏကွာ"

ဟုဆိုကာ ခြူးချစ်ချောအဖေက သူ့အား ပခုံးဖက်ခါအပြင်ခေါ်ထုတ်သွားသည်။ အပြင်ရောက်တော့ . . .

"ဦး အနူးအညွတ်မေတ္တာရပ်ခံပါတယ်ကွာ။ သမီးက နှလုံးရောဂါသည်လေးမို့ သူ့ဆန္ဒကို အတတ်နိုင်ဆုံးလိုက်လျောပေးပါကွာနော်"



သူခေါင်းညိတ်ပြမိ၏။ ထို့နောက် သူ့အားအားနာပြုံး တစ်ချက်ပြုံးကာ ပခုံးတစ်ချက်ပုတ်ရင်း ထွက်သွားသည်။ သားသား အခန်းထဲပြန်ဝင်လိုက်တော့ . . .

"သား . . . ခြူးကို ဟိုနံရံကပြက္ခဒိန်လေးတစ်ချက်လောက်ယူပေးပါလား"

သားသားပြက္ခဒိန်ကိုဖြုတ်လာကာ ခြူးချစ်ချောအား ပေးလိုက်သည်။ ခြူးချစ်ချောက ပြက္ခဒိန်ကို တစ်ရွက်လှန်ရင်း . . .

"ဒီနေ့ ဘာနေ့လဲသိလား"

သားသားလက်မှ နာရီကိုပင်ကြည့်ရင်း . . .

"ဖေဖော်ဝါရီ (၁၄) . . ."

"ဒါဆို ချစ်သူများနေ့ပေါ့နော်"

သားသားပြန်မဖြေမိ။ သူမလက်ထဲမှ ပြက္ခဒိန်ကိုသာ အကြောင်းမဲ့ ငေးနေသည်။

"ခြူး . . . ဟိုး ငယ်ငယ်ကတည်းက စိတ်ကူးယဉ်ခဲ့တဲ့ကိစ္စတစ်ခုရှိတယ်သိလား။ အဲဒါက ချစ်သူများနေ့မှာ ကိုယ်ချစ်ရတဲ့သူကိုယ်တိုင်လက်ဆောင်ပေးတဲ့ ချောကလက်လေးကို လိုချင်မိခဲ့တာပဲ။ ဒါပေမယ့် အခုချိန်ထိ အဲဒီစိတ်ကူးလေးက လေထဲမှာပဲရှိပါသေးတယ် သားရယ်"

ခြူးချစ်ချောမှာ ပြောနေရင်းဖြင့် အသံတို့တုန်လာကာ ရှိုက်သံတို့ရောနှောလာသည်။ သားသား ဘောင်းဘီအိတ်ကပ်ကို အလိုလိုစမ်းမိသွားသည်။ ယမင်းအတွက်ဝယ်ထားသော ချောကလက်ဘူးလေးက ပုံစံမပျက်ရှိနေပါ၏။ ခြူးချစ်ချောပြောသည့်အဓိပ္ပာယ်ကို သူနားလည်သည်။ သူဘယ်လိုလုပ်ရမည်နည်း။

ခြူးချစ်ချောမှာတော့ ပတ်တီးအဖွေးသားနှင့် ကျိုးသွားခဲ့သော ခြေထောက်တစ်ဖက်ကိုကြည့်ရင်း တရှုံ့ရှုံ့ငိုကြွေးနေသည်။

သားသား၏မျက်ဝန်း၌ ယမင်း၏မျက်နှာပေါ်လာလိုက်၊ ပျောက်သွားလိုက်၊ နောက်ပတ်တီးအဖွေးသားနှင့် တရှုံ့ရှုံ့ငိုကြွေးနေသော



www.burmeseclassic.com

www.burmeseclassi.com

ခြူးချစ်ချော၏ မျက်နှာ၊ သူမအဖေအနူးအညွတ်ပြောသွားခဲ့သော စကားများ . . .

နောက်ဆုံး၌ သားသား၏လက်မှာ ဘောင်းဘီအိတ်ထဲ အလိုလို ရောက်မိသွားပါတော့သည်။



# XIII

"ယမင်း . . . နှင့်ကိုသားသား ဘာလက်ဆောင်ပေးပြီးသွားပြီလဲ"

"လက်ဆောင် . . . ဘာလက်ဆောင်လဲ"

"ဟဲ့ . . . ဒီနေ့ဘာနေ့လဲ နှင်မသိဘူးလား"

"သိတယ်လေ . . . ဖေဖော်ဝါရီ (၁၄)ရက်၊ ချစ်သူများနေ့"

"အေးလေ . . . အဲဒါကြောင့်မို့လို့ နှင့်ကိုဘာလက်ဆောင်ပေးပြီးသွားပြီလဲမေးတာပေါ့"

ယမင်း ခေါင်းရမ်းပြလိုက်ပါသည်။ သူမတို့နှစ်ယောက် အဆောင်ရှေ့မြက်ခင်းပြင်ပေါ်တွင် ထိုင်နေကြခြင်းဖြစ်ပါ၏။

"သားသားနဲ့ရော တွေ့ပြီးပြီလား"

"မတွေ့သေးဘူး"

ယမင်းအဖြေကြောင့် မြင့်မိုရ်က ခေါင်းရမ်းသည်။



www.burmeseclassic.com

www.burmeseclassi.com

"နင်တို့နှစ်ယောက်ကိုကြည့်ရတာ ချစ်သူတွေနဲ့တောင် မတူတော့ဘူး။ တဖြည်းဖြည်း ဝေးဝေးသွားသလိုပဲ"

မြင့်မိုရ်စကားက ယမင်းရင်ထဲကို တိုက်ရိုက်မှန်သည်။ လူချင်းလည်းမတွေ့မြစ်၊ ဖုန်းလည်းမပြောဖြစ်သော သူတို့ချစ်သူနှစ်ယောက်က မြင့်မိုရ်ပြောလည်း ပြောချင်စရာ။

"အစ်မကြီး . . . ရေသန့်ဘူးယူဦးမလား"

တက္ကသိုလ်တွေ၏ထုံးစံအတိုင်း ဈေးရောင်းသူကလေးလေး ကစ်ယောက်က လာမေးပါ၏။ ယမင်းခေါင်းရမ်းပြလိုက်သည်။ ထိုအချိန်မှာပင် . . .

"ဟဲ့ . . . ယမင်း ဒီမှာ နင့်နာမည်ကြီးတော့ . . . "

မြင့်မိုရ်၏ အလန့်တကြားစကားကြောင့် ယမင်းပင်လန့်သွားကာ . . .

"ဘယ်မှာလဲ"

"ဒီမှာ . . . ဒီကောင်လေးအင်္ကျီနောက်ကျောမှာ"

ဟင်"

ယမင်း အလျင်အမြန်ပင် ဈေးသည်ကောင်လေးနောက်ကျောကိုကြည့်လိုက်သည်။ ထိုအခါ၌ ယမင်းမြင်လိုက်ရသည်ကား . . .

**ထမင်းဆုတောင်း**

ဖေဖော်ဝါရီ (၁၄)မှသည်
နှောင်နှစ်ပေါင်း (၁၀၀)တိုင်အောင်
မင်းရဲ့ဝင်သက်ထွက်သက်တိုင်းမှာ
ပျော်ရွှင်မှုတွေနဲ့ကြုံပါစေ။

သော် သော်
သြော့ သြော့



"ဟင်"

ယမင်း မယုံကြည်နိုင်လောက်အောင်ကိုဖြစ်သွားရပါသည်။ စာအောက်ဆုံး၌တွေ့ရသောနာမည်ကြောင့် ရင်ခုန်သွားတာလည်း ဖြစ်နိုင်ပါသည်။

ဒါ . . . ချစ်သူများနေ့အတွက် သားသားပေးတဲ့လက်ဆောင်လား။ ယမင်းစိတ်ထဲမှတွေးရင်း ပျော်ရွှင်မှုတွေ အတိုင်းထက်အလွန်ဖြစ်ထွန်းသွားသည်။

မြင့်မိုရ်ကတော့ စာရိုက်ထားသောအင်္ကျီကိုကြည့်ရင်း . . .

"ဒီအင်္ကျီ မင်းကိုဘယ်သူပေးတာလဲ"

ရုပ်တည်ဖြင့်မေးသော မြင့်မိုရ်အမေးကြောင့် ကောင်လေးက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် . . .

"ဟို . . . အ . . . အစ်ကိုကြီးသုံးယောက် လာပေးသွားတာ"

"ဘယ်လို"

ကောင်လေးအဖြေကြောင့် မြင့်မိုရ်အံ့သြသွားပါသည်။ မြင့်မိုရ်ပင်မဟုတ်၊ ယမင်းလည်း အံ့သြသွားသည်။

"အစ်ကိုကြီးသုံးယောက် . . . ဟုတ်လား . . . ဘယ်လိုပုံစံတွေလဲ။ အစ်မကို သေသေချာချာပြောပြစမ်း"

"ဟို . . . ပုံစံတွေတော့ မမှတ်မိတော့ဘူးအစ်မ။ အစ်ကိုကြီးသုံးယောက် မနက်အစောကြီးလာပြီး ကျောင်းကန္တီန်တော်ကို့လို ဈေးသည်တွေကိုခေါ်တယ်။ ပြီးတော့ ဒီလိုအင်္ကျီတွေဝတ်ခိုင်းပြီး မုန့်ဖိုးပေးသွားတာပဲ"

"ဘာတွေ မှာသွားသေးလဲ"

"ဒီအင်္ကျီကို တစ်နေ့လုံးဝတ်ရမယ်လို့ မှာသွားတယ်"

မြင့်မိုရ်က စကားကိုရပ်ကာ သူမကိုကြည့်သည်။

"ဒါဆို မင်းတို့လိုဈေးသည်တွေအကုန်လုံး ဒီလိုအင်္ကျီမျိုးတွေချည်းပဲ ဝတ်ထားကြတာပေါ့"



www.burmeseclassic.com

www.burmeseclassi.com

"ဟုတ်ပါတယ် အစ်မ"

ယမင်း ပါးစပ်ဟောင်းလောင်းကို ပွင့်သွားရလေသည်။

ဖျတ်ခနဲလည်း ကြက်သီးတွေထသွားသည်။

လူမတွေ့ရပေမယ့် သားသား၏လက်ဆောင်က ယမင်းနှလုံးသားကို လှုပ်ခတ်သွားစေပါ၏။

'Romatic ဖြစ်လိုက်တာ သားသားရယ်' ယမင်းစိတ်ထဲမှ ရေရွတ်ရင်း သားသားကို ချီးကျူးမိသည်။

ဈေးသည်ကောင်လေးကတော့ သူမတို့ရှေ့မှ ကြောင်တောင်တောင်ဖြင့် ရပ်နေပါ၏။

"မောင်လေး အစ်မကို ဒီအကျီပေးပါလား"

ယမင်းစကားကြောင့် ကောင်လေးမှာပျာပျာသလဲဖြစ်သွားသည်။

"ဟာ . . . မဖြစ်ဘူးထင်တယ် အစ်မ . . . ကျွန်တော်တို့ တစ်နေ့လုံးဝတ်မယ်ဆိုပြီး ကတိပေးထားတာ။ နောက်ပြီး မုန့်ဖိုးလည်း ယူထားသေးတော့ . . . "

ယမင်းပြုံးလိုက်သည်။

"ဒါဆို ညနေကျောင်းဆင်းမှပဲ အစ်မကိုလာပေး။ အစ်မ ဒီနားမှာပဲစောင့်နေမယ်။ မင်းကို မုန့်ဖိုးပိုပေးပါ့မယ်ကွာ"

သူမစကားကြောင့် ကောင်လေးမျက်နှာပြုံးသွားသည်။ နောက် ကျေနပ်ဟန်ပြသော မျက်နှာနှင့် 'ဟုတ်ကဲ့' ဟုဆိုကာ ဈေးရောင်းရန် ထွက်သွားပါတော့သည်။

ကောင်လေး တော်တော်ဝေးဝေးရောက်မှ ယမင်းကထပ်အော်သတိပေးလိုက်သည်။

"မောင်လေး . . . မမေ့စေနဲ့နော်"

သူမ၏အော်လိုက်သံကြောင့် မြင့်မိုရ်က သူမကိုလှည့်ကြည့်ရင်း . . .

"ဒါ ဘယ်သူ့လက်ချက်လို့ထင်လဲ"



သားသားပဲ နေမှာပေါ့။ စာရဲ့အောက်ဆုံးမှာ မတွေ့ဘူးလား ဟိုတစ်ခါ စာထဲကနာမည်အတိုင်းပဲ (ဖြသဲ့ ဖြသဲ့) ဆိုပြီးပါတယ်"

ဟုဆိုကာ ယမင်းက သူမမှတ်ထားလိုက်သော စကားလုံးကို ရေးပြသည်။

သူမစကားကို မြင့်မိုရ်ကမထောက်ခံပါ။ အချိန်အတော်ကြာ စဉ်းစားပြီးကာမှ . . .

"ငါတော့ မထင်ဘူး"

"ငါကတော့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassi.com

## XIV

"ဆရာ . . . ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

ဆရာဦးတင်မောင်ရုံးခန်းရှေ့၌ ရပ်ရင်းပြောလိုက်သောသူ့အသံကြောင့် ဆရာက ကျောင်းသူတစ်ယောက်နှင့် စကားပြောနေရာမှ သူ့အား လှမ်းကြည့်ရင်း . . .

"အေးကွာ . . . သော်သော်လာ"

ရုံးခန်းထဲသို့ဝင်၍ ဆရာညွှန်ပြသောခုံတွင် ဝင်ထိုင်လိုက်သည်။ ထိုအခါမှ ဆရာ့ရှေ့တွင်ထိုင်နေသော မိန်းကလေးကိုကြည့်မိတော့ . . .

"ဩော် . . . မယဉ်ငြိမ်းအေး"

သူ၏နှုတ်ဆက်မှုကြောင့် ယဉ်ငြိမ်းအေးက သူ့အားပြုံးပြသည်။

"ဆရာ မင်းတို့နှစ်ယောက်ကို ဘာကြောင့်ခေါ်လိုက်သလဲ သိလား"

နှစ်ယောက်လုံးမသိကြောင်း ခေါင်းရမ်းပြကြသည်။



"အေး . . . ဆရာ သချ်ာနဲ့ပတ်သက်တဲ့ စာတမ်းတစ်စောင် ဌာနကိုတင်စရာရှိတယ်။ အဲဒါမင်းတို့နှစ်ယောက်ကို ရေးခိုင်းမလို့"

"ဗျာ . . ."

"ရှင် . . ."

နှစ်ဦးလုံး အံ့အားသင့်သွားကြကာ စိတ်လည်းတော်တော်လှုပ်ရှားသွားသည်။

"ဒါပေမယ့် ဆရာ့နာမည်နဲ့တင်မှာမဟုတ်ဘူး။ မင်းတို့နာမည်နဲ့ တင်ပေးမှာ"

နှစ်ဦးလုံး ရင်ခုန်သွားကြပါ၏။ ဒီလိုအခွင့်အရေးမျိုးက ရခဲသည်။

"ဘယ်လိုလဲ . . . စိတ်ဝင်စားကြလား"

"ဟုတ်ကဲ့ စိတ်ဝင်စားပါတယ်"

နှစ်ဦးလုံးပြိုင်တူလို ထွက်သွားသည်။

"အဲဒါဆိုရင် . . . ရော့ . . ."

ဟုဆိုကာ ဆရာက သူတို့နှစ်ဦးရှေ့သို့ စာအုပ်တစ်ယောက်တစ်အုပ်စီ ထိုးပေးသည်။ သော်သော်ကောက်ယူ၍ ကြည့်လိုက်ပါ၏။

သူတစ်ခါမှမမြင်ဖူးသော သချ်ာစာအုပ်တစ်အုပ် . . .

"ဒီစာအုပ်တွေကို ကိုးကားပြီးရေးထားကြ။ ဆရာလိုတဲ့အချိန်ကျရင်ယူမယ်။ မင်းတို့နှစ်ယောက်ထဲကမှ ဆရာသဘောကျတဲ့စာတမ်းကို ဌာနကိုတင်မယ် ဟုတ်ပြီလား"

သူနှင့်ယဉ်ငြိမ်းအေး မျက်လုံးချင်းဆုံသွားသည်။ ထို့နောက် ..

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာဦးတင်မောင်၏ ရုံးခန်းတွင်းမှ ပြန်ထွက်သွားကြသော ခြေသံအချို့ကို ကြားရပါတော့သည်။

ရုံးခန်းဝအရောက်မှာပင် အသင့်စောင့်နေသော စိုင်းထားနှင့်ရဲထွဋ်က . . .



www.burmeseclassic.com

www.burmeseclassi.com

"ဟောကောင် . . . ငါခုန တွေ့လိုက်တယ်"

"ဘယ်သူ့ကိုလဲ"

သူကြောင်တောင်တောင်ဖြင့် ပြန်မေးလိုက်သည်။

"ဘယ်သူရှိရမှာလဲကွာ . . . မင်းရဲ့ . . ."

သော်သော်ချက်ချင်းပင် စိုင်းထက်ပါးစပ်ကို ပြေးပိတ်လိုက်ရသည်။ ပြီး အလျင်စလို နောက်လှည့်ကြည့်မိတော့ . . .

တော်သေးသည်။ ယဉ်ငြိမ်းအေးမှာ သူတို့နှင့်ဝေးနေသေးလို့ သူတို့ပြောသံကို မကြား။ ပြီး အတင်းပင် စိုင်းထက်ကိုဆွဲခေါ်လာရကာ

"မင်းတို့နှစ်ကောင်ကတော့ ဘယ်တော့မှ ရှေ့နောက်မကြည့်ဘူး။ ခုန ငါနဲ့အတူတူရုံးခန်းထဲကထွက်လာတာ ဘယ်သူလဲသိလား"

စိုင်းထက်နှင့်ရဲထွဋ်မှာ ကြောင်တောင်တောင်ဖြင့် ခေါင်းရမ်းပြသည်။

"အဲဒါ ယမင်းဆုအစ်မ"

"ဟေ"

"ဟုတ်လို့လား"

"မင်းတို့မယုံရင် လိုက်သာမေးချေ"

ရုပ်တည်နှင့်ပြောသော သူ့ပုံစံကြောင့် စိုင်းထက်နှင့်ရဲထွဋ်မှာ ငြိမ်သွားပါ၏။ ထိုအခါမှ သော်သော်သတိရသွားကာ . . .

"မင်းတို့ဘယ်နားမှာ တွေ့လိုက်တာလဲ"

ပထမတော့ နှစ်ယောက်သားကြောင်သွားသည်။ နောက်မှ သဘောပေါက်သွားကာ . . .

"ဒီ အဆောင်ရှေ့မှာတွေ့လိုက်တာ။ ကန်တင်းဘက်သွားတာနဲ့တူတယ်။ ဒါပေမယ့် ဘေးမှာပါသွားတယ်ကွ"

ရဲထွဋ်စကားကို သော်သော် သဘောပေါက်လိုက်သည်။

"သားသားကို ပြောတာလား"

"အေး"



သူအလိုမကျမှုတစ်ခုခုကို ခံစားလိုက်ရပါ၏။

"လိုက်သွားဦးမလား"

သူခေါင်းရမ်းပြမိသည်။

"ဘာလုပ်မှာလဲကွာ . . . သက်သက်မဲ့ပင်ပန်းအောင်"

"ဒါဆို ဘယ်သွားမလဲ"

"အသည်းကွဲကဖီးကို သွားမယ်"

သူ့စကားကြောင့် စိုင်းထက်ရောရဲထွဋ်ပါ အံ့သြသွားကြကာ ..

"ဘာလဲ . . . အတူတူတွေ့လိုက်တာနဲ့ မင်းကအသည်းကွဲသွားပြီလား"

"ကျွတ် . . . ဘယ်ကဟုတ်ရမှာလဲ . . . ငါလူတစ်ယောက်သွားရှာမလို့"

"ဘယ်သူလဲ"

"မင်းတို့ပြောပြောနေတဲ့ အချစ်မြားဆိုတဲ့ 'လက်ရုံး' . . ."

*(မှတ်ချက် ။ ။ အသည်းကွဲကဖီးနှင့် လက်ရုံးအကြောင်းကို ကျွန်တော်၏ ပထမလုံးချင်း၌ ဖော်ပြပြီးဖြစ်ပါသည်။)*

• • •

သားသား၊ ယမင်းနှင့်မြင့်မိုရ်တို့ ကန်တင်းတွေရှိရာဘက် လျှောက်လာနေသည်။ သူတို့သုံးယောက်စလုံး တစ်ယောက်နှင့်တစ်ယောက် စကားမဆိုမိကြ။

သားသားက တစ်ခုခုကို ပြောချင်နေသည်။ သို့သော် ပြောမထွက်ဘဲရှိနေပါ၏။

ယမင်းနှင့်မြင့်မိုရ်က သားသားအား တစ်ခုခုကိုမေးချင်နေပါသည်။ သို့သော် ဘယ်ကစမေးရမှန်းမသိဖြစ်နေပါ၏။

ဒီလိုနှင့် သူတို့သုံးယောက်သား ကန်တင်းထဲရောက်လာကြ



www.burmeseclassi.com

www.burmeseclassi.com

သည်။ စားပွဲ၌ထိုင်ကာ စားသောက်စရာများ မှာပြီးသည်အထိ စကားမပြော ဖြစ်ကြသေး။ ထိုအချိန်မှာပင် ကန်တင်းထဲသို့ ရေးကြီးသုတ်ပြာနှင့် ကျောင်းသားတစ်ယောက်ဝင်လာကာ သူတို့ဝိုင်းဆီလျှောက်လာပြီး . .

"ရှာလိုက်ရတာ အစ်ကိုရာ။ တစ်ကျောင်းလုံးကို နှံ့သွားတာပဲ။ ဒီမှာ အစ်ကို့ကို မမကစာတစ်စောင်နဲ့စာအုပ်တွေပေးခိုင်းလိုက်လို့။ စာအုပ်တွေကတော့ ကျောင်းစာအုပ်တွေ စာကူးခိုင်းမလို့နဲ့တူတယ်။ စာကတော့ ဘာတွေရေးထားမှန်းမသိပါဘူးဗျာ၊ ကျွန်တော်တော့ နားမလည်ဘူး . . ရော့ . . . "

ပြောပြောဆိုဆို ခြူးချစ်ချောမောင်လေးမှာ သူ့အား စာအုပ်တွေ ထိုးပေးပါသည်။ ပြီး ဘောင်းဘီအိတ်ထဲမှာ စာတစ်စောင်ကို နှိုက်ထုတ်လိုက်ရင်း သူ့အားပေးကာ ထွက်သွားပါ၏။

သားသားလည်း ဘာတွေနည်းဟူ၍ စာကိုချက်ချင်းဖွင့်ဖတ်လိုက်သည်။ စာက အောက်ပါအတိုင်းသာ . . .

မာသာရဲ့ မိုးစမ်း ကို ဒီတ ရှုပ်တွေ ပေးပေးပါ၊

[illegible]

ချိုးကိုတဆိုင်း ကူးလေး ဖို့ မြောထား ပို့

[illegible] . .

ကျေးရွှေ

[illegible]

စာကိုဖတ်ပြီးနောက် သားသားမတ်တတ်ရပ်ကာ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ ဆိုင်တွင်းစားပွဲတစ်နေရာ၌ သားသား၏ အကြည့်ကို့ ဆုံးသွားပြီးသည့်နောက် . . .

*သားသားစာအုပ်တွေကိုယူကာ ထိုစားပွဲဝိုင်းသို့ ဦးတည်လိုက်ပါတော့သည်။*

"ယမင်း ဘာတွေလဲ"



ယမင်းက ခုနကျောင်းသားလာပေးသွားသော စာရွက်ကိုဖတ်ကြည့်နေရာမှ ခေါင်းရမ်းရင်း . . .

"ငါလည်းမသိဘူး . . . ထုံးစံအတိုင်းငါတို့နားမလည်တဲ့ စာလုံးတွေ"

ဟုဆိုကာ ယမင်းကစာကို မြင့်မိုရ်ဆီသို့ပေးသည်။ မြင့်မိုရ်က ယူကြည့်လိုက်ရင်း . . .

"ငါ့အထင်တော့ နင်တို့နှစ်ယောက် တစ်ခုခုကိုရှင်းလင်းဖို့လိုပြီနော်"

မြင့်မိုရ်စကားကို ယမင်းက ခေါင်းညိတ်သည်။ နောက်ပြီး မြင့်မိုရ်ကပင် . . .

"ဟိုမှာ သားသား ဘယ်သူတွေဆီသွားတာလဲ ကြည့်ဦး။ ခြူးချစ်ချောသူငယ်ချင်းတွေဆီ စာအုပ်တွေသွားပေးနေတာ။ နောက်ပြီး စာအုပ်ကနာမည်ကို နင်ဖတ်လိုက်လား"

"ဖတ်လိုက်တယ် . . . ခြူးချစ်ချော"

"ဒါဆို ငါတို့ကြားတဲ့သတင်း မှန်နေပြီနဲ့တူတယ်"

မြင့်မိုရ်စကားကြောင့် ယမင်းတွေဝေသွားသည်။

"ငါတော့ မပြောတတ်တော့ပါဘူးဟာ"

"ဒါပေမယ့် . . . သားသားနဲ့ခြူးချစ်ချော ကားတစ်စီးတည်းသွားရင်း ကားအက်စီးဒင့်ဖြစ်တာဆိုတဲ့သတင်းကတော့ ကျောင်းမှာတော်တော် နာမည်ကြီးနေတယ်နော်"

ယမင်းစကားမဆိုမိ။ အဝေးတစ်နေရာသို့ငေးကာ မျက်နှာက ရွှင်လန်းမှုကင်းမဲ့နေသည်။ သို့သော် တစ်ခဏချင်းမှာပင် အမူအရာတို့ ပြောင်းလဲသွားကာ အံကိုတစ်ချက်ကြိတ်ရင်း . . .

"ဒီကိစ္စကိုတော့ ငါရှင်းမှာပါ"

ထိုအချိန်မှာပင် သားသားကသူမတို့ဝိုင်း ပြန်ရောက်လာပါ၏။ သားသား၏မျက်နှာမှာလည်း မရွှင်လန်း။



www.burmeseclassic.com

www.burmeseclassi.com

"ယမင်း . . . ယမင်းကို ကိုယ်ပြောစရာရှိတယ်"

ဒါ ဒီအချိန်မှာ ယမင်းမျှော်လင့်နေဆုံးသော စကား။

"ယမင်းလည်း သားကိုပြောစရာရှိတယ်"

ယမင်းစကားကြောင့် သားသားက သူမကိုတစ်ချက်ကြည့်သည်။

"ဟုတ်လား . . . ဒါဆို ယမင်းအရင်ပြောလေ"

ပြောလေဆိုမှ ယမင်းဘယ်ကစပြောလို့ ပြောရမှန်းမသိဖြစ်သွားသည်။ ကာတွန်းပုံစာကိစ္စနှင့် အကြိုကိစ္စကို အရင်မေးရမည်လား။ ဒါမှမဟုတ် ခြုံးချစ်ချောနှင့် ကားအက်စီးဒင့်ကိစ္စကို အရင်မေးရမည်လား။ ယမင်း ဘယ်ကစပြောရမှန်းမသိ။ တွေဝေနေစဉ်မှာပင် သားသားဖုန်းက မြည်လာပါ၏။

သားသား ဖုန်းကိုဖွင့်ကာ နားထောင်လိုက်သည်။ ပထမတော့ သားသားပုံစံက သာမာန်။ နောက် ဖုန်းနားထောင်နေရင်းနှင့် အလျင်စလို အထိတ်တလန့်ပုံစံတို့ဖြစ်လာကာ . . . နောက်ဆုံး . . .

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . ကျွန်တော် အခု ချက်ချင်းလာခဲ့ပါ့မယ် အန်ကယ်လ်"

သားသားဖုန်းပြောပြီးပြီးချင်း မတ်တတ်ထရပ်လိုက်ပါသည်။ ပြီး ယမင်းအားသေချာကြည့်ရင်း . . .

"ယမင်းပြောမယ့်စကားတွေကိုရော . . . ကိုယ်ပြောမယ့်စကားတွေကိုရော နောက်နေ့မှပဲ ဆက်ကြတာပေါ့။ အခုတော့ အရေးတကြီးကိစ္စရှိလို့ ကိုယ်သွားလိုက်ဦးမယ်"

ပြောပြောဆိုဆိုပင် သားသားမှာ သူမတို့ဝိုင်းမှ ထွက်သွားပါတော့သည်။

ကျန်ရစ်ခဲ့သော ယမင်းနှင့်မြင့်မိုရ်မှာတော့ နားမလည်သော စာတစ်ရွက်ကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေရင်းဖြင့်သာ . . .

• • •



"ဘယ်လိုများဖြစ်ရတာလဲ အန်ကယ်လ်ရယ်"

ခုတင်ပေါ်၌ ဆေးရှိန်ဖြင့်မှိန်းနေသော ခြုံးချစ်ချောကိုကြည့်ရင်း သားသားမေးမိသည်။ သူ့အမေးကြောင့် ခြုံး၏အဖေမှာ ခေါင်းကိုရမ်းရင်း . . .

"သူ့ရဲ့ဒိုင်ယာရီစာအုပ် ပျောက်သွားလို့ဆိုပြီး ဦးကိုသောင်းကျန်းရင်းနဲ့ အခုလိုဖြစ်သွားတာပဲ"

"ဒိုင်ယာရီ . . . "

"အေးကွာ . . . သူ့စာအုပ်ကို စားပွဲပေါ်တင်ထားတာတဲ့။ ဦးလည်း သတိမထားမိပါဘူး။ ဒါပေမယ့် ခုနကတော့ ဦးတပည့်တစ်ယောက်နဲ့ အလုပ်ကိစ္စတွေ အဲဒီနားမှာလုပ်ဖြစ်တယ်။ စာအုပ်ချင်းရောပြီးပါသွားလား မသိပါဘူးကွာ"

"ဘာတွေများ ရေးထားလို့လဲ မသိဘူး"

သားသား၏အပြောကြောင့် . . .

"မသိပါဘူးကွာ . . . ဒါပေမယ့် သူတော်တော်မြတ်နိုးပုံတော့ရတယ်။ စိတ်ကလည်းကြီးတော့ အရင်ဒဏ်ရာအရှိန်နဲ့သတိလစ်သွားတာပဲကြည့် . . . "

သားသား စကားမဆိုမိတော့၊ ခုတင်ပေါ်၌ သွေးရောင်ပါးလျသောမျက်နှာနှင့် လောကကြီးကို ခဏမေ့ထားသော ခြုံးချစ်ချောကိုသာ ငေးကြည့်နေမိသည်။

"ဦးဖုန်းဆက်ပြီး ရှာခိုင်းထားပါတယ်။ တွေ့ရင်တော့ မောင်သားသားကို ဦးအရင်ပေးမှာပါ"

သားသား ခေါင်းညိတ်ဖြစ်သည်လား၊ ခေါင်းခါဖြစ်သည်လား မသိ။

ဒါပေမယ့် သူ ခြုံးချစ်ချောကို သနားမိနေသည်။



www.burmeseclassic.com

www.burmeseclassi.com

# XV

"ဟော့ . . . ခဏ . . . ခဏ"

နောက်မှခေါ်သံနှင့်အတူပြေးလိုက်လာသောအသံကြောင့် ယမင်းရော မြင့်မိုရ်ရော ခြေစုံရပ်၍ လှည့်ကြည့်လိုက်သည်။ သူမတို့ကိုခေါ်၍ ပြေးလိုက်လာသူက သော်သော်။ သူမတို့ရှေ့အရောက်မှာပင် သော်သော်က နှစ်လိုဖွယ်တစ်ချက်ပြုံးပြရင်း . . .

"ကျွန်တော့်စက္ကူမြားလေး ပြန်လိုချင်လို့"

"ရှင်"

"စက္ကူမြား"

သော်သော့်စကားကြောင့် နှစ်ယောက်သားကြောင်ကာသွားသည်။ နောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး . . .

"ရှင့်စက္ကူမြားကို ကျွန်မတို့ ယူမထားပါဘူး"



သော်သော် ပြုံးလိုက်သည်။

"ယူမထားပါဘူး . . . ဒါပေမယ့် ယူသွားတယ်"

"ရှင်"

ယမင်းတို့နှစ်ယောက် ထပ်မံအံ့ဩရပြန်ပါ၏။

"ခေါင်းနည်းနည်း ငုံ့လိုက်ပါလား။ ကျွန်တော်ပြမယ်"

သော်သော်၏စကားကြောင့် ယမင်းယောင်တောင်တောင်ဖြင့် ခေါင်းငုံ့လိုက်မိတော့ ဦးခေါင်းပေါ်မှ ကျော်သွားသောသော်သော်၏လက် တစ်ဖက်နှင့်အတူ (ရုပ်ရှင်ပွဲထဲတွင်တော့ ဤအခန်းကို နောက်ခံတီးလုံးကောင်းကောင်းဖြင့် အနှေးရိုက်ပြမည်ထင်သည်။)

"ဒီမှာ . . . "

သော်သော့်လက်ထဲမှ စက္ကူမြားတစ်ချောင်းကြောင့် ယမင်းအံ့အားသင့်သွားကာ လက်ကလည်း နောက်ဆံပင်တွေကို အလိုလိုစမ်းမိသွားသည်။ ဘာမှရှိမနေတော့ပါ။

"ကျွန်တော် သီအိုရီကစ်ခုကို စမ်းသပ်ရင်းနဲ့ အခုလိုဖြစ်သွားတာ။ တောင်းပန်ပါတယ်ဗျာ"

"ရှင်"

ယမင်းနှုတ်မှ တတိယအကြိမ်မြောက် 'ရှင်'ထွက်သွားရပြန်ပါသည်။ သော်သော့်စကားကြောင့် ဘာမှနားမလည်သော မြင့်မိုရ်က . .

"ဘာသီအိုရီကို စမ်းနေတာလဲ"

မြင့်မိုရ်ကိုကြည့်၍ သော်သော်က လက်ထဲမှစက္ကူမြားကို ထောင်ပြလိုက်ကာ . . .

"စက္ကူခေါက်တယ်ဆိုတာ ထောင့်တွေ၊ ဒီဂရီတွေရဲ့ အခြေခံလေ၊ ထောင့်တွေ၊ ဒီဂရီတွေကို ကျွမ်းကျင်မှခေါက်လို့ရတာ။ ကမ္ဘာကြီးက သူ့ဝင်ရိုးပေါ်မှာ ၂၃½ ဟိမ်းစောင်းနေတယ်ဆိုကာတော့ သိမှာပေါ့"

"သိပါတယ်"

"အဲဒီအတိုင်း ဒီစက္ကူမြားက ထောင့်တွေကိုလည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassi.com

အပြည့်မချိုးဘဲ ၂၃၁ စောင်းပြီးချိုးထားတာ။ ကိုယ်လိုရာကို အတည့်ရောက်အောင်ပေါ့"

"အတည့်ရောက်လား . . . "

ယမင်းက သိချင်လွန်းစွာ ဝင်မေးသည်။

"ဘာမှားသွားလဲမသိဘူး . . . အတည့်မရောက်ဘူး။ ကျွန်တော်ပစ်လိုက်တာက ခင်ဗျားရှေ့ကသွားနေတဲ့ကျောင်းသူတစ်ယောက်လက်ထဲက ဆွဲခြင်းထဲကို . . . ။ ဒါပေမယ့် ခင်ဗျားခေါင်းမှာသွားစိုက်တယ်။ ကျွန်တော်လက်အချိန်အဆလွဲသွားလို့နဲ့တူတယ်"

ယမင်းနှင့်မြင့်မိုရ် နားမလည်သောအကြည့်တွေနှင့် မျက်လုံးချင်းဆုံမိသည်။ ပြီးနောက် . . .

"ဟုတ်မှာပါ"

သော်သော်ကတော့ သူမတို့ထင်မြင်ချက်ကို ဂရုမစိုက်တော့ဘဲ နှုတ်ဆက်၍ တောင်းပန်စကားဆိုကာ ထွက်သွားပါတော့သည်။

ကျန်ရစ်ခဲ့သော သူမတို့နှစ်ယောက်မှာတော့ ခေါင်းကိုကုတ်ရင်းဖြင့် . . .

• • •

"သား . . . ခြူးဘယ်တော့မှကျောင်းပြန်တက်နိုင်မလဲမသိဘူးနော်"

"နောက်အပတ်ဆို တက်လို့ရပါပြီ။ အခုတောင် လမ်းကောင်းကောင်းလျှောက်နိုင်နေပြီပဲ"

သူတို့နှစ်ယောက် ခြူးချစ်ချောအိမ်ရှေ့ရှိ ဒန်းပေါ်တွင်ထိုင်ကာ စကားပြောနေခြင်းဖြစ်သည်။

"သားကိုပေးစရာ ခြူးမှာအကြွေးတစ်ခုကျန်နေသေးတယ် သိလား"



ခြူးချစ်ချောစကားက အနည်းငယ်ထူးဆန်းနေသည်မို့ . . .

"ဘာအကြွေးလဲ"

"တတိယ စီးကရက်ဘူး"

သားသား စကားပြန်မဆိုမိ။ အဝေးတစ်နေရာကို ငေးသွားသည်။

"ဒါပေမယ့် ခြူးပထမဆုံးကျောင်းပြန်တက်တဲ့နေ့မှာပဲ ပေးဖြစ်အောင်ပေးမယ်လို့ စဉ်းစားထားတယ်သိလား"

သားသားဘက်မှ စကားသံတို့ တိတ်ဆိတ်နေသည်။ မကြာပါ။ နှစ်ယောက်စလုံး ကိုယ့်အတွေးနှင့်ကိုယ်ငြိမ်သက်သွားကြပါတော့သည်။

• • •

ခြူးချစ်ချောအိမ်မှပြန်အထွက် ခြံတံခါးပဲ့ ခြံထဲသို့ဝင်မည့်သူမအဖေ့ကားနှင့်ဆုံပါ၏။

"မောင်သားသား . . . လာလည်တာလား"

"ဟုတ်ကဲ့ အန်ကယ်လ်"

တစ်ဦးကိုတစ်ဦးနှုတ်ဆက်ရင်း ကားချင်းယှဉ်အမောင်းမှာပင်

"သြော် . . . မောင်သားသားခဏ . . . "

သူမအဖေ၏ဟန့်တားသံကြောင့် ကားကိုရပ်ရင်းကြည့်မိတော့ကားဒက်(ရှ်)ဘုတ်ပေါ်မှ စာအုပ်တစ်အုပ်ကိုယူကာ သူ့အားပေးပါ၏။

"ဒါ . . . ဟိုတစ်နေ့က သမီးပျောက်သွားတဲ့ ဒိုင်ယာရီ။ မင်းဖတ်တတ်ရင်လည်း ဖတ်ပေါ့ကွာ။ ဦးတော့ ဘာမှနားမလည်ဘူး"

ထိုသို့ပြောရင်း ခြူး၏အဖေမှာ ခြံတွင်းသို့ကားကို မောင်းဝင်သွားပါတော့သည်။

သားသားလည်း စာအုပ်ကို ဒက်(ရှ်)ဘုတ်ပေါ်တင်ရင်း ကားကိုအိမ်သို့ဦးတည်ခဲ့ပါ၏။



www.burmeseclassic.com

www.burmeseclassi.com

အိမ်ရောက်တော့ စာအုပ်ကိုယူကာအခန်းထဲသို့ဝင်ခဲ့သည်။ ပြီးနောက် ခုတင်ပေါ်ပက်လက်လှန်ရင်း စာအုပ်၏ပထမစာမျက်နှာကို လှန်လိုက်သည်ဆိုလျှင်ပဲ . . .

Fresher Welcome ၌ရိုက်ယားသော သူနှင့်ခြူးချစ်ချော်တို့၏ နှစ်ယောက်တွဲပုံ။ နောက် သူပင်သတိမထားမိခဲ့သော အမှတ်မထင်ရိုက်ထားသည့် သူ၏ဓာတ်ပုံအချို့။

ဓာတ်ပုံကိုကျော်လွန်ပြီးနောက် ပထမဆုံးတွေ့ရသည့် စာမျက်နှာအရောက်မှာပင် သူ၏စိတ်တွေလှုပ်ရှားလိုက်မောသွားရပါတော့သည်။

ထို့နောက် စာရွက်တစ်ရွက်ပြီးတစ်ရွက်။

စာရွက်တစ်ရွက်လှန်လိုက်တိုင်းလည်း ဘာမှန်းမသိသော ခံစားမှုတွေနှင့် သူ့ရင်က ဟာင်းလင်းပြင်။

နောက်ဆုံး စာရွက်ကိုဆက်မလှန်ရဲအောင် သူ၏စိတ်တို့ပျော်ဝင်လှုပ်ရှားခဲ့ရပါ၏။ တုန်ရီမောဟိုက်ခဲ့ရပါ၏။

နောက်ဆုံးနောက်ဆုံးသော စာရွက်တစ်ရွက်၏အဆုံးမှာတော့ ဇော်ပိတ်သွားသော စာအုပ်နှင့်အတူ သူ၏မျက်ခမ်းနှစ်လွှာကြား၌ မျက်ရည်စတွေ ခိုတွဲဝေသီလျက် ရှိပါတော့သည်။

ᛉ ᛉ ᛉ



# XVI

သားသားလမ်းမကြီးပေါ်မှနေ၍ အရှိန်ကိုလျှော့ကာ ကားကို ကျောင်းလမ်းထဲသို့ ချိုးကွေ့လိုက်သည်။ တက္ကသိုလ်တစ်ခု၏မနက်ခင်းကတော့ ထုံးစံအတိုင်း လတ်ဆတ်လို့နေပါ၏။ သွားသူ၊ လာသူ၊ လမ်းသလားသူတွေနှင့် ပြည့်နှက်နေသည်။

သားသားကားကို ကျောင်းဝင်းထဲသို့ ထပ်မံချိုးကွေ့လိုက်၍ လုံခြုံရေးဂိတ်ရှေ့သို့ရောက်စဉ်မှာပင် ဂိတ်ထဲမှ ဘစ်စုံတစ်ယောက်ထွက်၍ သူ့ကားကိုတားသည်။ သားသားလည်း ဘာမှန်းမသိ ကားကို ရပ်ပေးလိုက်ရသည်။ ထို့နောက် . . .

"ညီလေး . . . ဘယ်မေဂျာကလဲ"

"Physics ကပါ"

"ဩော် . . . ဒါဆို မော်ကွန်းထိန်းရုံးခန်းကို သိမှာပေါ့"



www.burmeseclassic.com

www.burmeseclassi.com

သားသား ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ . . . သိပါတယ်"

"ဒါဆို မော်ကွန်းထိန်းရုံးခန်းကိုသွားပြီး ဒါလေးသွားပေးပေးပါကွာ။ မော်ကွန်းထိန်း ခုနမေ့ကျန်သွားလို့"

သားသားပေးရမည့်ပစ္စည်းကိုကြည့်မိတော့ ဟမ်းဖုန်းတစ်လုံး။

"အချိန်ရရင် ကူညီပါလားညီလေး။ အစ်ကိုလည်း မအားလို့ပါ"

သားသားငြင်းရခက်သွားသည်။ မော်ကွန်းထိန်းဖုန်းဆို၍လည်း ပါပါ၏။

"ရပါတယ် . . . ကျွန်တော် သွားပေးပေးပါ့မယ်"

သားသားစကားကြောင့် ထိုသူက ဟမ်းဖုန်းကို သူ့ဆီသို့ထိုးပေးရင်း . . .

"ကျေးဇူးပါပဲကွာ။ ဒါနဲ့ ညီလေးနာမည်က . . . "

"သားသားပါ"

သားသားဖုန်းကိုလှမ်းယူရင်း ကားကိုမောင်းထွက်ခဲ့ပါတော့သည်။ ထို့နောက် ကားကိုပါကင်ထိုးကာ မော်ကွန်းထိန်းရုံးခန်းရှိရာအဆောင်သို့ လျှောက်လာခဲ့ပါ၏။

ထိုစဉ်မှာပင် ဖုန်းကမြည်လာသည်။ သူ့ဖုန်းကမြည်ခြင်းမဟုတ်။ မြည်နေတာက မော်ကွန်းထိန်း၏ဖုန်း။ သားသားတွေဝေသွားသည်။ ဖုန်းကိုကိုင်လိုက်ရမည်လား၊ ပိတ်လိုက်ရမည်လား။

အတွေးတို့ လွန်ဆွဲနေစဉ်မှာပင် လက်ကအလိုလို ဖုန်းကိုဖွင့်ပြီးသား ဖြစ်သွားတော့သည်။ ပြီးတော့ . . .

"ဟယ်လို"

"ကိုဆန်းဝင်းလား"

တစ်ဖက်မှ မိန်းကလေးတစ်ယောက်၏အသံကြောင့် သားသားဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။



"ဟင် . . . မ . . . မဟုတ်ဘူးခင်ဗျ . . . သားသားပါ"

"သားသား . . . ဘယ်ကသားသားလဲ . . . လုံခြုံရေးဂိတ်က ကိုဆန်းဝင်း မဟုတ်ဘူးလား။ ဖုန်းကဂိတ်မှာ ကျန်ခဲ့တာလေ"

ထိုအခါမှပင် သားသား သဘောပေါက်သွားကာ . . .

"ဩော် . . . ဟုတ်တယ်ခင်ဗျ။ လုံခြုံရေးဂိတ်က ကျွန်တော့်ကို အကူအညီတောင်းလို့ မော်ကွန်းထိန်းရုံးခန်းကို ကျွန်တော်ဖုန်းလာပေးနေတာပါ"

"ဩော် . . . ဟုတ်လား"

တစ်ဖက်မှ လက်ခံသွားသည်။

"ဒါဆို ရှင်ပဲတစ်ခါတည်း အကူအညီပေးလိုက်ပါတော့။ ဆရာကြီး ခုနအစည်းအဝေးမသွားခင် မှာသွားတယ်။ အသည်းကွဲကဖီးမှာ သူ့နာမည်နဲ့လက်ဆောင်တစ်ထုပ်ရောက်နေတယ်လို့ ဖုန်းဆက်တယ်တဲ့။ အဲဒါ ရှင်ပဲတစ်ခါတည်း ယူလာပေးလိုက်ပါလား။ အမှန်က ကိုဆန်းဝင်းကို ခိုင်းဖို့ပါ။ ဒါပေမယ့် ဖုန်းကရှင့်လက်ထဲမှာဆိုတော့ . . . "

သားသား သဘောပေါက်သွားရချေသည်။

"ဟုတ်ကဲ့ပါ . . . ကျွန်တော်တစ်ခါတည်း ယူလာလိုက်ပါ့မယ်။ ဒါနဲ့အစ်မက . . . "

"အစ်မက ဆရာကြီးရုံးခန်းက စာရေးပါ။ ခင်ခင်ထားလို့ခေါ်တယ်"

ဖုန်းမှာ ကျသွားလေသည်။

ဒီလိုနှင့် သားသား 'အသည်းကွဲကဖီး'ကိုရောက်တော့ ကောင်တာပေါ်တွင် ပါဆယ်တစ်ထုပ်တင်ထားသည်ကို တွေ့ရသည်။ သားသား ကောင်တာဆီသို့တန်းသွားလိုက်ကာ . . .

"ဦးလူပျိုကြီး . . . မော်ကွန်းထိန်းနာမည်နဲ့ ပါဆယ်တစ်ထုပ် ရောက်နေတယ်ဆို"

သားသားစကားကြောင့် ဦးလူပျိုကြီးက ကောင်တာပေါ်မှ



www.burmeseclassic.com

www.burmeseclassi.com

ပါဆယ်ထုပ်ကို လက်ညှိုးထိုးပြရင်း . . .

"အေး . . . ရောက်နေတယ် . . . ဟိုမှာ . . . "

သားသားပါဆယ်ထုပ်ကို ကောက်ယူလိုက်ကာ . . .

"ကျွန်တော့်ကိုယူခိုင်းလိုက်လို့ ယူသွားမယ်"

"အေး . . . ယူသွား . . . ယူသွား။ ကျောင်းသူတစ်ယောက် လာပေးသွားတာပဲကွ။ တော်တော်ချောတယ်"

ဦးလှပျိုကြီးက ထုံးစံအတိုင်း အရယ်တစ်ဝက်ဖြင့် နောက်သည်။ သားသားကတော့ ရယ်သာနေရင်း ပါဆယ်ထုပ်ကိုယူကာ အသည်းကွဲကဖီးထဲမှ ထွက်ခဲ့တော့သည်။

ဤသို့ဖြင့် မော်ကွန်းထိန်းရုံးခန်းဝသို့ရောက်တော့ . . .

သားသား ခင်ခင်ထားဆိုသူကို ရှာကြည့်လိုက်သည်။ ရုံးခန်းထဲတွင် မည်သူမျှမတွေ့။ ယောင်တောင်တောင်ဖြင့် ဟိုကြည့်ဒီကြည့်လုပ်နေရာမှသူ့ဘေးသို့ ဆရာမတစ်ယောက်ရောက်လာသည်။

သားသား တစ်အားဖြစ်သွားရကာ . . .

"တီချယ် . . . ကျွန်တော် မော်ကွန်းထိန်းဖုန်း လာပေးတာပါ။ အဲဒါ . . . "

သားသား စကားပင်မဆုံးလိုက်ပါ။

"ဟုတ်လား . . . တီချယ်နဲ့လိုက်ခဲ့"

ဟုဆိုကာ ဆရာမကဦးဆောင်၍ သူ့ကိုခေါ်သွားသည်။ နောက်အခန်းတစ်ခန်းထဲသို့ လက်ညှိုးထိုးပြ၍ . . .

'ဟိုဟာ . . . မော်ကွန်းထိန်းအခန်း' ဟုပြောသည်။ သားသား ဆရာမညွှန်ပြရာအခန်းထဲသို့ဝင်သွားလိုက်ပါသည်။ အထဲရောက်တော့

"ဆရာကြီး . . . ကျွန်တော် ဖုန်းလာပေးတာပါ"

သားသားအသံကြောင့် မော်ကွန်းထိန်းက သူ့ကိုမော့ကြည့်ရင်း

"အေး . . . လာလေ . . . "

သားသားစားပွဲဆီသို့သွားကာ ဖုန်းနှင့်ပါဆယ်ထုပ်ကို စားပွဲ



ပေါ်သို့ တင်ပေးလိုက်သည်တွင် . . .

"ဟင် . . . ဒါဘာကြီးလဲ . . . "

မော်ကွန်းထိန်းက ပါဆယ်ထုပ်ကိုကြည့်ရင်း ပြောသည်။ သားသားပင် ကြောင်သွားရပါ၏။

"အသည်းကွဲကဖီးက ဆရာကြီးယူခိုင်းလိုက်တဲ့ပါဆယ်ထုပ်လေ"

သားသားစကားကြောင့် မော်ကွန်းထိန်း မျက်လုံးပြူးသွားသည်။

"ငါယူခိုင်းလိုက်တာ"

ပြီး တအံ့တသြဆိုသည်။

"ဟုတ်တယ်လေ . . . ဆရာကြီးရဲ့စာရေး ခင်ခင်ထားဆိုတာ ကျွန်တော့်ကိုဖုန်းဆက်ပြီးပြောတာ။ အသည်းကွဲကဖီးမှာ ဆရာကြီးနာမည်နဲ့ပါဆယ်တစ်ထုပ်ရောက်နေတယ် ယူခဲ့ပေးပါဆိုလို့ ကျွန်တော်ယူလာတာလေ"

ဆရာကြီးပိုလို့ပင် တအံ့တသြဖြစ်သွားပါသည်။

"ဟာ . . . ငါမယူခိုင်းပါဘူး။ ခင်ခင်ထားဆိုတဲ့စာရေးလည်း ငါ့မှာ မရှိဘူး"

"ဗျာ"

ဒီတစ်ခါ မျက်လုံးပြူးသွားရသူက သားသားကိုယ်တိုင်။

"ဟင် . . . ဒါဖြင့် . . . "

သားသား စကားပင်ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွားသည်။ ပြီး ကြောင်တောင်တောင်ဖြင့် ဆရာကြီးဖုန်းကိုကြည့်လိုက်၊ ပါဆယ်ထုပ်ကိုကြည့်လိုက်ဖြစ်နေစဉ်မှာပင် . . .

"ရော့ . . . ဖောက်ကြည့်စမ်း"

ဆရာကြီး၏ခိုင်းစေမှုအဆုံးမှာပင် သားသားပါဆယ်ထုပ်ကို ကပျာကယာ ဖောက်ကြည့်လိုက်တော့ . . .

"ဟင်"



www.burmeseclassic.com

www.burmeseclassi.com

အထဲမှာတွေ့ရသည်ကား စီးကရက်တစ်ဘူးနှင့် စာရွက်တစ်ရွက်။

သားသားလက်က အလိုလိုစာရွက်ဆီရောက်သွားသလို၊ ဆရာကြီးလက်ကလည်း စီးကရက်ဘူးဆီ ရောက်သွားသည်။ ထို့နောက်မှာတော့ . . .

သားသားစာရွက်ကို ဖွင့်ဖတ်ကြည့်လိုက်မိစဉ်တွင် . . .



သားသား ရှုံး သွား ပြီ ဟေ့

ကွက်လပ်ဖြည့်ပါ။

ကတ်တည် မယ် လို့ ယုံ ကြည် တယ်

ခိုင်ရဲ့ စကား ကို ပြော ဖို့ အ[illegible] ကြောက်

နေ့ ရက် - ထမင်း နဲ့ ဟင်းဆုပ်


နေရာ - အမှန်း တွေကင်း တဲ့ နေရာ



www.burmeseclassic.com

www.burmeseclassi.com

ဟချိုန်
အခံ့နှ့ –



မှ ် ခွ ဦ ဖြစ ် င့် ဖြနေမယ့ ။
မှာမြဲ း စောင့် ၈ဂမယ်

စာကိုကြည့်၍ သားသားရင်ခုန်နှုန်းတို့ အမြင့်ကြီးတက်ပြေး သွားသည်။ နောက် ချက်ချင်းဆိုသလိုပင် ဆရာကြီးလက်ထဲမှ ဆေးလိပ်ဘူးကိုယူကြည့်မိတော့ . . .

မာဘိုရို

ဘူးဖင်မှာ ရေးထားသည်ကား . . .

ရောမဂဏန်း – III

သုံးပွဲပြည့်သွားလေပြီ။

သူ ခေါင်းငိုက်စိုက်ကျသွားပါ၏။

ထို့နောက်တော့ စီးကရက်ဘူးကိုယူကာ မော်ကွန်းထိန်းရုံးခန်းထဲမှ ထွက်ခဲ့တော့သည်။

အဝ၌ အခန်းထဲသို့ဝင်လာသော ဆရာဦးတင်မောင်နှင့် တွေ့လေသည်။

သူနှုတ်ဆက်မိသည်လား၊ မဆက်မိသည်လား မသိတော့ပါ။ သို့ပေမယ့် လက်ထဲမှစီးကရက်ဘူးကိုကြည့်ရင်း ခြူးချစ်ချောကိုတော့ သူ ချီးကျူးမိလေသည်။

ထို့နောက်တော့ သားသားနှုတ်မှ တီးတိုးရေရွတ်မိသည်။

"ဩော် . . . ယမင်းမွေးနေ့နဲ့ တစ်ရက်ငါကွာပါလား"

ᕯ ᕯ ᕯ



# XVII

နေအတော်မြင့်နေပြီ ဖြစ်သည်။ ကန်တင်းတွေမှာ လူများတဖြည်းဖြည်း ကျဲပါးလာကြပါ၏။ ကန်တင်းရှေ့လမ်းမပေါ်တွေမှာလည်း အပူရှိန်က လှုပ်ပါးဝပြနေသည်။ တချို့တွေကျတော့လည်း လှုပ်ပါးဝခံရတာကိုပင် ပျော်နေပုံရသည်။ တစ်ယောက်လက်တစ်ယောက်ချိတ်ရင်း ပူလို့ပူမှန်းမသိ။

"ယမင်း . . . သားသားမလာတော့ဘူးနဲ့ တူတယ်"

မြင့်မိုရ်က နာရီကိုတစ်ချက်ကြည့်လိုက်ရင်း ဆိုသည်။

"သူ ငါ့မွေးနေ့တော့ မမေ့လောက်ပါဘူးဟာ . . . လာမှာပါ။ နောက်ကျနေတာနဲ့ တူတယ်"



www.burmeseclassic.com

www.burmeseclassi.com

မြင့်မိုရ်က ဘာမှပြန်မပြော။ ဒါပေမယ့် မလာတော့ဘူးဆိုတာတော့ စိတ်ထဲက အလိုလိုသိနေသည်။ ပြီး . . .

'နင့်သားသားက အရင်ကသားသားမှမဟုတ်တော့တာပဲ ယမင်းရယ်' ဟုလည်း စိတ်ထဲမှပြောမိသည်။

အချိန်တို့ တရွေ့ရွေ့ကုန်ဆုံးလာပါ၏။ ကန်တင်းထဲတွင်လည်း လူကမရှိသလောက် နည်းပါးသွားသည်။ စက္ကန့်လက်တံတွေကလည်း တစ်ပတ်ပြီးတစ်ပတ်၊ မိနစ်လက်တံတွေကလည်း တစ်ချက်ပြီးတစ်ချက်။ နာရီလက်တံတွေကတော့ ပုံမှန်အတိုင်းတစ်ရွေ့ချင်း။

ဒီလိုနှင့် နောက်ဆုံးမှာတော့ . . .

"သွားတော့မယ်ဟာ . . . မစောင့်တော့ဘူး"

ယမင်းအားလျော့စိတ်ပျက်သံနှင့်ဆိုကာ ထသည်။ ပြီး စားပွဲပေါ်မှ မြင့်မိုရ်၏မွေးနေ့လက်ဆောင်ထုပ်ကိုယူရင်း . . .

"ကျေးဇူးပဲ သူငယ်ချင်းရယ်။ အခုလိုနေ့မျိုးမှာ ငါ့ဘေးနားမှာ နင်ရှိနေပေးတာ တကယ်ကျေးဇူးတင်တယ်"

ယမင်းစကားကြောင့် မြင့်မိုရ်က ကျေနပ်စွာပြုံးသည်။ သူမ အပြုံးက နားလည်သည့်အပြုံး။

အားပေးနှစ်သိမ့်သည့်အပြုံး။

ထို့နောက်မှာတော့ . . .

"ဒီဝိုင်းရှင်းမယ်"

ယမင်းစကားကြောင့် ဝန်ထမ်းကောင်လေးတစ်ယောက် ပြေးလာကာ တစ်ခွန်းဆိုသည်။

"ပိုက်ဆံရှင်းစရာမလိုဘူးအစ်မ။ ဒီနေ့မွေးနေ့ရှိလို့ ဆိုင်ကိုလာတဲ့ လူတွေအားလုံးကို အလကားကျွေးတာ"

ဆိုင်ဝန်ထမ်းလေးစကားကြောင့် ယမင်းအံ့သြသွားသည်။ မွေးနေ့ချင်းတူနေခြင်းကြောင့် ဖြစ်ပါ၏။

"ဘယ်သူ့မွေးနေ့လဲ မောင်လေး။ မင်းတို့ဆိုင်ပိုင်ရှင်မွေးနေ့လား"

မိန်းမတို့၏ထုံးစံအတိုင်း မြင့်မိုရ်က စပ်စုသည်။

"မဟုတ်ဘူးအစ်မ . . . မွေးနေ့ရှင်ရဲ့နာမည်ကို ဟိုဘောမှာရေးထားတယ်။ ကျွန်တော်လည်း သေချာမမှတ်မိဘူး"

ဟုဆိုကာ ကောင်လေးက ကောင်တာနားတွင်ထောင်ထားသောဘောကိုညွှန်ပြသည်။ ထိုအခါမှ ယမင်းလည်း သေချာဖတ်ကြည့်လိုက်ရာ . . .

သူမ သိလိုသည်ကား သူမနှင့်မွေးနေ့ချင်းတူသူ၊

သူမ ဖတ်ရသည်ကား . . .

**ယမင်းဆု၏ (၁၉)နှစ်မြောက်မွေးနေ့အတွက်**

(၁၉)နှစ်မှသည် နောင်နှစ်ပေါင်း (၁၀၀)တိုင်အောင် မင်းရဲ့ ဝင်သက်ထွက်သက်တိုင်းမှာ ပျော်ရွှင်မှုတွေနဲ့ ကြုံပါစေ။

မြသူ မြသူ





www.burmeseclassic.com

www.burmeseclassi.com

"ဟင်"

"အို"

ယမင်းရင်တို့သည် ပြင်းထန်စွာ စည်းချက်ကျသွားပါတော့၏။ ဒီလိုအမှတ်တရမျိုး သူများတွေကြုံဖူးလား၊ မကြုံဖူးလားတော့မသိ။ ဒါပေမယ့် သူမရင်တစ်ခုလုံးနွေးထွေးသွားလေသည်။ နောက် စာအောက်ဆုံးမှနာမည်က (ဖြသ, ဖြသ) ဆိုသော . . .

သူမရင်ခုန်သံတို့ အမြင့်ဆုံးကမ္ဘာတစ်ခုမှ မကျသေးခင်မှာပင်

"ဒါ ဘယ်သူတွေလာလုပ်သွားတာလဲ ဦးလေး"

မြင့်မိုရ်က ကောင်တာမှဦးလေးကြီးကို လှမ်းမေးလိုက်သည်။ သူမတို့ အမြဲထိုင်နေကျဆိုင်ဖြစ်သည့်အတွက် ဆိုင်ရှင်နှင့် ရင်းနှီးနေသည်။



"ကျောင်းသားသုံးယောက်ပဲကွဲ့။ မနေ့ညနေတည်းက ဒီနေ့တစ်နေ့တာအတွက် ငွေကြိုရှင်းပေးသွားတာ။ ဒီဘောကစာတွေကလည်း သူတို့ပဲ ရေးသွားတာလေ"

"သုံးယောက်"

မြင့်မိုရ် အံ့သြသွားကာ ယမင်းကိုလှမ်းကြည့်သည်။

"ဘယ်လိုပုံစံမျိုးတွေလဲ ဦးလေး။ နာမည်ဘယ်လိုခေါ်သလဲ"

သူမ၏အမေးကို ဆိုင်ရှင်ဦးလေးကြီးက အားနာစွာတစ်ချက်ပြုံးလိုက်ရင်း . . .

"အဲဒါတော့ ပြောလို့မဖြစ်ဘူးကွဲ့။ သူတို့ကိုယ်တိုင်က ဘယ်သူ့မှမပြောပါနဲ့လို့ ဦးလေးကို ကတိတောင်းသွားလို့"

ဇာတ်လမ်းက ပြီးသွားလေပြီ။ ဒါ ဘယ်သူ့လက်ချက်လဲ။ သားသားလား . . .

အတွေးတို့ ရှုပ်ထွေးသွားစဉ်မှာပင် . . .

ကောင်တာပေါ်မှဖုန်းမှာ မြည်လာပါ၏။

"ဟယ်လို"

" . . . . . . "

"မွေးနေ့ရှင်"

" . . . . . . "

"ဟုတ်ကဲ့ . . . မေးကြည့်လိုက်ဦးမယ်"

ဆိုင်ရှင်ဦးလေးကြီး၏ ဖုန်းပြောသံကြောင့် ယမင်းတို့စိတ်ဝင်စားကာသွားသည်။ ထိုစဉ်မှာပင် ဦးလေးကြီးမှာ ဖုန်းပြောနေရာမှ သူမတို့ဘက်သို့လှည့်ရင်း . . .

"သမီးတို့နှစ်ယောက်မှာ ဘယ်သူမွေးနေ့ရှင်လဲ"

"သမီးပါ"

ဦးလေးကြီးက ယမင်းကိုတစ်ချက်ကြည့်ရင်း ဖုန်းပြန်ပြောသည်။

"ဟုတ်ကဲ့ . . . ရှိတယ်"



www.burmeseclassic.com

www.burmeseclassi.com

" . . . . . . "

"သြော် . . . ဟုတ်ပြီ . . . ဟုတ်ပြီ . . . ပြောလိုက်ပါ့မယ်"

ထို့နောက် ဖုန်းချလိုက်လေသည်။ ပြီးနောက် . . .

"သမီးနာမည် ယမင်းဆုနော်"

"ဟုတ်ပါတယ်"

"အေး . . . ယမင်းဆုနာမည်နဲ့ အသည်းကွဲကဖီးမှာ မွေးနေ့လက်ဆောင်တစ်ခု ရောက်နေတယ်တဲ့။ ဦးဆိုင်ကိုဖုန်းဆက်ပြီး လာယူခိုင်းပေးပါလို့ ပြောလို့။ အခု အသည်းကွဲကဖီးက ဖုန်းဆက်တာ"

ဦးလေးကြီးစကားကြောင့် ယမင်းတို့နည်းနည်းတော့ တအံ့တသြ ဖြစ်သွားသည်။ ဒါပေမယ့် နောက်ဆုံးမှာတော့ သူမတို့နှစ်ယောက် အသည်းကွဲကဖီးသို့ ပြေးရပါသည်။ ဟိုရောက်တော့ သူမတို့အား ဆီးကြိုနေသည့် မွေးနေ့လက်ဆောင်ကား . . .

စာအုပ်လေးတစ်အုပ်။

သေချာအောင်ပြောရလျှင် ဒိုင်ယာရီစာအုပ်လေး။

ပို၍သေချာသွားတာက စာအုပ်အဖုံးမှာ နာမည်ထိုးထားသည်။

"ခြူးချစ်ချော"

ယမင်း အံ့သြမှုအရှိန်တွေတိုးသွားကာ စာအုပ်၏အဖုံးကို လှန်ကြည့်လိုက်တော့ . . .

သူမနှင့် ရင်းနှီးနေကျလက်ရေးတစ်ခု

ကိုယ့်ကိုနားလည်ပေးပါ ယမင်း။

သားသား

သူမရင်ထဲ ထိတ်ခနဲဖြစ်သွားမှုနှင့်အတူ နောက်ထပ်စာမျက်နှာတွေကို ဆက်လှန်ကြည့်စဉ်မှာပင် . . .

သားသားနှင့်ခြူးချစ်ချော နှစ်ယောက်တွဲရိုက်ထားသည့်ဓာတ်ပုံ။

နောက် သားသားဓာတ်ပုံအချို့။



ပြီးတော့ကား . . .

သူမတို့ဘယ်လိုမှ နားမလည်သည့် စာရေးနည်းတွေဖြင့် ရေးထားသော စာမျက်နှာတွေတစ်ခုပြီးတစ်ခု။ ထိုစာမျက်နှာတွေတွင် စိတ်ခွမ်းအင်တစ်စုံတစ်ခု ပါနေသည်ထင်ပါ၏။ ယမင်းစာရွက်တွေကို လှန်ကြည့်နေရင်းမှပင် အလိုလိုဝမ်းနည်းလာရပါသည်။

စာအုပ်ဆုံးသွားတော့ . . .

"ယမင်း ဘယ်လိုထင်လဲ"

မြင့်မိုရ်၏အမေးကြောင့် ယမင်း ကြောင်တောင်တောင်ဖြစ်သွားသည်။

"ဘာကိုလဲ . . . "

"ခြူးချစ်ချောဒိုင်ယာရီကို သားသားက မွေးနေ့လက်ဆောင်အဖြစ် နင့်ကိုပေးတဲ့ကိစ္စ"

ယမင်းမှာ ဖြေစရာ အဖြေမရှိပါ။ သို့ပေမယ့် သူမစိတ်ထဲမှာ တစ်စုံတစ်ခုကို သဘောပေါက်သလိုတော့ ရှိသွားသည်။ ထိုစဉ်မှာပင် မြင့်မိုရ်က . . .

"ငါတော့ သဘောပေါက်သွားပြီ"

"ဘာကို သဘောပေါက်သလဲ"

"မိုးပျံပူဖောင်းနဲ့ စာပေးတာကစပြီး အခုဘောထောင်ထားတဲ့ မွေးနေ့လက်ဆောင်ထိ အကုန်လုံးကို . . . "

"အဲဒါတွေက သားသား . . . "

"မဟုတ်ဘူး . . . သားသားပေးတာ ဒီစာအုပ်တစ်ခုတည်း"

"ဒါဆို ကျန်တာတွေက . . . "

"အေး . . . ဘယ်သူပေးတာလဲသိချင်ရင် ငါနဲ့လိုက်ခဲ့ . . လာ"

ထို့နောက်တော့ သူမတို့နှစ်ယောက်မှာ သုတ်သုတ် သုတ်သုတ်ဖြင့် မှုံကြယ်အရုပ်မှာရှိသော အဆောင်သို့ . . .



www.burmeseclassic.com

www.burmeseclassi.com

## XVIII

"သော်သော် . . . မရှိတော့ဘူးခင်ဗျ . . . ပြန်သွားပြီ"

"ဘယ်မှာသွားသေးလဲ"

"ဘာမှတော့ မှာမသွားဘူး။ ဒါပေမယ့် လာယူတဲ့လူရှိရင် ပေးလိုက်ဆိုပြီး စာတစ်စောင်ထားခဲ့တယ်"

"ဟုတ်လား . . . ပြစမ်းပါ"

သော်သော့်သူငယ်ချင်းတစ်ယောက်က စာတစ်စောင်ထုတ်ပေးသည်။

ထိုစာကား . . .



သော်သော်နဲ့ ယဉ်ငြိမ်းအေး

စာတမ်းကိစ္စအတွက် မနက်ဖြန်မနက် (၁၀)နာရီလောက် ဆရာ့အိမ်လာခဲ့ပါ။

ဦးဟင်မောင်

စာကထိုမျှသာ

စာရွက်ကိုကိုင်ရင်း ကြောင်ငေးသွားသော ယမင်းဆုမှာတော့



www.burmeseclassic.com

www.burmeseclassi.com

## ထမင်းမွေးနေ့၏ တိုထက် (၁၀)နာရီတတြော

လူက စုံသလောက်ဖြစ်နေပေပြီ။ ဧည့်ခန်းတွင်း၌ ထိုင်နေကြသည်ကား ယဉ်ငြိမ်းအေးတို့ညီအစ်မနှစ်ယောက်နှင့်သော်သော်။ ယဉ်ငြိမ်းအေးနှင့် သော်သော်တို့၏ရှေ့မှာကား သူတို့ပြုစုထားသော သချ်ာစာတမ်းတစ်အုပ်စီချထားသည်။

ဒါပေမယ့် တစ်ယောက်လိုနေသေးပါ၏။ ထိုသူကား ဦးတင်မောင်။ သူတို့ရောက်နေတာ နာရီဝက်နီးပါးရှိနေပေပြီ။ ဦးတင်မောင်ကို မတွေ့ရသေး။

ဧနီးဖြစ်သူကတော့ 'နင်တို့ဆရာ ဘုရားခန်းထဲမှာ အလုပ်ရှုပ်နေတယ်'လို့ပြောသည်။ ဒီလိုနှင့် သူတို့သုံးယောက် ဆရာ့ကိုစောင့်ရင်း ထွေရာလေးပါးစကား ပြောနေကြသည်။ အကြောင်းအရာထွေထွေထူးထူးတော့မဟုတ်။ သူတို့နှစ်ယောက်ပြုစုထားသောသချ်ာစာအုပ်တွေနှင့် ပတ်သက်၍ ဖလှယ်နေကြခြင်း။



ယမင်းဆုကတော့ တစ်လှည့်စီပြောနေကြသောသူတို့နှစ်ယောက်ကို အဓိပ္ပာယ်မြင့်မည်ထင်သောအကြည့်တွေဖြင့် ငေးကာနေသည်။

သော်သော်သည်လည်း အကြည့်ချင်းဆုံရန်ကြိုးစားမိပါ၏။ မဆိုး၊ နှစ်ကြိမ်လောက် ဆုံခွင့်ရလိုက်သည်။ ဒါပေမယ့် နောက်ပိုင်း ယမင်းဆုက နပ်သွားသည်။ သူတို့နှစ်ယောက်စကားများကို နားမထောင်တော့၊ ဂျာနယ်တစ်စောင်လှန်၍ ဖတ်ချင်ယောင်ဆောင်သွားသည်။

ဒီလိုနှင့် အကြည့်ချင်းနောက်တစ်ကြိမ်ဆုံရန် ကြိုးစားနေစဉ် အခိုက်မှာပင် ဆရာဦးတင်မောင် ရောက်လို့လာပါ၏။

"ဘယ်လိုလဲကွ . . . ရောက်နေကြတာ ကြာပြီလား"

"ဟုတ်ကဲ့ဆရာ"

သုံးယောက်စလုံး၏ နှုတ်မှပြိုင်တူလိုထွက်သွားသည်။

"အေးကွာ . . . ဆရာဘုရားရှိခိုးတာ နည်းနည်းကြာသွားတယ်။ ဒါနဲ့ ဆရာခိုင်းထားတဲ့ကိစ္စ မင်းတို့နှစ်ယောက်လုပ်ပြီးသွားကြပြီလား"

သူနှင့် ယဉ်ငြိမ်းအေးအားဦးတည်ကာ မေးလိုက်သည်ကြောင့်

"ဟုတ်ကဲ့ ပြီးသွားပါပြီဆရာ"

နှုတ်ထွက်ချင်း နီးစပ်သွားပါ၏။ ဆရာက ခေါင်းညိတ်ကာ ခါးကိုတစ်ချက်ဆန့်လိုက်ရင်း . . .

"ပြစမ်းပါဦး"

သော်သော် နှင့် ယဉ်ငြိမ်းအေးတို့နှစ်ယောက် သူတို့ရှေ့ရှိစာအုပ်များကို ဆရာဦးတင်မောင်ထံ ပေးလိုက်ကြသည်။ ဆရာကယူကာ ပထမဆုံးအုပ်ကို လှန်ကြည့်ပါ၏။

ထိုစာအုပ်က ယဉ်ငြိမ်းအေး၏စာအုပ်။

သူမရင်ခုန်နေသည်။ အောင်စာရင်းကြည့်သော ကျောင်းသားတစ်ယောက်လို သူမစိတ်တို့ကား လှုးလာခေါက်ပြန်ပြေးနေသည်။ ပြီး စိုးလှုပ်ရှားသောမျက်နှာနှင့် သော်သော့်ကို ကြည့်မိသည်။

သော်သော်ကတော့ အေးဆေးတည်ငြိမ်လျက်။



www.burmeseclassic.com

www.burmeseclassi.com

တစ်စုံတစ်ခုသော အဆုံးအဖြတ်အတွက် တုန်လှုပ်ခြင်းကင်းစွာ အေးဆေးလျက်ရှိသည်။

ပြီးတော့ သော်သော်၏စာအုပ်။

သော်သော်၏စာအုပ်ကိုလည်း ထိုနည်းအတိုင်းဆရာက တစ်ရွက်ချင်းလှန်ကာကြည့်သည်။ သော်သော်ကတော့ ပုံမှန်အတိုင်း လှုပ်ရှားမှု တစ်စုံတစ်ရာမရှိ။ နောက်ဆုံးစာရွက်တစ်ရွက်၏အောက်ဆုံးစာကြောင်းကို ကျော်ဖြတ်မှုအဆုံးမှာပင် ဆရာက . . .

"မင်းတို့နှစ်ယောက်စလုံးရဲ့ အရည်အချင်းတွေအရတော့ စာအုပ်တွေက မနိမ့်လောက်ပါဘူး။ ဒါတွေကို ဆရာအချိန်ယူပြီး ဖတ်ကြည့်ရဦးမယ်။ မင်းတို့ရဲ့အဆုံးအဖြတ်ကိုတော့ ဆရာဖတ်ပြီးသွားမှပဲ အကြောင်းပြန်တော့မယ် . . . ဟုတ်ပြီလား"

သူတို့နှစ်ယောက်အတွက်ကတော့ ငြင်းစရာမရှိ။ ဒါပေမယ့် ကိုယ်တိုင်နာမည်ဖြင့် တင်ခွင့်ရမည့်အရေးကိုတော့ သူတို့နှစ်ယောက်စလုံး ဇာပ်မကျမိကြသည်။

"ဒါနဲ့ . . . မင်းတို့ ဆရာ့အိမ်ကဘုရားခန်းကို ရောက်ဖူးလား"

"ဗျာ"

သီးသန့်ခွဲထွက်သွားသော စကားအသွားအလာကြောင့် သော်သော် ကြောင်သွားသည်။

"ရောက်ဖူးတယ်"

ယမင်းတို့ ညီအစ်မနှစ်ယောက်က ဖြေပါ၏။

"ဘုရားခန်းထဲမှာ ဆရာ့သားပို့လိုက်တဲ့ဘုရားတစ်ဆူပူဇော်ထားတယ်။ လက်ရာတော်တော်ဆန်းတယ်ကွ။ မနေ့ကမှ ကြွလာတာ။ ရောက်တုန်းရောက်ခိုက် သွားဖူးကြချေ"

အကြောင်းမဲ့သက်သက်တော့မဟုတ်မှန်း သော်သော်ရိပ်မိသည်။ ချက်ချင်းလွှဲသွားသော စကားပြောလမ်းက ဆန်းလို့နေပါ၏။

"ဟုတ်ကဲ့ပါ ဆရာ"



ယမင်းတို့ညီအစ်မ ထရပ်လိုက်သောကြောင့် သူလည်းထရပ်ရန် ပြင်စဉ်မှာပင် . . .

"အကုန်လုံးစုမသွားနဲ့။ တစ်ယောက်ချင်းစီသွား။ ထူးခြားတာတွေတွေ့ရင်လည်း တစ်ခါတည်းရှင်းလာခဲ့ချေ။ ကဲ . . . ဘယ်သူအရင်သွားမလဲ"

"သမီးသွားမယ် ဆရာ"

ယဉ်ငြိမ်းအေးက အလျင်စလို ပြောသည်။

ဆရာက ခေါင်းညိတ်ကာ ပြလိုက်ရင်း . . .

"သချ်ာစာတမ်းအတွက် ပတ်သက်မှုနည်းနည်းရှိတယ်နော်"

အနည်းငယ်ထူးခြားသွားသော ဆရာ့စကားကြောင့် ယဉ်ငြိမ်းအေး တည်ငြိမ်သွားသည်။

"ဆရာဘာကိုဆိုလိုတာလဲ မသိဘူး"

"သြော် . . . ကိုယ့်နာမည် ဌာနကိုရောက်မရောက်ပေါ့"

သော်သော်သဘောပေါက်လိုက်ပါပြီ။ ထိုဘုရားခန်းထဲတွင် ဘာတွေထူးခြားတာရှိမည်နည်း။ ထိုထူးခြားမှုကို ဖော်ထုတ်နိုင်သည်၊ မဖော်ထုတ်နိုင်သည်ကား သူတို့နှစ်ယောက်အတွက် အဆုံးအဖြတ်။

ယဉ်ငြိမ်းအေးလည်း ခေသူမဟုတ်မှန်း သူသိသည်။

ပထမဆုံးတာထွက်သူက ပန်းဝင်စေသည့်သီအိုရီရှိပါသလား။

ယဉ်ငြိမ်းအေး ဘုရားခန်းထဲသို့ဝင်သွားပေပြီ။

⁂



www.burmeseclassic.com

www.burmeseclassi.com

# XIX

အချိန်တို့ကား မလိုအပ်ပါဘဲ ကဆုန်ပေါက်နေသည်။ နာရီလည်ကာ မြန်သည်လား၊ သူ့နှလုံးခုန်နှုန်းတို့ ပြေးနှုန်းနှေးကွေးနေသည်လား မပြောတတ်။ ဒါပေမယ့် သူ့အထင် နာရီအလည်မြန်နေသည်။

သိပ်မကြာလိုက်သောအချိန်အတွင်းမှာပင် ယဉ်ငြိမ်းအေး ပြန်ထွက်လာပါ၏။ မျက်နှာမကောင်း စာမေးပွဲမဖြေနိုင်သော ကလေးတစ်ယောက်၏ အရိပ်အငွေ့တွေထင်ဟပ်နေသည်။

ဆရာဦးတင်မောင်က ဆီးကြိုမေးသည်။

"လက်ဆေးဖို့လိုသေးလား သမီး. . ."

"မလိုတော့ဘူး . . . ဆရာ"

ယဉ်ငြိမ်းအေး၏ဖြေသံက အားမပါ။ နောက်အလှည့်ကျသူကား

"ယမင်းဆု"



သူမကိုတော့ ဆရာဦးတင်မောင်က အပေါ့ပါးဆုံး စကားတစ်ခွန်းကို ဆိုသည်။

"ဗဟုသုတပေါ့ . . . သမီးရယ်"

သို့သော် သူမသည်လည်း အောင်မှတ်ရခဲ့ပုံမပေါ်ပါ။ ခဏတွင်းပင် ပြန်ထွက်လာပါ၏။ ဒါပေမယ့် သူမပုံစံ ထူးခြားလာသည်။ အကြောင်းကား . . .

ယမင်းဆုပုံစံက ခုနယဉ်ငြိမ်းအေးထွက်လာတုန်းကလိုမျိုး ပုံစံမဟုတ်၊ ယဉ်ငြိမ်းအေးက မှိုင်တွေလာသည်။ သူမက တက်ကြွလာသည်။ ထူးခြားမှုတစ်ခုတစ်ရာအပေါ် သိလိုစိတ်တွေပြင်းထန်လာပုံမျိုး မျက်လုံးအရောင်တို့လက်လာသည်။

သူမအရမ်းသိချင်နေသော ကိစ္စတစ်ခု၏ကြိုးတစ်စကို အမှတ်မထင် တွေ့လိုက်မိသွားသလိုပုံစံမျိုး။

နောက် ဆရာဦးတင်မောင်ကိုလည်း ခဏခဏကြည့်ကာ တစ်စုံတစ်ခုမေးချင်နေသော ပုံစံမျိုး။

စသော ထူးခြားမှုတို့ကို သော်သော်သတိပြုမိသွားပြီးသည့်နောက်မှာတော့ . . .

သူ့အလှည့်သည် ကျရောက်လို့လာပါပြီ။

သော်သော် မတ်တတ်ထရပ်လိုက်သည့်ခဏမှာ . . .

"သော်သော့်ကိုလည်း ဆရာခုနယဉ်ငြိမ်းအေးကိုမှာလိုက်သလိုမျိုးပေါ့ကွာ။ သင်္ချာစာတမ်းအတွက် ပတ်သက်မှုတွေရှိနေတယ်"

သူခေါင်းညိတ်ပြမိပါသည်။ ပြီးနောက် . . .

အချိန်အားဖြင့် (၁၅)မိနစ်လောက်ကြာသွားမည် ထင်သည်။ သော်သော် ဘုရားခန်းထဲမှ ပြန်ထွက်လာမိသည်။ သူ့လက်တွင် မြေဖြူတို့ ပေကျံလာပါ၏။

အပြင်ကို ရောက်ရောက်ချင်း ဆရာကြီးက . . .

"လက်ဆေးဖို့လိုသေးလား သော်သော်"



www.burmeseclassic.com

www.burmeseclassi.com

"ဟုတ်ကဲ့ လိုက်ပါမယ် ဆရာ"

ဆရာဦးတင်မောင်၏မျက်နှာမှာ ကျေနပ်မှုအရိပ်တို့ ထင်ဟပ်သွားသည်။ ထို့နောက် . . .

"အဖြေဘယ်လောက်ရလဲကွ"

"၁၉၂ စတုရန်းပေပါ ဆရာ"

သော်သော့်အဖြေက နောက်ထပ်မေးခွန်းမရှိတော့လောက်အောင်ကို တိကျသွားလေပြီ။ မကြာလိုက်ပါ။

"သော်သော် . . . မင်းလက်ဆေးပြီးသွားရင် ဘုရားခန်းထဲကို လိုက်ခဲ့လိုက်။ ငါတို့စောင့်နေမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ဗဟုသုတဆိုသော အသီးအပွင့်က သူ့ကိုမွေးဖွားစေခဲ့ပါပြီ။

ထို့နောက်တော့ . . .



# XX

ဒီအခန်းရဲ့ ဧရိယာကို ရှာပေးပါ။

ဒီ အခန်း ရဲ့ , ဧရိယာ ကို ရှာ ပေး ပါ



www.burmeseclassic.com

www.burmeseclassi.com

သော်သော် အခန်းထဲပြန်ရောက်တော့ ခုနက သူ ဘောမှာ တွက်ထား ခဲ့သည့်အဖြေများ ရှိမနေတော့ပါ။

ဆရာဦးတင်မောင်ရေးထားသောမေးခွန်းတစ်ခု သာရှိတော့သည်။ အဖြေများကို ဆရာဖျက်လိုက်ဟန်တူသည်။ ဆရာဦးတင်မောင်က သူ့အား ဘောရှေ့ကိုခေါ်၍ . . .

"ဒီစာရေးနည်းကို မင်းဘယ်လိုတက်ခဲ့တာလဲ"

"ကျွန်တော် ဗေဒင်ကျမ်းတစ်ခုထဲက တတ်ထားတာပါ"

"ဟုတ်ပြီ . . . အဲဒါဆို ဒီစာရဲ့အဓိပ္ပာယ်က ဘာလဲ"

"ဒီအခန်းရဲ့ ဧရိယာကို ရှာပေးပါ"

"ရှင်"

"အို"



ယဉ်ငြိမ်းအေးနှင့် ယမင်းဆုတို့နှစ်ယောက် အာမေဋိတ်သံတွေ ထွက်သွားသည်။ ယမင်းဆုမှာ စိတ်ဝင်စားမှုတို့ ပိုလာရပါ၏။

"အဲဒီတော့ ဒီအခန်းရဲ့ဧရိယာကို မင်းဘယ်လို ရှာလိုက်သလဲ"

"ကျွန်တော် . . . ဧရိယာ = အလျား × အနံ

ပုံသေနည်းနဲ့ရှာလိုက်တာပါ"

"ရှာပုံရှာနည်းကို ပြောပြပါဦး"

"ကျွန်တော် ပထမဆုံး အလျားနဲ့အနံကို တိုင်းဖို့စဉ်းစားတယ်။ ဒါပေမယ့် တိုင်းလို့ရလောက်တဲ့ပေတံက ဒီအခန်းထဲမှာ မရှိဘူး။ အဲဒါနဲ့ တိုင်းစရာတစ်ခုခု ရှိလိုရှိငြားရှာကြည့်လိုက်တော့ ဘုရားစင်ပေါ်မှာ ၆' ပေတံတစ်ချောင်းတွေ့တယ်။ ၆' ပေတံနဲ့ကလည်း ဘယ်လိုမှ တိုင်းလို့ မဖြစ်ပြန်ဘူးလေ"

သော်သော် စကားကိုခဏရပ်၍ အခြေအနေကိုကြည့်လိုက်သည်။ သူ့စကားအား ဆရာဦးတင်မောင်အပါအဝင် အကုန်လုံးက စိတ်ဝင်တစား နားထောင်နေပါ၏။

"အလျားတိုင်းတာလောက်က ကိစ္စမရှိပေမယ့် . . . အနံကျတော့ ၆' ပေတံက အလုပ်မဖြစ်ဘူး။ ကျွန်တော်အရပ်မမီတဲ့နေရာတွေဆိုရင် ခုံမရှိဘာမရှိနဲ့ သွားပြီလေ"

"အဲဒီတော့ . . . "

ဆရာဦးတင်မောင်က ထောက်ပေးသည်။

"အဲဒီတော့ ကျွန်တော် နံရံနဲ့ကြမ်းပြင်မှာ ကပ်ထားတဲ့ ကြွေပြားတွေထဲက တစ်ခုကိုတိုင်းကြည့်လိုက်တယ်။ ကြွေပြားက တစ်ချပ်ကို ၁' ပတ်လည်စီရှိတယ်။ အဲဒီမှာတင် တွက်လို့ရသွားပြီလေ။ ကြွေပြားတွေကို ကြည့်ပြီးတော့ ဒေါင်လိုက်အရင်ရေကြည့်လိုက်တယ်ဗျာ . . အနံပေါ့ . . ကြွေပြားအားလုံးပေါင်း (၁၂)ချပ်ရှိတယ်ဆိုတော့ အနံက(၁၂)ပေပေါ့"

သော်သော် တိတ်ပါလက်ပါရှင်းပြနေသလို အားလုံးကလည်း စိတ်ဝင်တစား နားထောင်နေကြသည်။




www.burmeseclassic.com

www.burmeseclassi.com

"အလျားကျတော့ (၁၆)ချပ်ရှိတယ် . . . အလျားက (၁၆)ပေပေါ့။ ပြီးတော့မှ ကျွန်တော်ဧရိယာပုံသေနည်းမှာ အလျားရယ် အနံရယ်ကို အစားသွင်းလိုက်တယ်ဗျာ . . . ဒီလို"

ဟုဆို၍ သော်သော်က ဘောမှာပုံပါဆွဲ၍ ရှင်းပြသည်။




သော်သော်၏ ဖြေရှင်းချက်အဆုံး ဆရာက ယဉ်ငြိမ်းအေးဘက်ကို လှည့်၍ . . .

"သမီးဘာ့ကြောင့် ဒီမေးခွန်းကို မဖြေနိုင်လဲသိလား"

"ဟုတ်ကဲ့ သိပါတယ်"

"ဘာ့ကြောင့်လဲ"

"ဒီစာရေးနည်းကို မသိလို့ပါ"

ဦးတင်မောင်ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။ ပြီး သော်သော့်ဘက်သို့ ပြန်လှည့်၍ . . .

"ကဲ . . . မောင်သော်သော် တစ်ခါတည်းသာ ရှင်းပြလိုက်ကွာ။ မသိတဲ့လူတွေလည်း သိရတာပေါ့"



သော်သော် ခေါင်းညိတ်ပြလိုက်သည်။ ပြီး ဘောကိုဖျက်နေရင်းဖြင့် . . .

"ဒီစာရေးနည်းကို ဗျည်းကြေးစာရေးနည်းလို့ ခေါ်တယ်။ ဝိဇ္ဇာလက်ရေးလို့လည်းခေါ်တယ်။ ရှင်းရှင်းပြောရရင် ဝိဇ္ဇာလိုင်းလိုက်တဲ့ပုဂ္ဂိုလ်တွေ တစ်ဦးနဲ့တစ်ဦးဆက်သွယ်ကြ၊ နည်းပေးကြ၊ ပညာပေးကြတဲ့စာရေးနည်းပေါ့ . . .

စာရေးနည်းကတော့ လွယ်ပါတယ်။ ဗျည်းတွေကို မှုသေထားပြီး ကျန်တဲ့ဟာတွေပဲ ပြောင်းပြီးရေးတာ။ ဝိဇ္ဇာလက်ရေးဆိုပြီး လင်္ကာလေးရှိတယ်။ အဲဒီလင်္ကာလေးအတိုင်းဆိုပြီးရေးရင် လွယ်လွယ်လေး။ လင်္ကာလေးကဒီလို . . . "

ဟုဆို၍ သော်သော်က ဝိဇ္ဇာလက်ရေးလင်္ကာလေးကို ပါးစပ်မှလည်းရွတ်၊ လက်မှလည်း ဘောတွင်ချရေးပြသည်။

ယမင်း မထင်မှတ်ခြင်းများစွာနှင့် ဝိဇ္ဇာလက်ရေးလင်္ကာလေးကို ကူးခွင့်ရသွားလေသည်။ ကူးနေရင်းဖြင့် သူမအာရုံထဲတွင် တဝဲဝဲပေါ်လာသည်ကား . . .

သားသားဆီမှ ရခဲ့သောစာများ၊

မိုးပျံပူဖောင်းဖြင့် စာပေးသည်မှစလို့ . . .

အကြိုနောက်ကျောမှ စကားလုံးတွေနှင့် ဖေဖော်ဝါရီ(၁၄)နောက်ကန်တင်းတွင် ဘောယောင်ထားသော မွေးနေ့လက်ဆောင် စသည်စသည်တို့၏ အကြောင်းအရာများအောက်မှ . . .

ဖြသ့ ဖြသ့ ဆိုသော နာမည်။

ပြီးတော့ သားသား၏လက်ဆောင်၊ ခြူးချစ်ချော၏ဒိုင်ယာရီစသော ဖုံးကွယ်မှုတို့ကိုဖောက်ခွဲပစ်မည့် လင်္ကာလေးတစ်ပုဒ်၏ အဆုံးမှာတော့ . . .

ယမင်းအသိအာရုံတွေ တစ်စုံတစ်ဦးအပေါ်သို့သာ စုပုံကျသွားရပါတော့သည်။ သူမတပ်မွက်စွာ ရင်ခုန်ခဲ့သည့်

www.burmeseclassi.com

Romatic ဆန်ဆန်ပြကွက်တွေ၏ ပိုင်ရှင်ကား . . .

သူမရင်တစ်ခုလုံးသည် မထင်မှတ်နိုင်အောင်လှုပ်ရှားသွားခဲ့ပါသည်။ ထိုအချိန်မှာပင် ဆရာဦးတင်မောင်က ထူးဆန်းသောစကားတစ်ခုကို ဆိုလာပါ၏။

"ထမင်းနဲ့ရှစ်ဆုပ်ဆိုတာ ဘယ်ရက်ကိုပြောတာလဲ သော်သော်"

ထူးဆန်းသောစကားတွေကြောင့် သော်သော် အံ့ဩသွားမိသည်။

ဆရာဦးတင်မောင်ထံလှမ်းကြည့်မိတော့ ဘယ်ကရောက်လာမှန်းမသိသော စာတစ်ရွက်ကို လက်မှာကိုင်ထားလို့။

"တပို့တွဲလဆုတ် ရှစ်ရက်နေ့ကို ပြောတာပါဆရာ"

"ဘာဖြစ်လို့လဲ"

"ထမင်းနဲ့ဆိုတာ တပို့တွဲလမှာ ထိုးတာလေ"

"ဪ"

ဆရာဦးတင်မောင် ကျေနပ်သွားသည်ထင်သည်။ ပြီးနံရံမှ ပြက္ခဒိန်ကို တစ်ချက်လှမ်းကြည့်ကာ . . .

"ဒီနေ့ပဲ"

ဟုပြောသည်။ နောက် . . .

"အမှန်းတွေကင်းတဲ့နေရာဆိုတာကရော ဘယ်နေရာကို ပြောတာလဲ"

"အမှန်းတွေကင်းတဲ့နေရာ"

သော်သော်နှုတ်မှ တိုးတိုးလေးရေရွတ်မိသွားသည်။ စိတ်ထဲတွင်လည်း ဇဝေဇဝါ ဖြစ်သွားပါ၏။

"အမှန်းတွေကင်းတဲ့ နေရာဆိုတာက ခန့်မှန်းရတော့ နည်းနည်းခက်တယ်။ အဖြေကနှစ်ခုဖြစ်နေတယ်။ စာနောက်မှာ ဘာပါသေးလဲ"

"၃၇၁ ဆိုတာတော့ပါတယ်"


သော်သော် ပြုံးမိသွားလေသည်။

"သုဿာန်က ဂူနံပါတ် (၃၇၁)ကို ပြောတာပါ"



"အို"

ယမင်း အာမေဋိတ်သံထွက်သွားသည်။ နောက်ဆရာကလက်ထဲမှစာရွက်ကိုပြန်ကြည့်ရင်း ထရပ်လိုက်သည်။ ပြီး ဘောဆီသို့သွားကာ ပုံတစ်ပုံဆွဲပြသည်။ ပါးစပ်မှလည်း . . .




"ဒါ . . . ဘယ်အချိန်ကို ဆိုလိုတာလဲ"

သော်သော် စဉ်းစားသွားသည်။ သော်သော်ပင်မဟုတ်၊ ယမင်းနှင့်ယဉ်ငြိမ်းအေးတို့နှစ်ယောက်လည်း စဉ်းစားသွားကြပါသည်။ သူမတို့ပုံစံက ခုနလို စိတ်ပျက်အားငယ်နေသည့်ပုံစံမျိုးမဟုတ်တော့။

ဆရာဦးတင်မောင်နှင့်သော်သော်တို့၏အမေးအဖြေတွေနှင့် ဆရာ့လက်ထဲမှစာရွက်ပေါ်တွင် စိတ်ဝင်စားကုန်ကြသည်။

သော်သော်တွေးနေရင်းဖြင့် မျက်လုံးတို့က တိုင်ကပ်နာရီဆီရောက်သွားသည်။ နာရီက နှစ်နာရီထိုးပြီး ခုနစ်မိနစ်ကို ညွှန်ပြနေသည်။ သော်သော် ခါးမတ်သွားသည်။ နောက် ဦးတင်မောင်လက်ထဲမှ စာရွက်ကိုယူကာ တိုင်ကပ်နာရီပေါ် သွားကပ်ကြည့်သည်။

"ဟုတ်ပြီ . . . ဒီလိုနဲ့တူတယ်"

ဟု ပါးစပ်မှရေရွတ်ရင်း စာရွက်ကိုခွာကာ နာရီကိုပြန်ကြည့်သည်။ ပြီး ထပ်ကပ်ကြည့်ပြန်သည်။ ပြီးတော့မှ . . .

"ကျွန်တော့်အထင်ပြောရရင် သုံးနာရီ ခုနစ်မိနစ်၊ ရှစ်မိနစ်လောက်ကို ပြောတာနဲ့တူတယ်"

"ဟင်"

"ဘာဖြစ်လို့ . . . "



www.burmeseclassic.com

www.burmeseclassi.com

"အခု နှစ်နာရီထိုးပြီး ခုနစ်မိနစ်လေ။ စာရွက်ကိုကပ်ကြည့်ပြီး စာရွက်က လက်တံတွေတိုင်းယူလိုက်ရင်း နာရီလက်တံကလွဲပြီး မိနစ်လက်တံက သွားတူနေတယ် . . . နာရီလက်တံက သုံးနာရီမှာ . . . အဲဒါကြောင့်မို့လို့ ကျွန်တော်ထင်တာက သုံးနာရီငါးမိနစ်နဲ့ ဆယ်မိနစ်ကြာလောက်ဖြစ်မယ်ထင်တာ"

သော်သော့်စကားဆုံးတော့ ဆရာက ခေါင်းညိတ်သည်။ ယဉ်ငြိမ်းအေးက ဘာမှဆရာဆွဲပြသည့်ပုံနှင့်နာရီကို ထပ်တူညီကြည့်နေဟန်တူပါ၏။

ယမင်းကတော့ . . .

"အဲဒါဆို မင်းကိုင်ထားတဲ့စာရွက်ကို အမိပ္ပာယ်အပြည့်အစုံသွင်းပြီး ဖတ်ပြစမ်းကွာ။ ဘာတွေရေးထားတာလဲလို့"

စာရွက်ကိုကြည့်၍ သော်သော် တွေဝေသွားသည်။ နောက်ချက်ချင်းဆိုသလို ယမင်းမျက်နှာဆီသို့ အကြည့်ရောက်သွားပါ၏။ ယမင်းကတော့ ဘာမှသိဟန်မတူ။

သူဖတ်ပြမည့် စာရွက်အပေါ်တွင်သာ အာရုံရောက်နေဟန်တူသည်။

သော်သော်ရင်ထဲ သနားသွားရသည်။

"ဩော် . . . သူမခမျာ ဘာမှမသိရှာပါလား" သော်သော့်စိတ်ထဲမှာတွေးမိသည့်ကိုင်း မျက်နှာမှာလည်း ပေါ်သွားသည်ထင်သည်။ မျက်လုံးတို့ အနည်းငယ်ဝေဝါးသွား၏။

"သော်သော် . . . ဘယ်လုပ်နေတာလဲ . . . ဖတ်လေကွာ"

ဆရာဦးတင်မောင်၏ ဒုတိယအကြိမ် ဆော်သြသံ။

"အေးလေကွာ . . . ဒီမှာသိချင်နေပြီ"

ယဉ်ငြိမ်းအေး၏ သိချင်လွန်းစွာထွက်လာသောအသံတို့၏နောက်မှာ . . .

သော်သော် နောက်တစ်ကြိမ် ထပ်ကြည့်မိသွားသည်။ တစ်စုံ



တစ်ရာသောအဖြေကို ငံ့လင့်နေသော မျက်လုံးလေးနှင့် သူမ။

သူဘာလုပ်ရမည်နည်း။

တွေဝေမှုတို့ ခဏတာအုပ်မိုးသွားစဉ်မှာပင် . . .

"မောင်သော်သော်"

ဆရာကြီး၏ တတိယအကြိမ်လှံ့ဆော်မှုအဆုံးမှာတော့ . . .

"ဖတ်လေ"

သူမ၏ အသံချိုမြမြလေး . . .

သော်သော် လွန်ဆန်နိုင်သောအင်အားတို့ပျက်ကွက်သွားရပါတော့သည်။

ထို့နောက်မှတော့ . . .



www.burmeseclassic.com

www.burmeseclassi.com

ကွက်လပ်ဖြည့်ပါ။

သားသားရှုံးသွားပြီနော်။
ကတိတည်မယ်လို့ ယုံကြည်တယ်။
. . . . . ဆိုတဲ့စကားကို ပြောဖို့အတွက်။

နေ့ရက် – တပို့တွဲလဆုတ် (၈)ရက်
နေရာ - သုဿာန် (၃၇၁) နံပါတ်ရှိတဲ့ဂူ။
အချိန် – (၃)နာရီ (၅)မိနစ်မှ (၁၀)မိနစ်အတွင်း

မှာ ခြုံးစောင့်နေမယ်။



# XXI

"ဟင်"

ယမင်းဆီမှ အာမေဋိတ်သံအကျယ်ကြီး။

နောက် သော်သော့်ကိုကြည့်သည်။ ပြီး သော့်သော့်လက်ထဲမှ စာရွက်ကိုယူကာကြည့်သည်။ ပြီး ချက်ချင်းပင် . . .

"မမ . . . ဒီမှာခဏစောင့်နေ။ ငါချက်ချင်းပြန်လာခဲ့မယ်"

ဟုပြောကာ ကားသော့ကိုဆွဲရင်း အလျင်စလိုထသွားလေသည်။

"နေဦး"

သော်သော်၏ တားမြစ်သံနောက်မှာ . . .

"သော်သော် . . . ယမင်းနဲ့လိုက်သွားလိုက်။ သူ့ကိုကားမမောင်းစေနဲ့။ စိတ်တွေတော်တော် လှုပ်ရှားနေတယ်"



www.burmeseclassic.com

www.burmeseclassi.com

အကြောင်းသိဖြစ်သော ဆရာကြီးက သတိပေးစကားဆိုကာ သော်သော့်ကိုလိုက်ပို့ခိုင်းသည်။

သော်သော်ချက်ချင်းပင် ပြေးလိုက်သွားရပါတော့သည်။

ထို့နောက် သူမလက်ထဲမှကားသော့ကို လုယူလိုက်ရင်း . . .

"မင်းကိုယ်မင်း အသေခံနိုင်ပေမယ့် . . . ငါမင်းကို အဆုံးရှုံး မခံနိုင်ဘူး"

ဒိုင်းခနဲ မျက်လုံးချင်းဆုံသည်။ သော်သော့်မျက်ဝန်းမှာ စကား ထက်ခိုင်မာသော ရဲရင့်မှုတွေ ဝေသီနေပါ၏။

နောက် သူမ၏ရှိုက်သံများအောက်မှာ ကားတစ်စီး၏ သိမ့်မွေ့ မှုက ရုန်းထွက်သွားပါတော့သည်။ ဒါပေမယ့် . . .

သူမ ငိုနေသည်။



# XXII

လမ်းမှာလည်း သူတို့ တစ်ဦးကိုတစ်ဦးစကားမပြောဖြစ်။ ယမင်း မှာတော့ နာရီတကြည့်ကြည့်နှင့် တသိမ့်သိမ့်ရှိုက်ငိုနေသည်။ အရေးကြီး လျှင်ဖြစ်နေကျအတိုင်း လမ်းမှာ ကားကျောတွေပိတ်သည်။ မီးပွိုင့်မိ သည်။

နာရီက သုံးနာရီထိုးဖို့ရန် မိနစ်အနည်းငယ်သာလိုတော့သည်။ သော်သော့်မှာ မောင်းနေရသော်လည်း ခရီးကမတွင်။ နာရီလက်တံတွေ ကလည်း တစ်ပတ်ပြီးတစ်ပတ် ပြေးနေသည်။

(၃)နာရီထိုးအတိ။

တော်တော်လှမ်းနေသေးသည်။ ကားကျောကမရှင်းသေး။ ယမင်းမှာနာရီကိုသာကြည့်ရင်း သတိမရှိတော့သလို ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassi.com

နောက် သော်သော့်ကို အားကိုးတကြီးကြည့်သည်။ သူသဘော ပေါက်လိုက်သည်။ ထို့ကြောင့် . . .

"ငါအတတ်နိုင်ဆုံး မီအောင်မောင်းပေးပါ့မယ်။ စိတ်အေးအေး ထားပါ"

သော်သော် ထိုမျှသာပြောရင်း လီဗာကို ဖိနင်းလိုက်သည်။

တရိပ်ရိပ်ပြေးနေသောကားလေးက တစ်ချက်ချင်းလည်နေသော နာရီနှင့်အပြိုင်။

(၃)နာရီထိုးပြီး (၅)မိနစ်

သုသာန်ထဲမှ လူအချို့ထွက်လာသည်။ ထိုအထဲမှ မိန်းမအချို့၏မျက်နှာများက ငိုထားမှုကြောင့် ဖောင်းအစ်နေသည်။

ယမင်းထိတ်လန့်သွားသည်။ သားသားတို့နဲ့များ ပတ်သက်မှု ရှိနေလား။ သိပ်တော့မဖြစ်နိုင်။ ဒါပေမယ့် သူတို့ရွေးထားတဲ့နေရာက ဘာအဓိပ္ပာယ်တွေနည်း။

"ဘာလဲ မင်းက ဒီလူတွေနဲ့ သားသားတို့နဲ့ ပတ်သက်နေတယ် ထင်လို့လား။ မဟုတ်ဘူး။ သူတို့က အခုမှအသုဘချပြီးပြန်သွားတဲ့လူ တွေ။ ဟိုမှာ သူတို့ သင်္ဂြိုဟ်သွားတဲ့ဂူ။ အဝင်ဝနားမှာ ပိတ်နေဟုန်းရှိသေး တယ်။ နံပါတ် (၃၇၁)နေရာမဟုတ်ဘူး"

ထိုသို့ သော်သော်ကပြောရင်း သုသာန်မြေအတွင်းသို့ ဝင်လိုက် ပါသည်။ ပြီး ကားကိုရပ်၍ ဆင်းလျှောက်သွားလိုက်သည်။

သော်သော့်နောက်မှ ယမင်း။

သူတို့နှစ်ယောက် သွားနေသည့်နေရာကား . . .

(၃)နာရီ (၈)မိနစ်။

အချိန်က စာရွက်ထဲကအတိုင်း 45° ဖြစ်သွားပေပြီ။

သူတို့နှစ်ယောက် ကွက်တိရောက်သွားသည်။ သို့ပေမယ့် သူတို့ ဇာတ်ညွှန်းအစပိုင်းကို ဖြည့်ကြည့်ရမည့်ကိန်း ဆိုက်သွားပါ၏။

ယမင်း အိခနဲမျက်ရည်တွေ ဖျာဆင်းသွားကာ တစ်ဖက်လှည့်



သွားမှုနှင့်အတူ

ဇာတ်လမ်းတစ်ပုဒ်၏ဇာတ်သိမ်းက လှပမည်မထင်တော့ပါ။ အကြောင်းကား . . .

(၃၇၁)ဟုထင်ရသောဂူရှေ့မှာ လူနှစ်ယောက်ရပ်နေသည်။ ကောင်လေးနှင့်ကောင်မလေး။ ကောင်မလေးကငိုနေသည်ကို ကောင်လေး က ယုယစွာမျက်ရည်သုတ်ပေးနေပါ၏။

ပြီးတော့ ကောင်မလေး၏ ပခုံးနှစ်ဖက်ကိုယုက်သိုင်းရင်း သိမ်မွေ့ စွာရင်ခွင်ထဲသို့ . . .

ထိုနှစ်ယောက်ကား . . .



www.burmeseclassic.com

www.burmeseclassi.com

ဇာတ်လမ်းတွေ၊ ရုပ်ရှင်တွေထဲမှာဆိုလျှင်တော့ ဒီနေရာက မင်းသမီးခန်း၊ တီးလုံးဆွေးဆွေးလေးတွေဖွင့်ပြ၍ မင်းသမီးကိုငိုခိုင်းပေမည်။

ယခုတွင်ကား . . .

ယမင်းကားထဲတွင် တသိမ့်သိမ့်ရှိုက်ငိုနေပါ၏။ သူမဘေးတွင် သော်သော်။

သူဘာလုပ်ရမည်နည်း။

နှစ်သိမ့်ရမည်လား၊ ကြေကွဲရမည်လား၊ ပေါက်ကွဲပြရမည်လား။

ထင်သလို သူတစ်ခုမှမလုပ်ခဲ့ပါ။

သော်သော် ကားတံခါးကိုဆွဲဖွင့်၍ အပြင်ထွက်လိုက်သည်။ နောက် ယမင်းရှေ့တည့်တည့်ကားမှန်ပေါ်မှာ . . .

မှန်စာလက်ရေးဖြင့် . . .

"ခွင့်ပြုတယ် ခွင့်လွှတ်တယ်"

R-ဇာနည်သီချင်းလား။

မဟုတ်။ ဒါပေမယ့် နည်းနည်းတော့ တိုက်ဆိုင်မှုရှိသည်။



သီချင်းထဲမှ စာသားအချို့နှင့်

"ဘယ်သူတွေ ဘယ်လိုစွန့်ပစ်ခဲ့လည်း
မင်းလေးနားမှာ အမြဲရှိမယ်"



www.burmeseclassic.com

www.burmeseclassi.com

# XXIII

## (၄၇၀)

ဟူသော အုတ်ဂူတစ်ခု၏ ရှေ့မှာကား

"မေမေ . . . သမီးဘဝအတွက် အကောင်းဆုံးအဖော်မွန် ဘေးနားမှာရှိနေပါပြီ။ မေမေ စိတ်ချလက်ချနေခဲ့တော့နော်"

နူးညံ့ပါးလျသော ခြေလှမ်းများဖြင့် ထွက်ခွာသွားကြသော နှစ်ယောက်မှာကား . . .

သားသား နှင့် ခြူးချစ်ချော

ᨏ ᨏ ᨏ



အခုတော့လည်း ထိုခံစားမှုတွေကို အချိန်ဆိုသော စက်ဝိုင်းကြီးက ဝါးမျိုသွားခဲ့ပါပြီ။

"ဩော် . . . ကျောင်းတွေတောင် ပြန်ဖွင့်တော့မှာပါလား"

ယမင်း ထိုသို့စိတ်ထဲမှတွေးရင်း နာရီကိုပင့်ကြည့်လိုက်သည်။

"၉နာရီထိုးဖို့ (၁၅)မိနစ်"

မကြာခင် သော်သော် ရောက်လာတော့မည်။

ယမင်းခုတင်ခေါင်းရင်းမှ စာအိတ်ထဲသို့ချိတ်ပိတ်ရန် ထည့်အံ့ဆဲဆဲ ဒိုင်ယာရီစာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်ပါ၏။

ထိုဒိုင်ယာရီက ယမင်းမွေးနေ့မှာ သားသားလက်ဆောင်ပေးထားသော ခြူးချစ်ချော၏ဒိုင်ယာရီ။ ယမင်း ပထမစာရွက်ကိုလှန်လိုက်သည်။

ဓာတ်ပုံအချို့ . . .

နောက် . . .



www.burmeseclassic.com

www.burmeseclassi.com

သူ့နှာမညှာက သားသား တို့ ခြူး တိုင်း မြေ ကျာ ကပ်

သူ က ရုပ် အရုမ်း သနိ့ တယ် ခြူး တိုင်း မြေ ကျာ ရဲ့

'ကင်း'

လိန့်တယ် ဖြတော မထင် ပါနဲ့ ကိုယ် ...

သူ ကို ခြူး မြင်မြင်ခြင်း ကတည်းက စိတ် ဝင်

စား သွား မိတာပါ။

တကယ် ပြောတာ ...

သူ ကို ခြူး ပထမ ဆုံး ရင်ခုန် သဲ တစ်ချက်

မှာ တင် ချစ် သွား တာ ...

တကယ်



သူ့မှာ ဆိုင် သူ ရှိ တယ် တဲ့

တကယ်ပဲ စိတ် မကောင်း ဘူး ကွာ ...

နှာမညှာ က ယမင်း ဆူ ခြူး တိုင်း မြေ ကျာ ကပ်

မျက်မှန် ပါး လေး နဲ့ ချစ်ဖို့ အရုမ်း ကောင်း

တယ်။ တယ်

မျက်မှန် မတပ် ရင် လည်း တမူး ကြည့်

လို့ ကောင်း တယ်၊

သား သား သူ့ ကို အရုမ်း ချစ် မှာ ပဲ နော်

ယမင်း ဆူ ကံကောင်း လိုက်တာ။



www.burmeseclassic.com

www.burmeseclassi.com

ဒီနေ့ ဖေဖေက အိမ်ကို မိန်းမတစ်ယောက်

ခေါ်လာတယ်။

သူနဲ့ လက်ထပ်မှာတဲ့

ချိုး လက်မခံနိုင်ဘူး။ ဘယ်လိုနည်းနဲ့

မှ ချိုး လက်မခံနိုင်ဘူး။

ချိုး မိထွေးနဲ့ မနေပါရစေနဲ့ ဖေဖေရယ်။

ချိုး တောင်းပန်ပါတယ်။

သူငယ်ချင်းတွေက ပြောတယ် မိထွေးတွေဟာ

တမင်ကလဲ ပြီး ကြမ်းတဲ့ မိထွေးတွေက . . .



စီးကရက် တစ်ဘူးပဲ ပိုးဖိုး ကျွေးတော့တာ။

ဒီတစ်ခါ ပိုးနိုင်ရင် ချိုး နိုင်ပြီ။

ချိုး နိုင်သွားရင် ကတိအတိုင်း သားသားက

ချိုးကို

ချစ်တယ်လို့ ပြောရမှာနော်

ပျော်လိုက်တာ သားသားရယ် . . .။

ဒါပေမဲ့ သားသား ကတိမဖျက်ရဘူးနော်။

သားသား ကတိတည်မှာပါ ဟုတ်တယ်မလား . . .



www.burmeseclassic.com

www.burmeseclassi.com

ဒီနေ့လောက် မြူး ဘဝမှာ ပျော်တဲ့နေ့ ရှိတော့မှာ
မဟုတ်ဘူး

တစ်ဘဝလုံး တောင်းတခဲ့တဲ့ မြှောက်လင် ချက်
တစ်ခုကို ဖြည့်ဆည်း ပေးတဲ့ကြေး [illegible]
အရှုံး တင်ပါတယ် သားသားရယ်

ချစ်သူများနေ့မှာ သားသား မြူးကို မွေးလာလက်
လက်ဆောင်လေး တယ်နော်

အဲဒီနေ့ တစ်နေ့လုံး မြူး အသက်ရှူရတာ

တစ်မျိုးကြီး ပဲ အသက်ရှူ လည်း ဝဘူး

ကြောင်း တစ်ခုလုံး လည်း အုံ့ ခါ ရတယ်



ဒီမေမေ့ သားသား ရယ် မြူး မြှောက် ပါတယ်
သားသား ဖြင့် ဘွား ပြီ၊ မြူး ကြောက်ခဲ့မှာပဲ
မြူး အနုန်း တဲ့ ကို မြဲ သဲ တွေ အများကြီး

မြူး ဝင် လာတယ်

မေမေ့ ရဲ့ အငိုတကက်နဲ့ အကူညီတောင်းသံ

တွေ ကို လည်း ကြားရတယ်


မြူး မျက်လုံးတဲ့ မှာ အမှောင်တွေကလွဲပြီး

ဘာမှ မမြင်ရတော့ဘူး



www.burmeseclassic.com

www.burmeseclassi.com





ယမင်းစာအုပ်ကို ပိတ်လိုက်လေသည်။ ဘယ်နှစ်ခေါင်မြောက်မှန်းမသိသော စာသားတွေက အရင်လိုဝမ်းနည်းစိတ်ကို မဦးဆောင်နိုင်တော့။

ဒီဒိုင်ယာရီစာအုပ်လေးအား နောက်တစ်ကြိမ်ဖတ်ဖြစ်တော့မည်မဟုတ်တော့ပါ။ အကြောင်းကား . . .


သူမ စာအုပ်လေးအား အိတ်ထဲသို့ထည့်၍ ပိတ်လိုက်လေသည်။ ပြီး စာအိတ်ပေါ်မှာ လိပ်စာတစ်ခုတပ်လိုက်သည်။ ထိုအချိန်မှာပင် အောက်ထပ်မှ ကားဟွန်းတီးသံကို ကြားလိုက်ရသည်။ သူမအောက်ထပ်သို့ ပြေးဆင်းခဲ့ပါ၏။ အိမ်၏ပေါ်တီကိုအောက်တွင်ကား . . .

ကားတံခါးကိုဖွင့်၍ အသင့်စောင့်နေသော သော်သော်။

သူမကားထဲသို့ ဝင်ထိုင်အပြီးမှာပင်

"စာသွားထည့်မှာမဟုတ်လား"

"အင်း"





www.burmeseclassic.com

www.burmeseclassi.com

# XXIV

ဒီနေ့ ကျောင်းတွေပြန်ဖွင့်သောနေ့။ ဒီလိုနေ့မျိုး ရှိတော့ရှိသည်။ ဒါပေမယ့် တော်တော်ရှားပေလိမ့်မည်။ အကြောင်းကား ပထမဆုံး ကျောင်းတက်ရက်သည် သောကြာနေ့။

ကျောင်းဆင်းချိန်ဖြစ်သည့်အတွက် ကျောင်းလမ်းတစ်လျှောက်တွင် လူတွေရှုံးစုရှုံးစုဖြစ်နေသည်။ ကျောင်းဝနားရောက်ခါနီးလေ ပိုတိုးရလေဖြစ်နေပါ၏။ အကြောင်းရှိသည်။ သောကြာနေ့၏ ထုံးစံအတိုင်း ကျောင်းဝ၌ ကလေးနှစ်ယောက် လက်ကမ်းစာစောင်တွေဝေနေသည်။

ထိုစာစောင်ကို ကျောင်းသားများက ဝမ်းသာအားရယူကြသည်။ ကျောင်းသူများက မဆို့တရို့ရှိုးကြသည်။ နောက်တစ်ပတ် တနင်္လာနေ့အတွက် ကြိုတင်ရင်ခုန်နေသောမျက်နှာတွေ ပေါ်နေပါ၏။

သော်သော် စာတစ်စောင်အားယူ၍ ကြည့်လိုက်သည်။ စာရွက်ပေါ်တွင်ကား အောက်ပါအတိုင်း ရေးထားလေသည်။



"နဝိုလီယံ စစ်ရှုံးသောနေရာ"

မှတ်ချက် ။ ။ လိုင်စင်မှတ်ပုံသုံးပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း မိတ္တူနှင့် ချစ်ရေးဆိုမည့်မိန်းကလေးနာမည်တို့ကို တစ်ပါတည်းယူလာပါရန်။



www.burmeseclassic.com

www.burmeseclassi.com

"မင်းတို့ ဘယ်လိုထင်လဲ"

ဆိုင်းမဆင့်ဗုံမဆင့်မေးလိုက်သော သူ၏အမေးကို ရဲထွန်းနှင့် စိုင်းထက်က ကြောင်တောင်တောင်။

"ဘာကို ဘယ်လိုထင်ရမှာလဲ"

"ဒီဟာကိုပြောတာ"

ဟုဆို၍ သော်သော် ဘောင်းဘီအိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ပြလိုက်သည်။ စာရွက်ကို နှစ်ယောက်စလုံးမြင်ပြီးတော့မှ . . .

"မသိဘူး"

သံပြိုင်ထွက်လာသည်။ ပြီး စိုင်းထက်က နားမလည်သလို အမူအရာဖြင့် . . .

"နေစမ်းပါဦး၊ မင်းကဒီစာရွက်ကို ဘာလုပ်ဖို့ယူလိုက်တာလဲ။ နောက်တစ်ယောက် ထပ်တွဲမလို့လား"

"အေးလေကွာ . . . ယမင်းရှိနေလျက်သားနဲ့ မင်းက . . ."

ထိုစကားတွေကြောင့် သော်သော် ခေါင်းရမ်းလိုက်သည်။



"မဟုတ်ဘူး . . . မင်းတို့ပြောထားတဲ့စကားကို မင်းတို့မေ့နေပြီလား"

"ဘာလဲ"

အူလည်လည်ဖြင့် သူ့ကိုပြန်မေးကြသည်။

"စာချုပ်"

"ဘာလဲဟ . . . ဘာစာချုပ်လဲ"

ပို၍ပင် ကြောင်တောင်တောင်တွေ ဖြစ်ကုန်ကြပါ၏။

"လက်ရုံးရဲ့ No.2 စာချုပ်ကို တောင်းမလို့"

"ဟင်"

"မင်းတို့ပဲ ပြောထားတယ်လေ။ လက်ရုံးရဲ့ No.2 စာချုပ်မှာ လက်မှတ်ထိုးပြီးသွားမှ တရားဝင်ချစ်သူဖြစ်တာ။ စိတ်ချရတာဆို"

"အေးလေ"

"အဲဒါကြောင့် ငါလက်ရုံးကို အကူအညီတောင်းမလို့ ဒီစာရွက်ကိုယူလိုက်တာ"

"သြော်"

အခုမှ သဘောပေါက်သွားကြဟန်တူသည်။

"ဒါဆို မင်းအဖြေရပြီလား"

"မရသေးဘူး၊ ဒါပေမယ့် နီးနီးစပ်စပ်တော့ တွေးမိထားတယ်"

"လုပ်စမ်းပါဦး . . . စိတ်ဝင်စားလို့"

"ဒီလိုကွာ"

ဟုဆို၍ သော်သော်က ခုနစာရွက်ပေါ်တွင် လက်ထောက်၍ ရှင်းပြလိုက်သည်။

"နပိုလီယံစစ်ရှုံးတာက ဝါတာလူးစစ်ပွဲမှာ ရှုံးတာကွ။ နပိုလီယံကိုဖြုတ်ချလိုက်တာက အင်္ဂလိပ်ဗိုလ်ချုပ်ကြီး ဝယ်လင်တန်။ ဒါကထားပါ။ အခုကိစ္စက ဝယ်လင်တန်နဲ့မဆိုင်ပါဘူး။ အဓိကက နေရာကိုပဲ စဉ်းစားရမှာ . . .




www.burmeseclassic.com

www.burmeseclassi.com

နပိုလီယံ စစ်ရှုံးတာက ဝါတာလူးစစ်ပွဲ။ အဲမှာ ငါက ဝါတာလူးကို ဒီလိုတွေးလိုက်တယ်ကွာ"

ဟုဆို၍ သော်သော်က သူ၏အတွေးကို စာရွက်တွင်ချရေးပြသည်။




"အဲလိုဆိုတော့ . . . ရေလူးဆိုပြီးထွက်တယ်ကွာ။ ဒီတော့ ကျောင်းမှာ ရေလူးလို့ရတဲ့နေရာ . . . ရှင်းရှင်းပြောရရင် ရေကူးလို့ရတဲ့နေရာကွာ . . . ရှိလား"

စိုင်းထက်နှင့်ရဲထွဋ်တို့နှစ်ယောက် တွေဝေသွားကြသည်။ စဉ်းစားသွားကြသည်ထင်ပါ၏။ အတော်ကြာမှ ရဲထွဋ်က ဝမ်းသာအားရဖြင့်

"ဟာ . . . သမိုင်းဆောင်ဘေးကကန်မှာ ကူးလို့ရတယ်"

"ဟုတ်လို့လား"

သော်သော်သေချာရန် ထပ်မေးလိုက်သည်။

"ပေါ်တင်တော့ ဘယ်ဟုတ်မလဲကွာ။ ခိုးကူးရင်ရတာပေါ့။ ငါတောင် မနှစ်ကကူးဖူးတယ်"

ဒီလောက်ဆိုဖြစ်သွားပေပြီ။

"ဟုတ်ပြီ . . . တနင်္လာနေ့မနက် အဲဒီမှာ သွားစောင့်မယ်"



# XXV

သော်သော်၊ စိုင်းထက်နှင့်ရဲထွဋ်တို့သုံးယောက် ရေကန်တွင် ကင်းပုန်းဝပ်နေသည်။ ရန်သူကိုချောင်းနေခြင်းတော့မဟုတ်၊ မိတ်ဆွေဖွဲ့ရန် စောင့်နေခြင်း။

"ဟော့ကောင် . . . ဟုတ်ပါ့မလား"

"ဟုတ်ပါတယ်ကွာ။ ဒီနေရာပဲ ဖြစ်မှာပါ"

သူတို့ တိုးတိုး တိုးတိုးဖြင့် ပြောကြသည်။ သော်သော့်တွက် ကိန်းမှန်သွားပါ၏။ မကြာပါ။ ရေကန်ဆီသို့ဦးတည်၍ လူတစ်ယောက် လျှောက်လာသည်။

သင်္ချာကင်း သော်သော်ပင် မနာလိုဖြစ်သွားရပါ၏။ တော်တော်မိုက်သည်။ ရေလည်လန်းသည်။ စတိုင်ကျသည်။

"အဲဒါ . . . လက်ရုံး"

စိုင်းထက်၏စကားအဆုံးမှာ သော်သော် ထွက်ဂျွေ့လိုက်လေတော့သည်။ ထို့နောက်ဟော့ . . .



www.burmeseclassic.com

www.burmeseclassi.com

အချိန်အားဖြင့် သိပ်မကြာလိုက်ပါ။ မကြာသေးသောအချိန်တစ်ခုမှာပင် သူတို့တွေအဆင်ပြေသွားကြပါ၏။ နောက် . . .

သော်သော့်လက်ထဲတွင် စာရွက်တစ်ရွက်ပါသွားသည်။ တိတိကျကျပြောရလျှင် စာချုပ်တစ်ခု။



# XXVI

ကန်တင်းထဲ၌ ယမင်းတစ်ယောက်တည်း ထိုင်နေသည်။ သူမ တစ်စုံတစ်ယောက်ကို မျှော်နေပါ၏။ မကြာပါ သော်သော်ရောက်လာသည်။

"စောလှချည်လား . . . ယမင်း"

သော်သော့်စကားကြောင့် ယမင်းက မျက်စောင်းလှလှတစ်ခုဖြင့် တုံ့ပြန်သည်။

"သူ့ပဲ စောစောလာခဲ့ဆိုပြီးတော့"

သော်သော် ပြုံးမိသွားလေသည်။ ပြီးတော့ သူ စားစရာတစ်ခု မှာလိုက်သည်။ ထိုစဉ်မှာပင် . . .

"သော် . . . ပြောတော့လေ"

"ဘာလဲ"

"သော်ပဲ ဒီနေ့ပြောပြမယ်ဆို"

"ဟင် . . . ဘာပြောပြရမှာလဲ"



www.burmeseclassic.com

www.burmeseclassi.com

သော်သော် ရယ်ချင်စိတ်ကိုဖုံးဖိ၍ ယမင်းကိုစလိုက်သည်။

"ဟာကွာ . . . သော်နော်"

ယမင်း နှုတ်ခမ်းကိုကိုက်ကာ သူ့အား မျက်စောင်းထိုးသည်။

"ဟုတ်တယ်လေ . . . ဘာပြောပြခိုင်းတာမှန်းမသိဘဲနဲ့ ဘာကို ပြောပြရမှာလဲ"

သူ့စကားကြောင့် ယမင်းက ဆောင့်ကြီးအောင့်ကြီးဖြင့်

"ဒီဟာကိုပြောတာ . . . ဒီဟာကိုပြောတာ"

ဟုဆို၍ လွယ်အိတ်ထဲမှ စာရွက်တစ်ရွက်ထုတ်ပေးသည်။ သော်သော်ယူ၍ကြည့်လိုက်ပါသည်။ ထိုဟာက သူ ယမင်းကို ပထမဆုံး မိုးပျံပူဖောင်းဖြင့်ပေးခဲ့သော ကာတွန်းပုံစာရွက်လေး . . .

"ဩော် . . . ယမင်းက ဒီထဲက ကောင်လေးပေးတဲ့စာထဲမှာ ဘာပါလဲသိချင်တာလား"

"ဟုတ်တယ်"

"အဲဒါဆိုရင်တော့ သော်မပြောပြတော့ဘူး။ ယမင်းဘာသာပဲ ဖောက်ကြည့်တော့။ ရော့ . . . စာရွက်ထဲကကောင်လေးပေးတဲ့စာ။ စာထဲက ကောင်လေးလိုတော့ ဒူးထောက်မပြတော့ဘူးနော်"

သော်သော် စာအိတ်တစ်အိတ်ထုတ်ပေးလိုက်သည်။ ယမင်းကပျာကရာပင်ယူကာ ဖောက်ကြည့်လိုက်ပါ၏။

စာအိတ်ထဲတွင် တွေ့ရသည်ကား . . .



သူတို့နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပြုံးမိသွားလေသည်။ ပြီးနောက် ဘောလ်ပင်ကိုယ်စီ ထုတ်လိုက်ကြ၍ . . .



www.burmeseclassic.com

www.burmeseclassi.com

Q. သော်သော်နဲ့ ယမင်း ဘာလုပ်ကြမယ်လို့ ခင်ဗျားတို့ထင်လဲ?

A. ထိုးမှာပေါ့ဗျာ။

Q. ရှင်းရှင်းပြောပါ။ ဘာထိုးမှာလဲ?

A. ဩော် . . . ဟို . . . စာချုပ်မှာ လက်မှတ်ထိုးမှာလို့ . . .

BURMESE CLASSIC .com

သိုးဆောင်း

မြန်မာစံတော်ချိန် မွန်းလွဲတစ်နာရီ
နှစ်ဆယ့်ရှစ်မိနစ်ရှိပါပြီခင်ဗျာ



www.burmeseclassic.com